မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၄ ရက် | ၂၀၂၂ ခုနှစ်၊ မေ ၁၈ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၁)၊ အမှတ် (၂၂၅)

သူတော်ကောင်းတရားမှ မဆုတ်ယုတ်

တရားလျှင် မွေ့လျော်ရာရှိသော၊ တရား၌ မွေ့လျော်တတ်သော၊ တရားကို အဖန်ဖန်ကြံစည်တတ်သော၊ တရားကို အဖန်ဖန်အောက်မေ့တတ်သော ရဟန်းသည် သူတော်ကောင်းတရားမှ မဆုတ်ယုတ်။

ဘိက္ခုဝဂ် (၈မွမပဒ-၃၆၄)

(၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဘိလိယက်အားကစားနည်းမှ ရွှေတစ်ခု၊ သေနတ်ပစ်အားကစားနည်းမှ ငွေတစ်ခု၊ ပီတန်းအားကစားနည်းမှ ကြေးတစ်ခုနှင့် ကန္ဒီးလှေလှော်အားကစားနည်းမှ ကြေးတစ်ခု ထပ်မံဆွတ်ခူးရရှိ

ဗီယက်နမ် မေ ၁၇

ဗီယက်နမ်နိုင်ငံ၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများကို မြို့အသီးသီးရှိ အားကစားကွင်း/ အားကစားရုံများ၌ ကျင်းပလျက်ရှိရာ ယနေ့ မြန်မာစံတော်ချိန် နံနက် ၉ နာရီခွဲတွင် ဗီယက်နမ်နိုင်ငံ ဟန္ဒိုင်းမြို့ရှိ Ha Dong အားကစားရုံ၌ ဘိလိယက်/ စနူကာ အားကစားနည်းမှ English Billiards တစ်ဦးချင်း ဗိုလ်လုပွဲ ပွဲစဉ်တွင်

စာမျက်နှာ ၁၆ ကော်လံ ၁ ◆

ဘိလိယက်/ စနူကာ အားကစားနည်းတွင် ရွှေတံဆိပ်ဆုရ မြန်မာအားကစားသမား ပေါက်စ ဆုယူပြီး ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်း၏ တာဝန်ရှိသူများနှင့်အတူ တွေ့ရစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့် အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

Online လျှောက်ထားနိုင်သည့် e-Visa စနစ်တွင် Tourist Visa အား ထပ်မံတိုးမြှင့်ခွင့်ပြုကြောင်း အသိပေးကြေညာ

၁။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသည် နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံသူများ ၊ လုပ်ငန်းရှင်များ အဆင်ပြေချောမွေ့စွာ မိမိနိုင်ငံသို့ လာရောက်နိုင်ရန်အတွက် Online e-Visa (Business) လျှောက်ထားမှုလုပ်ငန်းစဉ်အား (၁-၄-၂၀၂၂) ရက်နေ့မှစ၍ ပြန်လည်စတင်ဆောင်ရွက်ခဲ့သည့်အပြင် နိုင်ငံတော်မှလည်း နိုင်ငံတကာလေကြောင်းလိုင်း ခရီးစဉ်များအား ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကျန်းမာရေးသတ်မှတ်ချက်များနှင့်အညီ ပြန်လည်ပြေးဆွဲခွင့်ပြုခဲ့သဖြင့် ယခုအခါ နိုင်ငံခြားသားခရီးသွားများ တိုးတက်ဝင်ရောက်လျက်ရှိနေပြီဖြစ်ပါသည်။

၂။ အလားတူ နိုင်ငံတော်၏ ခရီးသွားလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းတွင် အိမ်နီးချင်းနိုင်ငံများနှင့် ဟန်ချက်ညီဆောင်ရွက်သွားနိုင်ရန် ရည်ရွယ်ချက်ဖြင့် e-Visa (Tourist) အမျိုးအစား လျှောက်ထားမှုများအား (၂၀-၅-၂၀၂၂) ရက်နေ့မှစ၍ တိုးမြှင့်ခွင့်ပြုဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၃။ Online e-Visa (Tourist) လျှောက်ထားရန် လိုအပ်သည့် သတ်မှတ်ချက်များအား မိမိဝန်ကြီးဌာန၏ Website လိပ်စာ https://evisa.moip.gov.mm တွင် ဝင်ရောက်ကြည့်ရှုလေ့လာ၍ လျှောက်ထားနိုင်ပြီဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၄) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ ကျင်းပမည်

နေပြည်တော် မေ ၁၇

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၄) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို မေ ၁၉ ရက်မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးရုံး စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါသတင်းစာရှင်းလင်းပွဲသို့ တက်ရောက်ရန် ပြည်တွင်း/ ပြည်ပ သတင်းမီဒီယာများအား ဖိတ်ကြားထားကြောင်း သိရသည်။

သတင်းစဉ်

ယနေ့ ဖတ်စရာ

မြန်မာများ သိသင့်သော ကုလသမဂ္ဂဆိုင်ရာ အခြေခံအချက်လေးချက် — ဆောင်းပါး — စာ - ၈

၂၀၂၂ ခုနှစ် အပြည်ပြည်ဆိုင်ရာ ပြတိုက်များနေ့ — အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့ ဂုဏ်ပြုဆောင်းပါး — စာ - ၁၁

မြန်မာ့မွေးမြူရေးသုတေသနအတွက် မော်ကွန်းသစ်ဖွင့်လှစ်ခြင်း — ဆောင်းပါး — စာ - ၂၀

နိုကာယ်စာမေးပွဲကျင်းပမည်

နေပြည်တော် မေ ၁၇

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက နှစ်စဉ်ကျင်းပမြဲဖြစ်သော ၂၀၂၂ ခုနှစ်၊ အစိုးရနိုကာယ်စာမေးပွဲကို ၁၃၈၄ ခုနှစ်၊ နယုန်လဆန်း ၉ ရက်မှ ၁၃ ရက်အထိ (၂၀၂၂ ခုနှစ်၊ ဇွန် ၇ ရက်မှ ၁၁ ရက်အထိ) ငါးရက်တိုင်တိုင် သတ်မှတ်ထားသည့် စာဖြေဌာနများ၌ တစ်ပြိုင်နက်တည်း ကျင်းပသွားမည်ဖြစ်ပါသဖြင့် ဖြေဆိုရမည့် ကျမ်းစာအလိုက် သတ်မှတ်ထားသော ရက်အတိုင်း နေ့စဉ်မွန်းလွဲ ၁ နာရီမှ ညနေ ၅ နာရီအထိ ဖြေဆိုခွင့်ပြုမည်ဖြစ်သည်။

စာမေးပွဲအချိန်စာရင်းများကို သက်ဆိုင်ရာ မြို့နယ်သံဃနာယကအဖွဲ့ရုံးများသို့ ဆက်လက်ပေးပို့သွားမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

သတင်းစဉ်

ကဆုန်လပြည့်(ဗုဒ္ဓနေ့)တွင် သံဃာတော် ၁၀၂၆၄ ပါးတို့ကို ပစ္စည်းလေးပါး လောင်းလှူပွဲ ရတနာပုံဥယျာဉ်ဖွင့်ပွဲနှင့် မဟာသင်္ကြန်ဖွင့်ပွဲတို့တွင် ပါဝင်ဆောင်ရွက်ခဲ့ကြသူများအား ဂုဏ်ပြုဆုချီးမြှင့်

နေပြည်တော် မေ ၁၇

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် ကဆုန်လပြည့် (ဗုဒ္ဓနေ့) တွင် သံဃာတော် ၁၀၂၆၄ ပါးတို့ကို ပစ္စည်းလေးပါး လောင်းလှူပွဲ၊ ရတနာပုံ ဥယျာဉ်ဖွင့်ပွဲနှင့် မဟာသင်္ကြန်ဖွင့်ပွဲတို့တွင် ပါဝင်ဆောင်ရွက်ခဲ့သည့် ပုဂ္ဂိုလ်များအား ဂုဏ်ပြုချီးမြှင့်ခြင်းကို ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးမြို့မြို့တော်ခန်းမ၌ ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကို၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ကိုကိုဦးနှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် ဂုဏ်ပြုချီးမြှင့်ခံရသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားသည်။ ထို့နောက် ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ကဆုန်လပြည့် (ဗုဒ္ဓနေ့) တွင် သံဃာတော် ၁၀၂၆၄ ပါးတို့ကို ပစ္စည်းလေးပါး လောင်းလှူပွဲ၊ ရတနာပုံ ဥယျာဉ်ဖွင့်ပွဲနှင့် မဟာသင်္ကြန် ဖွင့်ပွဲတို့တွင် ပါဝင်ဆောင်ရွက်ခဲ့ကြ သူများအား အထိမ်းအမှတ် ပစ္စည်းများ ပေးအပ်ကြရာ (**အပေါ်ပုံ**) ဂုဏ်ပြုချီးမြှင့်ခြင်း ခံရသူများကိုယ်စား တာဝန်ရှိသူ တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က တက်ရောက်လာကြသည့် ဧည့်သည်တော်များနှင့် ဂုဏ်ပြုချီးမြှင့်ခြင်း ခံရသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများ ဆွမ်းဆန်တော် လှူဒါန်းခြင်းများ ဆောင်ရွက်

နေပြည်တော် မေ ၁၇

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်းအရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီ နယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိ ဥာဏဂုဏ်ရည်စာသင်တိုက်သို့လည်းကောင်း၊ ကချင်ပြည်နယ် မိုးညှင်းမြို့နယ်ရှိ ပရမအာရုံပြုနည်းပြကျောင်းတိုက်သို့လည်းကောင်း၊ ကရင်ပြည်နယ် မြဝတီမြို့နယ်ရှိ ဗောဓိပရိယတ္တိ စာသင်တိုက်သို့ လည်းကောင်း၊ စစ်ကိုင်းတိုင်း ဒေသကြီး ကန့်ဘလူမြို့နယ်ရှိ သစ္စာတံခွန် မိုးကုတ်ရိပ်သာ ကျောင်းတိုက်သို့ လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်ရှိ မဟာထူပါရုံပရိယတ္တိ စာသင်တိုက်သို့ လည်းကောင်း၊ ရှမ်းပြည်နယ် လားရှိုးမြို့နယ်ရှိ နတ်ရေကန် သောဘိတာရာမ ပရိယတ္တိစာသင်တိုက်သို့ လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို တာဝန်ရှိသူများက သွားရောက်ဆက်ကပ် လှူဒါန်းကြကြောင်း သိရသည်။

သတင်းစဉ်

မြန်မာနိုင်ငံစာရေးဆရာအသင်း တတိယအကြိမ်ညီလာခံကျင်းပရန် ငွေလှူဒါန်း

ရန်ကုန် မေ ၁၇

မြန်မာနိုင်ငံ စာရေးဆရာအသင်း တတိယအကြိမ်ညီလာခံကျင်းပရန်အတွက် အလှူရှင်များက အလှူငွေများလှူဒါန်းကြရာ စာရေးဆရာ စိုးတင့်(ဧရာဝတီ) မိသားစုက အလှူငွေကျပ် နှစ်သိန်း၊ စာရေးဆရာ ဖေသောရီနှင့် သမီးဇွန်ပွင့်စံက အလှူငွေကျပ် တစ်သိန်း၊ စာရေးဆရာ အောင်ကြည်ညွှန့် (တက္ကသိုလ်) မိသားစုက ငွေကျပ်ငါးသောင်း ပေးအပ်လှူဒါန်းရာ ဘဏ္ဍာငွေရှာဖွေရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)နှင့်အသင်း အတွင်းရေးမှူး ဦးညွှန့်တင်(မောင်ငြိမ်းသူ-ကြို့ပင်ကောက်) တို့က လက်ခံရယူပြီး (**ယာပုံ**) ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

သတင်းစဉ်

မုတ်သုံလေ အားအသင့်အတင့်ရှိနေ

နေပြည်တော် မေ ၁၇

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ်မှ တိမ်အသင့် အတင့် ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ရှစ်ပေခန့်ရှိနိုင်သည်။

မိုး/ဧလ

မြန်မာ့အလင်း

စိုက်ပျိုးသမျှ ရှင်သန်စေရာ

မကြာမီကျရောက်လာတော့မည့် မိုးရာသီတွင် သစ်ပင်အမျိုးမျိုး စိုက်ပျိုးကြရန်အတွက် မြို့အသီးသီးတွင် ပြင်ဆင်နေကြပြီဖြစ်သည်။ အချို့ဒေသများတွင် မိုးရွာသွန်းမှုများလည်း ရှိနေရာ မိုးကြိုသစ်ပင်စိုက်ပျိုးပွဲများ ကျင်းပကြသည်ကိုလည်း သတင်းများတွင် တွေ့ရသည်။ ဒေသစိမ်းလန်းစိုပြည်ရေး၊ သစ်ပင်သစ်တောပြုန်းတီးမှုများကို ပြန်လည်အစားထိုးရေး၊ ဥတုသပ္ပါယမျှတစေရေးဟူသည့် ကောင်းသော ရည်ရွယ်ချက်များဖြင့် သစ်ပင်စိုက်ပွဲတော်များ ကျင်းပကာ သန်းနှင့်ချီသော သစ်ပင်များကို နှစ်စဉ်စိုက်ပျိုးလျက်ရှိသော်လည်း အောင်မြင်ဖြစ်ထွန်းမှု ရာခိုင်နှုန်းမှာ နည်းပါးနေသည်။

မိမိတို့နိုင်ငံသည် သစ်တောသယံဇာတကြွယ်ဝသည့် နိုင်ငံဖြစ်ခဲ့သော်လည်း လက်ရှိအခြေအနေတွင်မူ သစ်တောများ ပြန်လည်တည်ထောင်ရေးကို အလေးအနက်ပြုလုပ်နေရပြီဖြစ်သည်။ မြန်မာ့သစ်တောမူဝါဒနှင့်အညီ ကြိုးဝိုင်း/ကြိုးပြင် ကာကွယ်တောများကို နိုင်ငံဧရိယာစုစုပေါင်း၏ ၃၀ ရာခိုင်နှုန်း၊ သဘာဝနယ်မြေများကို နိုင်ငံဧရိယာ၏ ၁၀ ရာခိုင်နှုန်းအထိ ဖွဲ့စည်းနိုင်ရန် ဆောင်ရွက်နေရသည်။ သစ်တောနယ်မြေများ အတွင်း ကျူးကျော်မှုများမရှိစေရေး၊ သစ်တောနယ်မြေများ မလျော့ပါးရေး၊ သစ်ခိုးထုတ်မှုများ လျော့နည်းပျောက်ရေးတို့ကိုလည်း ဆောင်ရွက်လျက်ရှိသည်။

သစ်ပင်စိုက်ပျိုးပွဲများမှာ မြို့ပေါ်နှင့် မြို့အနီးဝန်းကျင် လမ်းဘေးဝဲယာများနှင့် သတ်မှတ်ရွေးချယ်ထားသည့် နေရာများတွင် အများအားဖြင့် စိုက်ပျိုးကြခြင်းဖြစ်သည်။ အားနည်းချက်များအနေဖြင့် စိုက်ပျိုးသည့်အပင်များ ငယ်ရွယ်နုနယ်သဖြင့် ရှင်သန်ကြီးထွားရန် အခွင့်အလမ်းနည်းခြင်း၊ စိုက်ပျိုးမှုများ စနစ်မကျခြင်း၊ စိုက်ပျိုးပြီးနောက် ဆက်လက်ပြုစုပျိုးထောင်မှုများ မရှိခြင်းတို့ကိုတွေ့ရပြီး စိုက်ပျိုးသည့် အပင်များစွာတို့ ပျက်စီးဆုံးရှုံးသွားမှုက များပြားသည်။ စိုက်ပျိုးသည့်သစ်ပင်များ ရှင်သန်နိုင်စေရန်အတွက် သေချာသော အရွယ်အစားအထိ ပြုစုပျိုးထောင်ပြီးမှ မြေချစိုက်ပျိုးရန်၊ ရေမြေဒေသရာသီဥတုတို့နှင့် ကိုက်ညီသည့် အပင်များကို ရွေးချယ်စိုက်ပျိုးရန်၊ စိုက်ပျိုးပြီးသည့်နောက်တွင် မပျက်မကွက် ဆက်လက်ပြုစုစောင့်ရှောက်သွားရန်နှင့် အကြောင်းကြောင်းကြောင့် ပျက်စီးသွားသည့် အပင်များနေရာတွင် အစားထိုးဖြည့်စွက်စိုက်ပျိုးခြင်းဖြင့်သာ သစ်ပင်စိုက်ပျိုးပွဲတော်တို့၏ ကောင်းကျိုးရလဒ်ကို အပြည့်အဝရရှိနိုင်မည်ဖြစ်သည်။

သစ်ပင်သစ်ရိပ်များဖြင့် စိမ်းလန်းစိုပြည်သည့် မြို့ရွာဒေသများမှာ ဒေသခံများ၏ ကျန်းမာရေးကို များစွာအထောက်အကူပြုကြောင်း ပညာရှင်များက အထောက်အထားများစွာ တွေ့ရှိထားကြသည်။ သစ်ပင်သစ်တောများက လေထုထဲမှ အမှုန်အမွှားများ၊ အဆိပ်အတောက်များကို ဖယ်ရှားနိုင်ပြီး လေထုကို သန့်စင်စေနိုင်သည်။ လေထုထဲတွင် အောက်ဆီဂျင်ဓာတ်များ ပြည့်ဝစေပြီး အရိပ်အာဝါသဖြင့် အေးမြစေကာ မြေအောက်ရေ သယံဇာတကိုလည်း ထိန်းသိမ်းပေးသည်။ သစ်ပင်သစ်တောများဖြင့် စိမ်းစိုသာယာသော ရှုခင်းမြင်ကွင်းများကလည်း လူတို့၏ စိတ်ပိုင်းဆိုင်ရာကို ကောင်းမွန်တိုးတက်စေသည်ဖြစ်ရာ မြို့ရွာဒေသများနှင့် သဘာဝတောတောင်များ စိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်များ စိုက်ပျိုးရေး၊ စိုက်ပျိုးသမျှ ရှင်သန်နိုင်ရေး အလေးဂရုပြုဆောင်ရွက်နိုင်ကြပါစေကြောင်း။ ။

တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများအား ပြန်လည်ဖိတ်ခေါ်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဦးတည်ချက် ၉ ရပ်ချမှတ်ဆောင်ရွက်လျက်ရှိရာ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးဆိုသည့် လူမှုရေးဦးတည်ချက်တစ်ရပ်ကို လည်း ထည့်သွင်းချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော်၏ လူစွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန် မျိုးဆက်သစ်လူငယ်များ၏ ပညာရည်မြင့်မားရေးအတွက် ပညာသင် အခွင့်အလမ်း ပုံမှန်ပြန်လည်ရရှိစေရေးကို အထူးအလေးထား ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

မျိုးဆက်သစ်လူငယ်များ၏ ပညာရေးကို ရှေးရှု၍ နိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းများကို ၁-၁၁-၂၀၂၁ ရက်နေ့တွင်လည်းကောင်း၊ အဆင့်မြင့်ပညာတက္ကသိုလ်/ ကောလိပ်များကို ၁၂-၅-၂၀၂၂ ရက်နေ့တွင်လည်းကောင်း ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ပါသည်။ ဆက်လက်၍ ၂၀၂၂-၂၀၂၃ ခုနှစ် ပညာသင်နှစ်အတွက် အခြေခံပညာသင်ကျောင်းများကို ၂-၆-၂၀၂၂ ရက်နေ့တွင် ပြန်လည်ဖွင့်လှစ်သွားမည်ဖြစ်ပါသည်။

အနာဂတ်၏ ခေါင်းဆောင်များ ဖြစ်လာကြမည့် မျိုးဆက်သစ်လူငယ်များ၏ ပညာရည်မြင့်မားရေးကို ဆောင်ရွက်ရာတွင် အခြေခံပညာရေးသည် များစွာအဓိကကျပါသည်။ အခြေခံပညာသင်ကြားကြမည့် ကျောင်းသားလူငယ်များ ပညာရည်နှိုးကို အပြည့်အဝသောက်စို့နိုင်ရန်နှင့် အရည်အသွေးပြည့်ဝပြီး ဆရာ၊ တပည့် အချိုးမျှတသည့် သင်ကြားမှုစနစ်ဖြစ်စေရန်အတွက် အတွေ့အကြုံရှိ ဆရာ/ ဆရာမများ လိုအပ်ပါသည်။ ခြိမ်းခြောက်အကျပ်ကိုင်ခံရမှုကြောင့် လည်းကောင်း၊ ငြိမ်းချမ်းစွာ ဆန္ဒပြမှုများတွင် ပါဝင်ခဲ့မိသောကြောင့် လည်းကောင်း စိုးရိမ်ကြောင့်ကြမှုများကြောင့် တာဝန်မှ ကင်းကွာခဲ့ကြသော ပညာရေးဝန်ထမ်း ဆရာ/ ဆရာမများ၊ ဝန်ထမ်းစည်းကမ်းဖြင့် အရေးယူခံထားရသည့် ဆရာ/ ဆရာမများအနေဖြင့် နိုင်ငံသားမျိုးဆက်သစ်လူငယ်များအတွက် စေတနာ၊ ဝါသနာ၊ အနစ်နာ ဟူသော နာသုံးနာကို ရှေးရှု၍ သင်ကြားရေးတာဝန်များကို ပြန်လည်ထမ်းဆောင်နိုင်ရန်အတွက် မိမိတို့၏ သဘောဆန္ဒအလျောက် မိမိတို့နောက်ဆုံးတာဝန်ထမ်းဆောင်ခဲ့ရာ ကျောင်းတည်ရှိသည့် မြို့နယ်ပညာရေးမှူးရုံးသို့ဖြစ်စေ၊ မိမိတို့လက်ရှိနေထိုင်ရာဒေသရှိ နီးစပ်ရာ မြို့နယ်ပညာရေးမှူးရုံးသို့ဖြစ်စေ သတ်မှတ်ပုံစံများ ဖြည့်စွက်ရန်နှင့် အယူခံလွှာတင်သွင်းရန်တို့အတွက် ၃၁ - ၅ - ၂၀၂၂ ရက်နေ့မတိုင်မီ သတင်းပို့ကြရန် ဖြစ်ပါသည်။

တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများအနက် တာဝန်ထမ်းဆောင်ရန် အကြောင်းအမျိုးမျိုးကြောင့် ခွင့်မဲ့ပျက်ကွက်နေသောဝန်ထမ်းများ၊ ဌာနဆိုင်ရာ စုံစမ်းစစ်ဆေးဆဲ ဝန်ထမ်းများနှင့် အယူခံတင်သွင်းသည့် ဝန်ထမ်းများအား တာဝန်ပျက်ကွက်ခဲ့သည့်ကာလများကို လစာမဲ့ခွင့်အဖြစ် သတ်မှတ်၍ ကြီးလေးသော ရာဇဝတ်မှုကျူးလွန်ထားသူများမှအပ တာဝန်ပြန်လည်ထမ်းဆောင်နိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
သတင်းထုတ်ပြန်ရေးအဖွဲ့

အဂတိလိုက်စားမှုတိုက်ဖျက်ရေး တက္ကသိုလ်အဆင့် ရည်ညွှန်းစာစောင်များ လွှဲပြောင်းပေးအပ်

ဖြောင့်မတ်တည်ကြည်မှုရှိသည့် ယဉ်ကျေးမှုကို စာသင်ကျောင်းများမှ စတင်ပျိုးထောင်ရမည်

နေပြည်တော် မေ ၁၇

အဂတိလိုက်စားမှုတိုက်ဖျက်ရေး တက္ကသိုလ်အဆင့် ရည်ညွှန်းစာစောင် (၂)နှင့် ဖြောင့်မတ်တည်ကြည်မှုနှင့် ကျင့်ဝတ်တက္ကသိုလ်အဆင့် ရည်ညွှန်းစာစောင် (၃) လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ (ယာပုံ)

အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်ဥက္ကဋ္ဌ ဦးတင်ဦး၊ ဒုတိယဝန်ကြီးများ၊ ကော်မရှင်အတွင်းရေးမှူးနှင့် ကော်မရှင်အဖွဲ့ဝင် ဦးမောင်မောင်တင့်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ပိုမိုအလေးထား

အခမ်းအနားတွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင် ဥက္ကဋ္ဌ ဦးတင်ဦးက တက္ကသိုလ်အဆင့် ရည်ညွှန်းစာစောင်များကို အဂတိလိုက်စားမှု တိုက်ဖျက်ရေး အသိပညာပေးအဖြစ် ရည်ညွှန်းကိုးကားနိုင်ရန်နှင့် သင်ခန်းစာများအဖြစ် ထည့်သွင်းရေးဆွဲသင်ကြားနိုင်ရန် ရည်ရွယ်ပြီး ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ခြင်း ဖြစ်ပါကြောင်း၊ အဂတိလိုက်စားမှု တိုက်ဖျက်ရာတွင် တရားစွဲဆိုအရေးယူရုံမျှဖြင့် အောင်မြင်နိုင်မည်မဟုတ်ကြောင်း၊ ဖြောင့်မတ်တည်ကြည်မှုရှိသည့် လူမှုအသိုက်အဝန်းကိုတည်ဆောက်ဖော်ဆောင်နိုင်မှသာ အဂတိလိုက်စားမှုကို ရှောင်ရှားနိုင်မည် ဖြစ်ပါကြောင်း၊ ကော်မရှင်အနေနှင့် အဂတိလိုက်စားမှုများကို တိုက်ဖျက်ရာတွင် ဖြောင့်မတ်တည်ကြည်မှုကို မြှင့်တင်ပေးသည့် အပြုသဘောဆောင်သော နည်းလမ်းကို ပိုမိုအလေးထား ကြိုးပမ်းအားထုတ်လျက်ရှိပါကြောင်း၊ ဖြောင့်မတ်တည်ကြည်မှုရှိသည့် ယဉ်ကျေးမှုကို စာသင်ကျောင်းများမှ စတင်ပျိုးထောင်ရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ကော်မရှင်ဥက္ကဋ္ဌ ဦးတင်ဦးက ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ညွန့်ဖေထံသို့ အဂတိလိုက်စားမှု တိုက်ဖျက်ရေး တက္ကသိုလ်အဆင့် ရည်ညွှန်းစာစောင် (၂)၊ ဖြောင့်မတ်တည်ကြည်မှုနှင့်ကျင့်ဝတ် တက္ကသိုလ်အဆင့် ရည်ညွှန်းစာစောင် (၃) ပြီး ဖြောင့်မတ်တည်ကြည်မှုနှင့် ကျင့်ဝတ်ကောင်းမွန်သည့် နိုင်ငံတည်ကြည်မှုရှိသည့် ယဉ်ကျေးမှုကို စာသင်ကျောင်းများမှ စတင်ပျိုးထောင်ရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ကော်မရှင်ဥက္ကဋ္ဌ ဦးတင်ဦးက ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ညွန့်ဖေထံသို့ အဂတိလိုက်စားမှု တိုက်ဖျက်ရေး တက္ကသိုလ်အဆင့် ရည်ညွှန်းစာစောင် (၂)၊ ဖြောင့်မတ်တည်ကြည်မှုနှင့်ကျင့်ဝတ် တက္ကသိုလ်အဆင့် ရည်ညွှန်းစာစောင် (၃) ပြီး ဖြောင့်မတ်တည်ကြည်မှုနှင့် ကျင့်ဝတ်ကောင်းမွန်သည့် နိုင်ငံတော်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးက ကော်မရှင် ဥက္ကဋ္ဌထံသို့ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက ယနေ့ လွှဲပြောင်းပေးအပ်သည့် တက္ကသိုလ်အဆင့် ရည်ညွှန်းစာစောင်များသည် ရည်ရွယ်ချက်ကောင်းများဖြင့် ပြုစုထုတ်ဝေခြင်းဖြစ်ကြောင်း၊ ကျောင်းသားလူငယ်များကို အဂတိလိုက်စားမှုကင်းစင်သားကောင်းများ ဖြစ်လာစေရေးအတွက် အထောက်အကူပြုနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ပညာရေးဝန်ကြီးဌာန အနေဖြင့် တက္ကသိုလ်အဆင့် ရည်ညွှန်းစာစောင်များကို သက်ဆိုင်ရာ တက္ကသိုလ်များသို့ ဆက်လက်ပေးပို့ဖြန့်ဝေပြီး တက္ကသိုလ်စာကြည့်တိုက်များတွင် ထားရှိကာ ကျောင်းသားများ ဖတ်ရှုလေ့လာစေ၍ အသိပညာပေးရေးဆိုင်ရာ အခမ်းအနားများ၊ ဆွေးနွေးပွဲများ ကျင်းပဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

အခမ်းအနားတွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်က ပညာရေးဝန်ကြီးဌာနသို့ အဂတိလိုက်စားမှု တိုက်ဖျက်ရေး တက္ကသိုလ်အဆင့် ရည်ညွှန်းစာစောင် (၂)၊ ဖြောင့်မတ်တည်ကြည်မှုနှင့် ကျင့်ဝတ် တက္ကသိုလ်အဆင့် ရည်ညွှန်းစာစောင် (၃) စာအုပ် စုစုပေါင်း အုပ်ရေ ၄၀၀၀ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

အပူပိုင်းဒေသ ရေဖူလုံစွာရရှိရေးနှင့် ဒေသဝမ်းစာဖူလုံရေး ကွင်းဆင်းဆောင်ရွက်

နေပြည်တော် မေ ၁၇

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် ယနေ့နံနက်ပိုင်းက ညောင်ဦးမြို့နယ် ငါ့သရောက်လျှပ်စစ်မြစ်ရေတင်သို့ရောက်ရှိပြီး ပင်မရေတင်စခန်းနှင့် ရေပေးဝေနေမှုကို လည်းကောင်း၊ ဆိုလာစနစ်အသုံးပြု၍ ထပ်ဆင့်ရေတင်နေမှုကို လည်းကောင်း၊ ရေတင်စနစ်ဖြင့် စိုက်ပျိုးထားသည့် မိုးကြိုပဲတီစိမ်း မျိုးသန့်မျိုးပွားစိုက်ခင်းကိုလည်းကောင်း၊ လက်ပံခြေပေါ်ဆိုလာစနစ်သုံး ထပ်ဆင့်မြစ်ရေတင်လုပ်ငန်း အခြေအနေများကို လည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

ယင်းနောက် မိတ္ထီလာမြို့ လယ်ယာသုံးစက် ကိရိယာ ကျွမ်းကျင်မှု ဗဟိုသင်တန်းကျောင်းသို့ရောက်ရှိပြီး ဌာနအတွင်း သင်ကြားရေး ဆရာ ဆရာမများ အနေဖြင့် သင်ယူမှု၊ သင်ကြားမှု ဆိုင်ရာ နည်းစနစ်များ၊ အကဲဖြတ်စမ်းစစ်ချက်ဆိုင်ရာ နည်းစနစ်များကို စနစ်တကျ ဆောင်ရွက်ကြစေလိုကြောင်း၊ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို သင်ကြားပို့ချ ကြစေလိုကြောင်း၊ လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေးဆိုင်ရာ အသိပညာများကို စနစ်တကျ သင်ကြားပို့ချကြစေလိုကြောင်း မှာကြားသည်။

ထို့နောက် ပျော်ဘွယ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ချောင်းမကြီး မျိုးသန့်ခြံသို့ ရောက်ရှိပြီး တောင်သူများအား စပါးမျိုးစေ့နှင့် ဝါမျိုးစေ့များ ပေးအပ်သည်။ ဆက်လက်၍ အင်ကြင်းကန်ကျေးရွာ၊ နွေစပါး တစ်ဧက တင်း ၁၂၀ ထွက်ရှိရေး စံပြကွက်တောင်သူ ဦးဆန်းမင်းအောင်၏ သီးထပ်ရင်စိုက်ကွင်းသို့ ရောက်ရှိပြီး တောင်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံကာ တောင်သူများ လိုအပ်ချက်များအား ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ရမည်းသင်းမြို့ ကျီးနီကန်ရေလှောင်တမံ ရေသိုလှောင်မှု၊ တမံကြံ့ခိုင်မှုအခြေအနေများကို လည်းကောင်း၊ ရမည်းသင်းမြို့နယ် ရွာတန်းလယ်ယာရပ်စုအိုင်ပုတ် ကျေးရွာအနီးရှိ သစ်ဆုံရေလှောင်တမံရေဝင်ရောက်မှု၊ ရေလှောင်တမံ ကြံ့ခိုင်မှု၊ ရေပေးဝေမှု အခြေအနေများကို လည်းကောင်း လိုက်လံကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ နေ့ဆွမ်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်း

နေပြည်တော် မေ ၁၇

တပ်မတော်(ကြည်း၊ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင်အလှူရှင်များက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်တောင်ပိုင်း မိုင်းနောင်မြို့နယ်ရှိ သီရိနန္ဒာဝတီကုန်းတော် ဘုန်းတော်ကြီးကျောင်းတိုက်နှင့် မင်္ဂလာရန်အောင် ဘုန်းတော်ကြီးကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဖောင်ကြီးကျေးရွာရှိ ဇော်ဂျီကျောင်းတိုက်၊ ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့ ခဲဘောင်ကျောင်းတိုက်၊ မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ရေလယ်ရံကျောင်းတိုက်တို့ရှိ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ နဝကမ္မအလှူငွေများ၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ၊ နေ့ဆွမ်းများနှင့် လှူဖွယ်ပစ္စည်းများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက သွားရောက် ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

မြစ်ကြီးနားမြို့ လောကမာရ်အောင် ဆုတောင်းပြည့်စေတီတော်မြတ်ကြီး၌ အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ပဋ္ဌာန်းသိမ်းအောင်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပ

နေပြည်တော် မေ ၁၇

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ လောကမာရ်အောင် ဆုတောင်းပြည့် စေတီတော်မြတ်ကြီး၌ ကချင်ပြည်နယ် အစိုးရအဖွဲ့က ကြီးမှူး၍ ငါးရက်တိုင်တိုင် ရွတ်ဖတ်ပူဇော်ခဲ့သည့် အသံမစဲ မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ ပဋ္ဌာန်းသိမ်းအောင်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ယနေ့ နေ့လယ်ပိုင်းတွင် အဆိုပါ စေတီတော်မြတ်ကြီး ရင်ပြင်တော်၌ ကျင်းပရာ မြစ်ကြီးနားမြို့ အောင်နန်း မဟာစည်သာသနာ့ရိပ်သာကျောင်းတိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တအာဒိစ္စအမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ် မြတ်သက်ဦးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စေတနာရှင် အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက် လာကြသူများက သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းပြီး မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ ပဋ္ဌာန်းသိမ်း အောင်ပွဲကို နမောတဿ သုံးကြိမ် ရွတ်ဆို၍ ဖွင့်လှစ်ကြသည်။ ထို့နောက် အောင်နန်း မဟာစည် သာသနာ့ရိပ်သာ ကျောင်းတိုက် ဆရာတော်ထံမှ ငါးပါးသီလခံယူ ဆောက်တည်၍ သံဃာတော်များ ထံမှ မေတ္တာသုတ်ပရိတ်တရား တော်များကို နာယူကြသည်။ ယင်းနောက် တိုင်းမှူးနှင့် အလှူရှင်များက သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး အောင်နန်း မဟာစည် သာသနာ့ရိပ်သာကျောင်း တိုက်ဆရာတော်ထံမှ အနုမောဒနာတရားနာယူကြသည်။

ဆက်လက်၍ အသံမစဲ မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ အောင်မြင်ခြင်း အထိမ်းအမှတ် အဖြစ် သံဃာတော် ၃ဖ ပါးတို့အား တိုင်းမှူးနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဌာနဆိုင်ရာများနှင့် စေတနာရှင် အလှူရှင်များက ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လောင်းလှူခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

မိဘပြည်သူများသို့ အသိပေးကြေညာခြင်း

အသက် (၁၆) နှစ်နှင့်အထက် အကျုံးဝင်သူများအား ဥပဒေအရ ကိုင်ဆောင်သင့်သည့် ကတ်တစ်မျိုးမျိုး ထုတ်ပေးရေးအတွက် "**ပန်းခင်း**"စီမံချက်ဖြင့် ရုံးတွင် ဆောင်ရွက်ပေးခြင်း၊ ကွင်းဆင်းဆောင်ရွက်ပေးခြင်း၊ လိုအပ်သည့်နေရာများတွင် တစ်အိမ်တက်ဆင်း ဆောင်ရွက်ပေးခြင်းများကို (၃-၅-၂၀၂၁)မှ (၃-၁၁-၂၀၂၂) နေ့အထိ နိုင်ငံတစ်ဝန်းလုံးတွင် နေ့စဉ်ရက်ဆက် ဆောင်ရွက်ပေးလျက်ရှိသည်။

ယခုအခါ လိုအပ်ချက်အရ ပြည်သူများအနေဖြင့် ခရီးသွားလာ ရာတွင်လည်းကောင်း၊ တည်းခိုနေထိုင်ရာ နေရာများတွင် လည်းကောင်း၊ နိုင်ငံသားကတ် (မှတ်ပုံတင်) ပြသဆောင်ရွက်ရသည့် လုပ်ငန်းများတွင်လည်းကောင်း တရားဝင်ထုတ်ပေးထားသော နိုင်ငံသားကတ် (မှတ်ပုံတင်)ကို (၁-၄-၂၀၂၂) နေ့ (၆:၀၀) နာရီမှစ၍ ပြသစစ်ဆေး ခံရမည်ဖြစ်ပါသည်။

နေ့စဉ်ရက်ဆက်ဆောင်ရွက်ပေးနေမှုကြောင့် နိုင်ငံသားကတ် (မှတ်ပုံတင်) အစား ထောက်ခံစာများကို ပြသ၍ ခရီးသွားလာခြင်း၊ အစစ်ဆေးခံခြင်းများအား ခွင့်ပြုတော့မည်မဟုတ်ပါ။

နိုင်ငံသားကတ်(မှတ်ပုံတင်)အတု ကိုင်ဆောင်ခြင်းနှင့် ကတ်အပို ထားရှိကိုင်ဆောင်ခြင်းများသည် တည်ဆဲဥပဒေများအရ ပြစ်မှုမြောက်ပါကြောင်း အသိပေးအပ်ပါသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေး အဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရ အဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကဒ်ပြား မိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓါတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ် တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ် တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဧယျဒ္ဓာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ် (၁၄၄)၊
ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊ ၀၆၇-၈၁၀၃၃၃၄
Email Address – accm@accm.gov.mm ।
Website Address – http://www.accm.gov.mm

ရွှေတောင်မြို့နယ်၌ ၄ာ်ပျောလ္ပျော်တန်ဖိုးမြင့်ထုတ်ကုန်ထုတ်လုပ်မှုသင်တန်းဆင်း

ရွှေတောင် မေ ၁၇

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့နယ် သမဝါယမနှင့်ကျေးလက် ဖွံ့ဖြိုးရေးဝန်ကြီးဌာန အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန၊ ရက်ကန်းနှင့်အသက်မွေးပညာသင်တန်းကျောင်းတွင် ယနေ့ နံနက်ပိုင်းက ၄ာ်ပျောလ္ပျော်တန်ဖိုးမြင့် ထုတ်ကုန်ထုတ်လုပ်မှု သင်တန်းဆင်းပွဲ ကျင်းပသည်။

အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်သက်နှင်းဖြိုးက သင်တန်းဆင်းအမှာစကားပြောကြားပြီး ရက်ကန်းနှင့် အသက်မွေးပညာ သင်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးအောင်သန်းက သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ (**အပေါ်ပုံ**)

အဆိုပါ သင်တန်းကို ၁၅ ရက်ကြာ ဖွင့်လှစ်သင်ကြားခဲ့ပြီး ဒေသခံပြည်သူများ တစ်ပိုင်တစ်နိုင်စီးပွားရေးလုပ်ငန်းလုပ်ကိုင်နိုင်ကာ မိသားစုဝင်ငွေများ တိုးပွားလာစေရန် ရည်ရွယ် ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။**ကိုကိုမင်း(ပြန်/ ဆက်)**

လူရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ပန်ကာများကို ဆက်တိုက် ဖွင့်ထားခြင်းက မီတာခ ပိုကျစေပါ၍ အသုံးလိုမှ ဖွင့်ပါ

စစ်ကိုင်းတိုင်းဒေသကြီး မိုးရာသီ အကြိုစုပေါင်းသစ်ပင်စိုက်ပွဲ ကျင်းပ

နေပြည်တော် မေ ၁၇

စစ်ကိုင်းတိုင်းဒေသကြီး အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနက ကြီးမှူးရှေ့ ၂၀၂၂ ခုနှစ် မိုးရာသီ အကြိုစုပေါင်းသစ်ပင်စိုက်ပွဲကို ယမန်နေ့နံနက် ၈ နာရီက စစ်ကိုင်းတိုင်းဒေသကြီး မုံရွာတက္ကသိုလ် ဝင်းအတွင်း၌ ကျင်းပသည်။ **(အောက်ပို့)**

မစိုက်ပျိုးမီ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်က မုံရွာတက္ကသိုလ် ပါမောက္ခချုပ်ထံသို့ လည်းကောင်း၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးက ဌာနဆိုင်ရာ ဝန်ထမ်းများကိုယ်စား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ကိုယ်စားလှယ် တစ်ဦးထံသို့လည်းကောင်း၊ တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီးက ဌာနဆိုင်ရာ ဝန်ထမ်းများ ကိုယ်စား မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ ကိုယ်စားလှယ်တစ်ဦးထံသို့ လည်းကောင်း၊ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးက ဌာနဆိုင်ရာဝန်ထမ်းများကိုယ်စား ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ကိုယ်စားလှယ်တစ်ဦးထံသို့လည်းကောင်း စိုက်ပျိုးရန် ပျိုးပင်များ ဖြန့်ဝေပေးအပ်ခဲ့ကြသည်။

စုပေါင်းသစ်ပင်စိုက်ပွဲကို စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းအဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မုံရွာတက္ကသိုလ်မှ ဆရာ ဆရာမများ၊ လူမှုရေးအသင်းအဖွဲ့များ စုစုပေါင်းအင်အား ၃၂၀ ဖြင့် မဟော်ဂနီ၊ ကျွန်း၊ ပိတောက်၊ ငုရွှေဝါ၊ စိန်ပန်း၊ ခရေ စသည့် အရိပ်ရပင်၊ ပန်းအလှပင်၊ သစ်မျိုး ၂၂ မျိုး စုစုပေါင်း ၇၁၈ ပင်ကို တပျော်တပါး စိုက်ပျိုးခဲ့ကြသည်။ ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဌာနဆိုင်ရာဝန်ထမ်းများ မိုးရာသီသစ်ပင် စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှု အားပေးသည်။

၂၀၂၂ ခုနှစ် မိုးရာသီတွင် စစ်ကိုင်းတိုင်းဒေသကြီး အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ သစ်တောစိုက်ခင်း ၈က ၈၀၊ စိုက်ပင် ၇၃၃၅၀၊ အထူးစိမ်းလန်းစိုပြည်ရေး စိုက်ပင် ၃၆၀၀၀၊ အထူးစိမ်းလန်းစိုပြည်ရေးစီမံကိန်း စိုက်ပင် ၃၃၅၅၀၀ စုစုပေါင်း ၁၄,၈၅၅ ကို မိုးဦးရာသီအတွင်း စိုက်ပျိုးသွားမည် ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

မြောင်းမြမြို့နယ်ရှိ ကျေးရွာသုံးရွာ၌ လျှပ်စစ်မီးဖွင့်ပွဲကျင်းပ

လျှပ်စစ်မီးရရှိခြင်းကြောင့် အသေးစားကုန်ထုတ်လုပ်ငန်းများပါ ဆောင်ရွက်နိုင်ပြီ

မြောင်းမြ မေ ၁၇

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်အတွင်းရှိ ဆင်ကူးကျေးရွာ၊ သင်ကုန်းကြီးကျေးရွာနှင့် သင်ကုန်းလေးကျေးရွာများ၌ လျှပ်စစ်မီးဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ညနေ ၄ နာရီခွဲက ကျင်းပခဲ့ကြောင်း သိရသည်။ **(အပေါ်ပို့)**

အဆိုပါ လျှပ်စစ်မီးဖွင့်ပွဲ အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများက ဖဲကြိုးဖြတ်ဖွင့်လှစ်ကာ လျှပ်စစ်မီး ဖွင့်ပွဲဆိုင်းဘုတ်အား စက်ခလုတ်နှိပ်၍ အမွှေးနံ့သာများ ပက်ဖျန်းပြီး မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။ ဆက်လက်၍ ဖွင့်ပွဲအခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်က ယခုအခါလျှပ်စစ်မီး ရရှိခြင်းကြောင့် အသေးစားကုန်ထုတ်လုပ်ငန်းများပါ ဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း၊ မကြာမီ အခြေခံကျောင်းများ ဖွင့်လှစ်သည့်အခါ များစွာအဆင်ပြေကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရန် ကျန်ရှိသူများလည်း ကာကွယ်ဆေးထိုးရန်လိုကြောင်းနှင့် လျှပ်စစ်မီး အန္တရာယ်များနှင့် သတိပြုသင့်သည်များကို ကျေးလက်နေ ဒေသခံပြည်သူများ သိရှိနိုင်စေရန် သက်ဆိုင်ရာဌာနအား ရှင်းလင်းပြောကြားစေသည်။

ထို့နောက် ဧရာတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဆောက်လုပ်ရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၂၁-၂၀၂၂ ခုနှစ် ဘဏ္ဍာနှစ် ၆ လအတွင်း ဆောင်ရွက်ခဲ့သည့် ဧလပ်ကွင်း-ရွာသစ် ကွန်ကရစ်လမ်းဖွင့်ပွဲကို ယမန်နေ့ကပြုလုပ်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်စွာလှိုင်နှင့် တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောလင်းခယ် တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြောင်း သိရသည်။

မြောင်းမြခရိုင်(ပြန်/ဆက်)

ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဖလား အသက် (၂၅) နှစ်အောက် အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

တောင်ကြီး မေ ၁၇

၂၀၂၂ ခုနှစ် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်ဖလား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသ အမျိုးသားအမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို မေ ၁၆ ရက် ညနေ ၃ နာရီက တောင်ကြီးမြို့ ပြည်နယ်လေ့ကျင့်ရေးအားကစားရုံ၌ ကျင်းပသည်။

ပြိုင်ပွဲတွင် နောက်ဆုံး ဗိုလ်လုပွဲအဖြစ် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အသင်းနှင့် တောင်ကြီးခရိုင် အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ တာဝန်ရှိသူများ၊ အားကစားဝါသနာရှင်များက ကြည့်ရှုအားပေးကြပြီး တောင်ကြီးခရိုင် အသင်းက သုံးပွဲပြတ် အနိုင်ရ ဗိုလ်စွဲသွားသည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲကျင်းပရာ အမျိုးသမီးပူးတွဲ တတိယဆုရရှိသော လားရှိုးခရိုင် အသင်းနှင့် မိုးမိတ်ခရိုင်အသင်း တို့အား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေကျပ် သုံးသိန်းစီကို ပြည်နယ် အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးစိုင်းသော်ဝင်းနှင့် ပြည်နယ် ဥပဒေချုပ် ဦးစိုင်းကျော်ဇံ တို့က လည်းကောင်း၊ ဒုတိယဆုရရှိသော ကျောက်မဲခရိုင် အသင်းအား တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေကျပ် ငါးသိန်းကို ရှမ်းပြည်နယ် တိုင်းရင်းသားရေးရာ ဝန်ကြီး ဦးအောင်ကြည်ဝင်း က လည်းကောင်း၊ နေရာအလိုက်အကောင်းဆုံး အားကစားသမားဆု ရရှိသူများကို ဆုတံဆိပ်နှင့် ငွေကျပ် ငါးသောင်းစီကို ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌ ဦးခွန်ရဲထွေးက လည်းကောင်း၊ အမျိုးသမီး ပထမဆု ရရှိသော တောင်ကြီးခရိုင် အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေကျပ် ရှစ်သိန်း၊ ပထမဆု ဖလားတို့ကို ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးချုပ် တင်ကိုကို က လည်းကောင်း၊ အမျိုးသားပူးတွဲ တတိယဆုရရှိသော ဓနုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ အသင်းနှင့် လင်းခေး ခရိုင်အသင်းအား တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေကျပ် သုံးသိန်းစီကို ပြည်နယ်သယံဇာတရေးရာဝန်ကြီး ဦးစိုင်းလိတ်နှင့် ပြည်နယ် စီးပွားရေးရာဝန်ကြီး ဦးခွန်သိန်းမောင် တို့က လည်းကောင်း၊ ဒုတိယဆု ရရှိသော ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအသင်းအား တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေကျပ် ငါးသိန်း တို့ကို ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး လှဦးက လည်းကောင်း၊ နေရာအလိုက် အကောင်းဆုံး အားစားသမားဆု ရရှိသူများအား ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်က လည်းကောင်း၊ ပထမဆုရရှိသော တောင်ကြီးခရိုင် အသင်းအား တစ်ဦးချင်းဆုတံဆိပ်၊ ငွေကျပ် ရှစ်သိန်းနှင့် ပထမဆု ဖလားတို့ကို ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ကျော်ထွန်းက လည်းကောင်း ချီးမြှင့်ပေးအပ်ကြကြောင်း သိရသည်။

မောင်မောင်သန်း (တောင်ကြီး)

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် မေ ၁၇

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မြစ်ဝကျွန်းပေါ်ဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေမည်။

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မြစ်သားမြို့တွင် ၅ ဒသမ ၈၆ လက်မ၊ မြစ်ကြီးနားမြို့တွင် ၃ ဒသမ ၈၆ လက်မ၊ မိုးကောင်းမြို့တွင် ၂ ဒသမ ၉၉ လက်၊ တံတားဦး(လေကြောင်မိုးလေဝသ)တွင် ၂ ဒသမ ၇၆ လက်မ၊ ဘီးလင်းမြို့တွင် ၂ ဒသမ ၆၈ လက်မ၊ ပိုင်ကျုံမြို့တွင် ၂ ဒသမ ၂၅ လက်မ၊ ပူတာအိုမြို့နှင့် ပေါင်မြို့တို့တွင် ၂ ဒသမ ၂၀ လက်မစီ၊ ရန်ကုန် (ကမ္ဘာအေး)တွင် ၂ ဒသမ ၁၆ လက်မနှင့် မြောင်းမြမြို့တွင် ၂ ဒသမ ၀၉ လက်မတို့ ဖြစ်ကြသည်။ **မိုး/၈လ**

ပညာရေးဝန်ကြီးဌာန

၂၀၂၂ -၂၀၂၃ ပညာသင်နှစ်

"ကျောင်းနေအရွယ်ကလေးအားလုံး

ပညာသင်ယူခွင့်ရရှိဖို့ ကျောင်းအပ်နှံကြပါစို့"

ကျောင်းအပ်နှံရေးသီတင်းပတ် ၂၀၂၂ ခုနှစ်၊ မေလ(၂၆)ရက်မှ ဇွန်လ (၁)ရက်ထိ

ပညာရေးဝန်ကြီးဌာန

၂၀၂၂ -၂၀၂၃ ပညာသင်နှစ်

"အသိပေးကြေညာချက်"

❖ ၅ နှစ်အရွယ် ကလေးများကို သူငယ်တန်း (KG) သို့ အပ်နှံရန်။

❖ ၆ နှစ်အရွယ် ကလေးများကို ပထမတန်း (Grade–1) သို့ အပ်နှံရန်။

ကရင်ပြည်နယ်၌ ယခုနှစ်မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေ ကျပ်သိန်းငါးသောင်းခန့် ထုတ်ချေးပေးရန် လျာထား

ဘားအံ မေ ၁၇

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ကရင်ပြည်နယ်ဘဏ်ခွဲ၏ ဘဏ်ခွဲများဖြစ်သော ကြာအင်းဆိပ်ကြီး၊ လှိုင်းဘွဲ့၊ ကော့ကရိတ်ခရိုင်ဘဏ်ခွဲများမှ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို ထုတ်ချေးပေးလျက်ရှိရာ ကရင်ပြည်နယ်အတွင်း ယခုနှစ်မိုးရာသီတွင် စိုက်ပျိုးစရိတ်ချေးငွေ ကျပ်သိန်း ငါးသောင်းခန့် ထုတ်ချေးပေးသွားရန် လျာထားကြောင်း မေ ၁၇ ရက် နံနက်က ဘားအံမြို့ ဇွဲကပင်ခန်းမတွင် ကျင်းပသည့် ၂၀၂၂ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေ ပေးအပ်ပွဲမှ သိရသည်။

မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေ ပေးအပ်ပွဲတွင် ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ဘားအံမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ငါးအုပ်စုအတွက် ငွေပမာဏစုစုပေါင်း ငွေကျပ် ၁၁၉၇ သိန်းကို ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း၊ အချေးမှန်မှ အဆပ်မှန်မည်ဖြစ်သဖြင့် ထုတ်ချေးမှုမှန်ကန်ရေးသည် အဓိကအရေးကြီးပြီး တောင်သူလယ်သမား တစ်ဦးချင်းလက်ဝယ်သို့ မှန်မှန်ကန်ကန် ရောက်ရှိအောင် ထုတ်ပေးစေလိုကြောင်း၊ တောင်သူများကလည်း သီးနှံပေါ်ချိန် ငွေပေါ်ချိန်တွင် ပြန်လည်ပေးဆပ်ကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် ၂၀၂၂ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေနှင့်ပတ်သက်၍ သိသင့်သိထိုက်သော အချက်များကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ကရင်ပြည်နယ်ဘဏ်ခွဲ မန်နေဂျာက ရှင်းလင်းတင်ပြပြီး ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးစောခင်မောင်မြင့်နှင့် ကရင်ပြည်နယ် ဘဏ်ခွဲမန်နေဂျာတို့က တောင်သူများအား စိုက်ပျိုးစရိတ်ချေးငွေများ ပေးအပ်သည်။ **(ယာပုံ)**

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်စီးပွားရေးရာဝန်ကြီးနှင့် အစိုးရအဖွဲ့ဝင်များသည် မြန်မာ့စီးပွားရေးဘဏ်၊ ကရင်ပြည်နယ်ဘဏ်ခွဲမှ ဝန်ထမ်းများက ကျေးရွာအုပ်စု ငါးအုပ်စု၊ တောင်သူ ၁၂၇ ဦး၏ စိုက်ဧက ၇၉၈ ဧကအတွက် ချေးငွေ ထုတ်ချေးပေးနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့၌ မိုးရာသီ သစ်ပင်စိုက်ပျိုးရန် ပျိုးပင်များ ဖြန့်ဝေပေး

ဟိုပုံး မေ ၁၇

ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်တွင် ၂၀၂၂ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးနိုင်ရန် ပျိုးပင်များ ဖြန့်ဝေခြင်းအခမ်းအနားကို မေ ၁၇ ရက် နံနက် ၉ နာရီခွဲက ဟိုပုံးမြို့ မြို့နယ်သစ်တောဦးစီးဌာန ရုံး၌ ကျင်းပရာ ပအိုဝ်းကိုယ်ပိုင်

အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်ရဲထွေးနှင့် အဖွဲ့ဝင်များ တက်ရောက်ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ထွန်းက ပျိုးပင်များ ဖြန့်ဝေခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးနိုင်လွင်က သစ်ပင်စိုက်ပျိုးခြင်း လုပ်ငန်းအဆင့်ဆင့်အား ရှင်းလင်းပြောကြားကာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌက သစ်ပင်စိုက်ပျိုးခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ပျိုးပင်များကို ပေးအပ်သည်။ **(ဝဲပုံ)** ယင်းနောက်မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိက သစ်ပင်ရေရှည်ရှင်သန်နိုင်ရန်အတွက် သစ်ပင်စိုက်ပျိုးပုံ အဆင့်ဆင့်ကို တက်ရောက်လာသည့် ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများကို လက်တွေ့သရုပ်ပြသည်။

၂၀၂၂ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးနိုင်ရန်အတွက် ရပ်ကွက်/ကျေးရွာအုပ်စုများကို ပျိုးပင် ၅၀၀၀၊ တပ်ရင်း တပ်ဖွဲ့များသို့ ပျိုးပင် ၄၀၀၀၊ လမ်းဦးစီးဌာနသို့ ပျိုးပင် ၄၀၀၊ ကျေးလက်လမ်းဦးစီးဌာနသို့ ပျိုးပင် ၆၀၀၊ နေမင်းရောင်ကုမ္ပဏီသို့ ပျိုးပင် ၃၀၀၊ မဲနယ်တောင် ဒေသစိမ်းလန်းစိုပြည်ရေးအတွက် ပျိုးပင် ၄၀၀နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ ပျိုးပင် ၃၀၀ စုစုပေါင်း လူထုဖြန့်ဝေပျိုးပင် ၁၁၀၀၀ ကို ဖြန့်ဝေပေးသွားမည်နှင့် ထောပတ်၊ ပင်စိမ်း၊ ပိန္နဲ၊ စိန်ပန်းပြာ၊ စိန်ပန်းနီ၊ ရေသင်းဝင်၊ အာဖရိက ကျူးလစ်၊ မဟော်ဂနီ၊ ဝါး စသည့်ပျိုးပင် ၁၃ မျိုး ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထက်ထက်(ဟိုပုံး)

ဘူးသီးတောင်မြို့၌ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ စတင်ထုတ်ချေး

ဘူးသီးတောင် မေ ၁၇

ဘူးသီးတောင်မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ ၂၀၂၂ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို မေ ၁၇ ရက်က စတင်ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။ **(ယာပုံ)**

ရှေးဦးစွာ ဘူးသီးတောင်မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ မြို့နယ်ဘဏ်ခွဲမန်နေဂျာ ဦးသန်းဌေးက မိုးစပါး စိုက်ပျိုးစရိတ် ထုတ်ယူမည့် တောင်သူများအား ချေးငွေစာချုပ်ပါစည်းကမ်းချက်များနှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ ချေးယူငွေများအား သတ်မှတ်ကာလအတွင်း အပြေအကျေ ပြန်လည်ပေးဆပ်ကြရေးတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြန်လည်ပေးဆပ်မှုအားကောင်းသော သရက်ကင်းမနု ကျေးရွာအုပ်စုမှ တောင်သူ ၁၂ ဦးတို့၏ စိုက်ပျိုးဧက ၁၇ ဧကအတွက် တစ်ဧကလျှင် ငွေကျပ် ၁၅၀၀၀၀ နှုန်းဖြင့် ချေးငွေပေါင်း ငွေကျပ် ၂၅၅၀၀၀၀ အား စတင်ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

၂၀၂၂ ခုနှစ် မိုးသီးနှံစိုက်ပျိုးရေးလုပ်ငန်းကို အဆင်ပြေချောမွေ့စွာ လုပ်ကိုင်ဆောင်ရွက်နိုင်ရန်အတွက် တစ်မြို့နယ်လုံး အတိုင်းအတာဖြင့် ကျေးရွာအုပ်စု ၃၅ အုပ်စုမှ တောင်သူ ၁၈၉၀ ၏ လယ် ဧကပေါင်း ၇၇၄၄ ဧကကို တစ်ဧကလျှင် ငွေကျပ် ၁၅၀၀၀၀ နှုန်းဖြင့် ငွေကျပ် ၁၁၆၁၆ သိန်း ထုတ်ချေးပေးရန် လျာထားကြောင်း သိရသည်။

လှကျော်(ပြန်/ ဆက်)

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၂/၂၀၂၂) ဆုံးဖြတ်ချက် အကောင်အထည်ဖော်ရေး ညှိနှိုင်းစည်းဝေး

နေပြည်တော် မေ ၁၇

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေး အမှတ်စဉ် (၂/၂၀၂၂) ၏ ဆုံးဖြတ်ချက်အရ "တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ရမည့် ဝန်ထမ်းများအား နယ်စခန်းများနှင့် စစ်ဆေးရေးစခန်းများသို့ စေလွှတ်မည့် အချိန်ကာလအား သက်ဆိုင်ရာဝန်ကြီးဌာနများအကြား ညှိနှိုင်းသတ်မှတ်ရန်" ကိစ္စနှင့်စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

အစည်းအဝေးသို့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနတို့မှ အမြဲတမ်းအတွင်းဝန်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ်၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှူဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနနှင့် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီရုံးတို့မှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီးက တရားမဝင်ကုန်သွယ်မှုများကို ထိရောက်စွာတိုက်ဖျက်နိုင်ရန်အတွက် ဌာနအသီးသီးမှ ဝန်ထမ်းများကို နယ်စခန်းများနှင့် စစ်ဆေးရေးစခန်းများသို့ စေလွှတ်မည့် အချိန်ကာလအား မည်ကဲ့သို့စေလွှတ်တာဝန်ထမ်းဆောင်စေမည်နှင့် အချိန်ကာလ မည်မျှထား၍ ဆောင်ရွက်သင့်သည်တို့ကို ဝိုင်းဝန်းဆွေးနွေး ညှိနှိုင်းပေးကြရန်နှင့် ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသူများက သက်ဆိုင်ရာဌာနအလိုက် တာဝန်ချထားမှုနှင့် အချိန်ကာလတို့ကို ဝိုင်းဝန်းအကြံပြု တင်ပြခဲ့ကြသည်။

သတင်းစဉ်

ပန်းပင်ရေလောင်းလျှင် ရေပိုက်မသုံးပါနှင့်၊ ရေဖြည့်ထားသော ရေလောင်းပုံး အသုံးပြုပါ

ဒုတိယဝန်ကြီး ဦးရဲတင့် တနင်္သာရီတိုင်းဒေသကြီးအတွင်း ပြန်ကြားရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၁၇

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ယနေ့နံနက်ပိုင်းတွင် မြိတ်မြို့၌ ကျွန်းစုမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများအား တွေ့ဆုံ၍ လုပ်ငန်းပိုင်းဆိုင်ရာများ ဆွေးနွေးမှာကြားသည်။

ဒုတိယဝန်ကြီးသည် မေ ၁၆ ရက် နံနက်ပိုင်းတွင် မြိတ်မြို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး **(အပေါ်ပုံ)** စက်ရုံမှူးနှင့် ဝန်ထမ်းများအား တွေ့ဆုံ၍ ထုတ်လွှင့်မှု မပြတ်တောက်စေရေး၊ စက်ပစ္စည်းများ ပျောက်ဆုံး၊ ပျက်စီးမှုမရှိအောင် စနစ်တကျ ကိုင်တွယ်ထိန်းသိမ်းရေး၊ သဘာဝဘေးအန္တရာယ်ကြောင့် စက်နှင့် အဆောက်အအုံများ ပျက်စီးဆုံးရှုံးမှု မရှိစေရေးတို့ကို မှာကြားသည်။

ထို့နောက် မြိတ်မြို့ရှိ ကိုယ်ပွားသတင်းစာတိုက်သို့ ရောက်ရှိပြီး စက်ပစ္စည်းများ ထိန်းသိမ်းစောင့်ရှောက်မှုနှင့် သတင်းစာဖြန့်ဝေမှုတို့နှင့်စပ်လျဉ်း၍ မှာကြားကာ မီးဘေးလုံခြုံရေး ဂရုစိုက်ရန် မှာကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် မြိတ်မြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ခရိုင်ပြည်သူ့စာကြည့်တိုက်သို့ရောက်ရှိပြီး စာဖတ်စာငှားလာကြသူများနှင့် ကလေးစာဖတ်ခန်းတွင် လာရောက်လေ့လာနေကြသောကျောင်းသားကျောင်းသူများအား တွေ့ဆုံ၍ အားပေးနှုတ်ဆက်သည်။

ယင်းနောက် ခရိုင်ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ တနင်္သာရီမြို့နယ်၊ ပုလောမြို့နယ်နှင့် ပလောက်မြို့တို့မှ ဦးစီးမှူးများ၊ ထပ်ဆင့်လွှင့်စက်ရုံစက်ရုံမှူးနှင့် ဝန်ထမ်းများ၊ ကိုယ်ပွားသတင်းစာတိုက် (မြိတ်) တာဝန်ခံအရာရှိနှင့် ဝန်ထမ်းများအား တွေ့ဆုံ၍ နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်နှင့် ဦးတည်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နေသည့် အခြေအနေနှင့် မိမိတို့ဝန်ကြီးဌာန၏ ရည်မှန်းချက်တာဝန်ဖြစ်သော ပြန်ကြားရေး၊ အသိပညာပေးရေး၊ ဖျော်ဖြေရေးဆိုင်ရာ လုပ်ငန်းတာဝန်များ၊ ဝန်ထမ်းရေးရာကိစ္စများနှင့် ဝန်ထမ်းများ လုပ်ဆောင်မှု စွမ်းရည်မြင့်မားရေးနှင့် တာဝန်ကျေပွန်စွာ ထမ်းဆောင်ရေးတို့ကို မှာကြားခဲ့ပြီး ဝန်ထမ်းများ၏ တင်ပြဆွေးနွေးချက်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဝန်ထမ်းများနှင့် တွေ့ဆုံစဉ် တနင်္သာရီ တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ထားဝယ်ခရိုင်၊ လောင်းလုံမြို့နယ်၊ ကလိန်အောင်မြို့နယ်နှင့် သရက်ချောင်းမြို့နယ် ဦးစီးမှူးတို့က Video Conferencing စနစ်ဖြင့် ပါဝင်တက်ရောက်ခဲ့ကြသည်။

သတင်းစဉ်

တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များနှင့် ကောလိပ်များကို ပုံမှန်ပညာသင်နှစ်အတိုင်း ဆက်လက်ဖွင့်လှစ်သင်ကြား

နေပြည်တော် မေ ၁၇

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များနှင့် ကောလိပ်များကို ၂၀၂၂ ခုနှစ် မေ ၁၂ ရက်မှစတင်၍ ပုံမှန်ပညာသင်နှစ်ဝက် ကာလအတိုင်း ပြန်လည်ဖွင့်လှစ်သင်ကြားလျက်ရှိရာ ယနေ့တွင်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များ၊ ကောလိပ်များနှင့် ကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများက အေးချမ်းပျော်ရွှင်စွာ ကျောင်း ပြန်လည်တက်ရောက်လျက်ရှိကြသည်။

ယခုကဲ့သို့ တက္ကသိုလ်နှင့် ကောလိပ်များ စနစ်တကျဖွင့်လှစ်နိုင်ရေးအတွက် ဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိသူများက လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများကို ပြင်ဆင်ဆောင်ရွက်ခဲ့ကြပြီး တက္ကသိုလ်ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ ယာဉ်အန္တရာယ်နှင့် ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် လုံခြုံရေးတပ်ဖွဲ့များ၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့နှင့် ရပ်ရွာအခြေပြု ပြည်သူလူထုလုံခြုံရေးအဖွဲ့များ ပူးပေါင်း၍ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ဧရာဝတီတိုင်းဒေသကြီး ဟသံ်တတက္ကသိုလ်၌ ကျောင်းသားကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနေမှုကို တွေ့ရစဉ်။

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ပညာရေးဒီဂရီကောလိပ်၌ ကျောင်းသားကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနေမှုကို တွေ့ရစဉ်။

မြန်မာများ သိသင့်သော ကုလသမဂ္ဂဆိုင်ရာ အခြေခံအချက်လေးချက်

ဒေါက်တာရင်ရင်နွယ်

ဤဆောင်းပါးကို ရေးရခြင်းမှာ မြန်မာနိုင်ငံသားများ ကုလသမဂ္ဂအကြောင်းကို ယခုထက် ပိုမိုသိစေလိုသောကြောင့်ဖြစ်သည်။

မြန်မာအများစုသည် ဤအဖွဲ့အစည်းကြီးကို အဖြစ်မှန်ထက် အထင်ကြီးနေသည်။ ယင်းအဖွဲ့အစည်းတွင် စွမ်းဆောင်နိုင်မှုမရှိသည့် လုပ်ငန်းများကို လုပ်ဆောင်ရန် မြန်မာအချို့က အားကိုးနေကြသည်။ စင်စစ်မှာကား ကျွန်မလေးစားသော ဝန်ကြီးတစ်ပါးပြောသလို "ကုလသမဂ္ဂသည် ကမ္ဘာကိုအုပ်ချုပ်နေသော ကမ္ဘာ့အစိုးရမဟုတ်။ အစိုးရအသီးသီးတို့၏ ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသောအဖွဲ့သာဖြစ်သည်။" (The United Nations is not a world government. It is an organization composed of government representatives.)

ထို့ကြောင့်လည်း ကုလသမဂ္ဂကို တစ်သားတည်းရှိနေသော "monolithic" အဖွဲ့အစည်းဟု ထင်လျှင် မှားမည်။ ကုလသမဂ္ဂပဋိညာဉ်၏ ပုဒ်မ(၂)အရ နိုင်ငံတော်၏အချုပ်အခြာအာဏာ စက်အတွင်း၌ရှိသော အရေးကိစ္စများကို ကုလသမဂ္ဂသည် ဝင်ရောက်စွက်ဖက်ခွင့်မရှိချေ[၁]။

(၁) ကုလသမဂ္ဂကို တွန်းအားပေးသော အနောက်အုပ်စုသည် မြန်မာပြည်ကို တစ်မူထူး ဖိနှိပ်ဆက်ဆံသည်

၁၉၈၈ နောက်ပိုင်း မြန်မာပြည်အပေါ် ကျင့်သုံးသောမူဝါဒ။ ကုလသမဂ္ဂနှင့် အနောက်အုပ်စုသည် ၁၉၈۸ ခုနှစ်မှစ၍ မြန်မာပြည်အပေါ် ကျင့်သုံးနေသော မူဝါဒမှာ "Myanmar Exceptionalism"ဟူ၍ သမ္မတကြီးဦးသိန်းစိန်ခေတ်၊ ကုလသမဂ္ဂ – အာဆီယံ အစည်းအဝေးတစ်ခုခု၌ ကျွန်မ စတင်ပြောခဲ့သည်။ ဥပမာများဖြင့် ပြပါက ပိုရှင်းလင်းမည်ဟုထင်ပါသည်။ (က) အခြားနိုင်ငံများတွင် စစ်တပ်အာဏာသိမ်းမှုများရှိသော်လည်း မြန်မာပြည်၏စစ်အစိုးရနှင့် တပ်မတော်ကိုသာ ပြစ်တင်ရှုတ်ချသည်။ ရုရှားနှင့် တရုတ်က ကာကွယ်ပေးသောကြောင့် ကုလသမဂ္ဂပိတ်ဆို့မှုများ (sanctions) အပြည့်မလုပ်နိုင်ခဲ့သော်လည်း အနောက်နိုင်ငံများက ပိတ်ဆို့မှုများ (sanctions) လုပ်ခဲ့သည်။ အကျိုးဆက်မှာ စစ်အစိုးရမပြောင်း ပြည်သူများသာ ပိုမိုဆင်းရဲသွားသည်။ ဤသင်ခန်းစာကိုမမှတ်ဘဲ ယခုလည်း ပိတ်ဆို့မှုများ ဆက်လုပ်သည်။ (ခ) အခြားနိုင်ငံများ (ဥပမာ– တရုတ်၊ ဗီယက်နမ်၊ လာအို)တွင် တစ်ပါတီစနစ်များ ရှိနေပါလျက်နှင့် မြန်မာပြည်နိုင်ငံရေးကိုသာ ဖိအားပေါင်းစုံပေး ဝင်စွက်ခဲ့သည်။ (ဂ) မြောက်မြားစွာသော နိုင်ငံများတွင် လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် အာဏာရှင်စနစ်များ ရှိကြသော်လည်း မြန်မာပြည်ကိုသာ မီးမောင်းထိုး၊ ပြစ်တင်ရှုတ်ချပြီး "မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လူ့အခွင့်အရေး အထူးကိုယ်စားလှယ်"သာ ခန့်သည်။ အိမ်နီးချင်းနိုင်ငံများအတွက်ကား "ကုလသမဂ္ဂ လူ့အခွင့်အရေး အထူးကိုယ်စားလှယ်" ခန့်သည်ဟု မကြားဖူးပါ။

Myanmar Exceptionalism ဟူသည်မှာ။ နိုင်ငံရေးသိပ္ပံလေ့လာသူများသုံးသည်မှာ "American Exceptionalism" ဟူသော စကားဖြစ်သည်။ ဆိုလိုသည်မှာ အမေရိကန်သည် အခြားနိုင်ငံများ လိုက်နာသော နိုင်ငံတကာစာချုပ်၊ စည်းကမ်းများကို မလိုက်နာဘဲ မိမိအကျိုးစီးပွားအတွက် လိုအပ်သလို ချိုးဖောက်သည်။ ဥပမာ – အခြားတိုင်းပြည်များကို အမေရိကန်က စစ်ဝင်တိုက်သည်။ Myanmar Exceptionalism ဟူသော စကားရပ်တွင်ကား အနောက်အုပ်စု၊ အချို့အာဆီယံနိုင်ငံများနှင့် ကုလသမဂ္ဂတို့သည် မြန်မာနိုင်ငံကို အခြားတိုင်းပြည်များထက် ပိုမိုဖိနှိပ်၍ အငြိုးများဖြင့် တစ်မူထူး ဆက်ဆံနေသည်ကို ဆိုလိုသည်။

(၂) ကုလသမဂ္ဂသည် တရားမျှတမှုမရှိသော အဖွဲ့အစည်းဖြစ်သည်

ကုလသမဂ္ဂသည် အင်အားကြီး၍ ပိုက်ဆံပေးနိုင်သောနိုင်ငံများ ကျက်စားရာ အဖွဲ့အစည်းဖြစ်သည်။ ကုလသမဂ္ဂနှင့်ပတ်သက်နေသော သမိုင်းဖြစ်စဉ်များကိုကြည့်ခြင်းဖြင့် သိနိုင်သည်။

> ❑ **ကုလသမဂ္ဂကို တစ်သားတည်းရှိနေသော "monolithic" အဖွဲ့အစည်းဟု ထင်လျှင် မှားမည်။ ကုလသမဂ္ဂပဋိညာဉ်၏ ပုဒ်မ(၂)အရ နိုင်ငံတော်၏ အချုပ်အခြာအာဏာစက်အတွင်း၌ ရှိသော အရေးကိစ္စများကို ကုလသမဂ္ဂသည် ဝင်ရောက်စွက်ဖက်ခွင့်မရှိချေ**

တရုတ်ပြည်၏ ကုလသမဂ္ဂသမိုင်း။ ၁၉၄၉ ခုနှစ်တွင် တရုတ်ပြည်တွင်းစစ်ကို မော်စီတုံး ဦးဆောင်သော ကွန်မြူနစ်များ နိုင်ခဲ့သည်။ ချန်ကေရှိတ် ဦးဆောင်သော ကိုမင်တန်အဖွဲ့သည် ထိုင်ဝမ်ကျွန်းသို့ ဆုတ်ခွာခဲ့ရသည်။ ၁၉၅၀ ပြည့်နှစ်မှ ၁၉၇၁ ခုနှစ်အထိ အမေရိကန်ပြည်ထောင်စုနှင့် ကုလသမဂ္ဂသည် ခိုင်လုံသောအကြောင်းပြချက် တစ်စုံတစ်ရာမျှမရှိဘဲ ကုလသမဂ္ဂ၌ ထိုင်ဝမ်ကျွန်းရှိ ကိုမင်တန်အစိုးရကသာ တရုတ်ပြည်ကို ကိုယ်စားပြုသည်ဟု ချမှတ်ခဲ့သည်။ ဆိုလိုသည်မှာ မြေဧရိယာ စတုရန်းကီလိုမီတာ ၉ သန်း၊ ထိုစဉ်က လူဦးရေ ၅၆၇ သန်းကို အုပ်ချုပ်နေသော တရုတ်ပြည်မကြီးအစိုးရကို အသိအမှတ်မပြုဘဲ စတုရန်းကီလိုမီတာ သုံးသောင်းခွဲရှိသော ကျွန်းလေး၊ လူဦးရေ ၇ ဒသမ ၉ သန်းကိုသာ အုပ်ချုပ်သော ထိုင်ဝမ်အစိုးရသည် "တရုတ်ပြည်"ကို ကိုယ်စားပြုသည်ဟု ကုလသမဂ္ဂက မဲပေးဆုံးဖြတ်ခဲ့သည်။ အနှစ် ၂၀ အတွင်း ကုလသမဂ္ဂသည် အမေရိကန်ဖိအားကြောင့် ထိုင်ဝမ်အစိုးရကိုသာ အသိအမှတ်ပြုသည့်မဲ အကြိမ်ကြိမ်ပေးခဲ့သည်။ ၁၉၇၁ ခုနှစ်၌သာလျှင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် ကုလသမဂ္ဂတွင် နေရာရလာသည်။ ထိုစဉ်က တရုတ်ပြည်သူ့သမ္မတနိုင်ငံကို ဆန့်ကျင်မဲပေးခဲ့သော အာရှနိုင်ငံများမှာ ထိုင်းနိုင်ငံ၊ ဖိလစ်ပိုင်၊ ဂျပန်တို့ဖြစ်၍ မည်သည့်ဘက်မှ မဲမပေးခဲ့သော အာရှနိုင်ငံများမှာ ကမ္ဘောဒီးယားနှင့် အင်ဒိုနီးရှားတို့ဖြစ်ခဲ့သည်[၂]။ မြန်မာပြည်ကား ၁၉၅၀ ပြည့်နှစ်ကတည်းက တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရကို အသိအမှတ်ပြုခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံ၏ ကုလသမဂ္ဂသမိုင်း။ ခမာနီ (Khmer Rouge)တို့သည် ကမ္ဘောဒီးယားနိုင်ငံကို ၁၉�># ခုနှစ်မှ စတင်သိမ်းပိုက်အုပ်ချုပ်ရာ သုံးနှစ်အတွင်း လူဦးရေ ၇ ဒသမ ၅ သန်းအနက် ၁ ဒသမ ၇ သန်းကျော်ကို နှိပ်စက်သတ်ဖြတ်ခဲ့သည်။ ၁၉၇၉ ခုနှစ်တွင် မစ္စတာဟွန်ဆန်ဦးဆောင်သောအုပ်စုသည် ဗီယက်နမ်အကူအညီဖြင့် ကမ္ဘောဒီးယားရှိ ခမာနီတို့ကို စစ်နိုင်ခဲ့၍ အာဏာယူခဲ့သည်။ အနောက်အုပ်စုများသည် ၁၉၇၉ ခုနှစ်မှ ၁၉၉၀ ပြည့်နှစ်အထိ ခမာနီကိုသာ အသိအမှတ်ပြု၍ စင်စစ် ကမ္ဘောဒီးယား၏ နယ်မြေကို ထိန်းချုပ်အုပ်စိုးနေသော မစ္စတာဟွန်ဆန်၏ အစိုးရကို လက်မခံခဲ့ချေ။ တရုတ်နှင့် ထိုစဉ်က အာဆီယံနိုင်ငံများ (အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်းနှင့် ၁၉၈၄ ခုနှစ်နောက်ပိုင်း ဘရူနိုင်း) တို့သည် အနောက်အုပ်စုများဘက်လိုက်၍ ခမာနီတို့ကိုသာ မဲပေးခဲ့သည်[၃]။ (တရုတ်မှာ ထိုစဉ်က ဗီယက်နမ်–ဆိုဗီယက်နှင့် မတည့်ချေ။) ထို့ကြောင့် ကုလသမဂ္ဂသည် နယ်မြေထိန်းချုပ်မှုမရှိတော့သည့် ခမာနီတစ်ဖွဲ့တည်းကိုသာ တောက်လျှောက် ၁၉۱၉ ခုနှစ်မှ ၁۹۹၀ ပြည့်နှစ်အထိ ကိုယ်စားလှယ်အဖြစ် ထိုင်ခုံပေးခဲ့သည်။ ၁۹۹၂ ခုနှစ်ရောက်မှသာလျှင် ခမာနီအဖွဲ့ ကုလသမဂ္ဂမှ အပြီးအပိုင်ထုတ်ပယ်ခြင်းခံရသည်။

ကမ္ဘာ့ဇာတ်ခုံပေါ် အမေရိကန်ပြည်ထောင်စု၏ လုပ်ရပ်များ။ အမေရိကန်ပြည်ထောင်စုသည် ၁۹၄۹ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ အနည်းဆုံး ၅၇ ကြိမ် အခြားနိုင်ငံများတွင် မိမိမနှစ်သက်သော အစိုးရများ ပြုတ်ကျရန် ဝင်ရောက်စွက်ဖက်ခဲ့သည်[၄]။ ဝင်စွက်မှု အသွင်သဏ္ဌာန်များမှာလည်း (က)မိမိဘက်တွင် စစ်တပ်က ရပ်တည်နေပါက တပ်ကိုအာဏာသိမ်းစေခြင်း၊ (ခ) မိမိကိုယ်တိုင် တိုင်းတစ်ပါးကိုအတိအလင်း စစ်ကြေညာ၍ စစ်ဝင်တိုက်ခြင်း၊ (ဂ) အကြမ်းဖက်အုပ်စုများကို ငွေကြေးလက်နက်များ၊ အကြံပေးပုဂ္ဂိုလ်များဖြင့် ထောက်ပံ့ခြင်း၊ (ဃ) စစ်မကြေညာဘဲ ခိုးဝင်၍ စစ်တိုက်ခြင်း သို့မဟုတ် လူသတ်ခြင်းတို့ ဖြစ်သည်။

အမေရိကန်သည် မိမိကိုယ်တိုင် "ဒီမိုကရေစီနိုင်ငံ" ဟု ကြွေးကြော်နေသော်လည်း အခြားနိုင်ငံများအပေါ် မတရားမှုများ လုပ်ရုံသာမက ထိုနိုင်ငံများရှိ လူအမြောက်အများကို သေကျေပျက်စီးစေခဲ့သည်။ နဂိုက မိမိနှင့် မဆိုင်ခဲ့သော်လည်း အမေရိကန်တပ်များ မတရားတိုက်ခဲ့သည့် အီရတ်စစ်၊ ဗီယက်နမ်စစ်၊ လ္ကျိုဝှက် လာအိုစစ် (Secret war in Laos) အစရှိသော ဥပမာများ မှတ်တမ်းတင်ပြီးသားရှိပါသည်။ ကုလသမဂ္ဂသည်လည်း ထိုကဲ့သို့ အင်အားကြီးနိုင်ငံများ သြဇာလွှမ်းမိုးနေသည့်အတွက် တရားမျှတသော အဖွဲ့အစည်းမဖြစ်နိုင်။

(၃) ကုလသမဂ္ဂသည် နိုင်ငံများကို ထိရောက်စွာ ကူညီနိုင်မှုအားနည်းသည်

ရရှိသောငွေပမာဏ။ ကုလသမဂ္ဂအဖွဲ့အစည်းများသည် ယင်းတို့ဖော်ပြနေသလောက် ဘဏ္ဍာငွေ မရှိသည့်အပြင် ရှိသည့်ငွေကိုသုံးစွဲရာ၌လည်း ထိန်းချုပ်မှုများရှိသည်။ ဥပမာ – တစ်ချိန်က ကျွန်မ ၂၁ နှစ် တာဝန်ထမ်းဆောင်ခဲ့သော ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ (UNICEF) ကို ကြည့်ပါ။ UNICEF သည် မိမိ၏ဘုတ်အဖွဲ့ (Executive Board) ထံ တင်ပြသော မြန်မာနိုင်ငံအတွက် ဘတ်ဂျက်သည် ၂၀၁၈–၂၀၂၂ ငါးနှစ်တာကာလ အတွက် အမေရိကန်ဒေါ်လာ ၂၀၇ ဒသမ ၅ သန်းဟု ပြထားသည်[၅]။ သို့သော် စင်စစ်တွင် UNICEF–ရန်ကုန်ရုံးက ကြိုက်သလိုသုံးစွဲနိုင်သော ဘတ်ဂျက်သည် ငါးနှစ်တာအတွက် အမေရိကန်ဒေါ်လာ ၇၆ ဒသမ ၇ သန်း (တစ်နှစ်လျှင် ၁၅ ဒသမ ၃ သန်း) သာရှိ၍ ကျန် ၁၃၀ ဒသမ ၈ သန်းကို အလှူခံရမည့် သဘောရှိသည်။ ရရှိလာသော ငွေကြေးများကိုလည်း အလှူရှင်နိုင်ငံလိုချင်သလို (အိမ်ရှင် မြန်မာအစိုးရက သဘောတူခွင့်ပြု) သုံးစွဲခွင့်ရှိသည်။ ထို့ကြောင့်လည်း ကျွန်မသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ဌာနေကိုယ်စားလှယ်ဖြစ်ခဲ့စဉ်က တရုတ်–မြောက်ကိုရီးယား နယ်စပ်ဒေသများအတွက် အမေရိကန်အစိုးရက လှူလိုသည့် အမေရိကန်ဒေါ်လာ တစ်သိန်းကျော်ကို ငြင်းခဲ့ပါသည်။

"မြန်မာပြည်အတွက်" ဘတ်ဂျက်များကို သုံးစွဲပုံ။ ကုလသမဂ္ဂအဖွဲ့အစည်းတစ်ခုက "မြန်မာပြည်အတွက်" ဟု ပြထားသော ငွေပမာဏတွင် ထိုအဖွဲ့အစည်း၏ ရုံးနှင့်ဝန်ထမ်းစရိတ် အမြောက်အမြား ပါဝင်သည်။ ဥပမာ– ပရောဂျက်ဝန်ထမ်းများ၏ လစာနှင့် (နိုင်ငံခြားသားဆိုလျှင်) ယင်းတို့၏ အိမ်လခ တစ်စိတ်တစ်ပိုင်းနှင့် ကလေးကျောင်းစရိတ်များ၊ ပရောဂျက်ရုံးကားများ၊ ပြည်တွင်းနှင့် နိုင်ငံခြားခရီးစရိတ်များ အစရှိသဖြင့်ပါဝင်သည်။ (ရုံးငှားခနှင့် ဌာနေကိုယ်စားလှယ်၏ရုံးခန်းမှ ဝန်ထမ်းများလခကိုမူ အိမ်ရှင်အစိုးရကို ချမပြသော သီးခြား Support ဘတ်ဂျက်ရှိသည်။)

စာမျက်နှာ ၉ သို့

> ❖ **မြောက်မြားစွာသော နိုင်ငံများတွင် လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် အာဏာရှင်စနစ်များ ရှိကြသော်လည်း မြန်မာပြည်ကိုသာ မီးမောင်းထိုး၊ ပြစ်တင်ရှုတ်ချပြီး "မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လူ့အခွင့်အရေး အထူးကိုယ်စားလှယ်"သာ ခန့်သည်။ အိမ်နီးချင်းနိုင်ငံများအတွက်ကား "ကုလသမဂ္ဂ လူ့အခွင့်အရေး အထူးကိုယ်စားလှယ်" ခန့်သည်ဟု မကြားဖူးပါ**

> ❖ **ကုလသမဂ္ဂသည် အင်အားကြီး၍ ပိုက်ဆံပေးနိုင်သော နိုင်ငံများ ကျက်စားရာ အဖွဲ့အစည်း ဖြစ်သည်။ ကုလသမဂ္ဂနှင့် ပတ်သက်နေသော သမိုင်းဖြစ်စဉ်များကို ကြည့်ခြင်းဖြင့် သိနိုင်သည်**

စာမျက်နှာ ၈ မှ

ရုံးသုံးစရိတ်များနှင့် ဝန်ထမ်းစရိတ်များကို နုတ်ပြီးပါက ကျန်ဘတ်ဂျက်ကို ကုလသမဂ္ဂ အဖွဲ့အစည်းများသည် အောက်ပါအတိုင်းသုံးစွဲသည် – (၁) ယင်းတို့၏ ပရောဂျက်များအတွက် အစည်းအဝေးများ၊ တွေ့ဆုံပွဲများ၊ သင်တန်းများ အစရှိသည်တို့နှင့် ထောက်ပံ့ပစ္စည်းများ၊ (၂) နှစ်သက်ရာINGO/NGO အဖွဲ့များထံသို့ ဆင့်ကဲ ဆင့်ကဲ ပရောဂျက်များအတွက် ငွေကြေးများ၊ NGO ဝန်ထမ်းအချို့၏ လစာများ၊ ကားများ၊ တစ်ဆင့်စီတွင် NGO အသီးသီး၏ စီမံခန့်ခွဲ (overhead) စရိတ်များ၊ (၃) "နည်းပညာအထောက်အပံ့" (technical assistance) ဟုခေါ်သော "ကျွမ်းကျင်ပညာရှင်"/ အကြံပေးများအတွက် စရိတ်များ အစရှိသည်တို့ဖြစ်သည်။

ကုန်ကျငွေနှင့်ရရှိသောရလဒ်။ မြန်မာပြည်သူလူထုအတွက် ထိုက်တန်ထိရောက်သော အကူအညီမျိုးဖြစ်၊ မဖြစ်ကို ဆုံးဖြတ်နိုင်ရန် ကုလသမဂ္ဂ အဖွဲ့အစည်းများ အသုံးပြုခဲ့သော ငွေပမာဏနှင့် ၎င်းတို့ ရရှိခဲ့သောရလဒ်များကို နှိုင်းယှဉ်သင့်သည်။ အထက်တွင်ဖော်ပြထားသည့်အတိုင်း ရုံး/ဝန်ထမ်းစရိတ်များနှင့် သီးခြားဘတ်ဂျက် အမျိုးမျိုးတို့ကြောင့် မြန်မာနိုင်ငံအစိုးရထံ တင်ပြထားသော "ဘတ်ဂျက်" များကို နားလည်ရန်ခက်ခဲသည်။ အသုံးပြုခဲ့သော ငွေပမာဏကို သိလိုလျှင် ကုလသမဂ္ဂအဖွဲ့အစည်းများ "ကိုယ်တိုင်ပရိုမိုးရှင်း" (self-promotion)လုပ်ရန် အင်တာနက်ပေါ်တွင် တင်ထားသော "နှစ်စဉ်ရလဒ် အစီရင်ခံစာ" ကို ကြည့်ပါက ပိုနားလည်လွယ်သည်။

သို့ဖြစ်၍ ၂၀၂၀ ပြည့်နှစ်အတွက် မြန်မာပြည်ရှိ ကုလသမဂ္ဂအဖွဲ့အားလုံး၏ ကုန်ကျငွေ (Programmable expenditure) သည် **အမေရိကန်ဒေါ်လာ ၅၀၈ သန်း**ဟု သိရသည်[၆]။ အဓိကရလဒ်များကို ထိုအစီရင်ခံစာ၌ပင် ပြထားသည်။ ဥပမာ (၁) တောင်သူလယ်သမား ၂ ဒသမ ၈ သန်း အတွက်ချေးငွေများ၊ (၂) ကိုဗစ်ထိန်းချုပ်ရန် နှာခေါင်းစည်း ၄၀ ဒသမ ၅ သန်း၊ လက်အိတ် ၂ ဒသမ ၄ သန်း၊ ပီပီအီးဝတ်စုံ ၅၄၄၀၆ စုံ အစရှိသော အထောက်အကူပစ္စည်းများ၊ (၃) လူဦးရေ ၁ ဒသမ ၇၇ သန်းအတွက် ကျန်းမာရေးအထောက်အကူ၊ (၄) လူဦးရေ ၃၉၀၀၀၀ အတွက် သန့်ရှင်းသော သောက်သုံးရေ၊ (၅) ဆင်းရဲသော အိမ်ထောင်စုပေါင်း ၄၃၆၄၁၂ စုနှင့် မိခင်နှင့်ကလေး ၂၂၂၅၂၇ ယောက်အတွက် ငွေကြေးထောက်ပံ့မှုများ (cash transfers)၊ (၆) လူဦးရေ ၉၃၀၀၀၀ ကျော်အတွက် စားနပ်ရိက္ခာ ထောက်ပံ့မှုများ အစရှိသည်တို့ပါ၍ ကျန်ရလဒ်များကိုလည်း အစီရင်ခံစာတွင်ကြည့်နိုင်ပါသည်။

ယေဘုယျအားဖြင့် ကုလသမဂ္ဂအဖွဲ့အစည်းများသည် ဆင်းရဲသောနိုင်ငံများတွင် လိုအပ်နေသော အခြေခံအဆောက်အအုံ (infrastructure) အကြီးစားများကိုဆောက်ပေးရန် ငွေပမာဏ

> **❍ ကိုဗစ်ကာကွယ်ဆေးကိစ္စတွင် COVAX အစီအစဉ်ကို တာဝန်ယူထားသော အဖွဲ့များ အားလုံး (အထူးသဖြင့် UNICEF နှင့် WHO) သည် မြန်မာပြည်ကို ဆက်ဆံခဲ့ပုံမှာ အထူးအကျည်းတန်သည်။ ထိုကုလသမဂ္ဂ အဖွဲ့အစည်းများသည် မိမိတို့ ကိုယ်တိုင်ချမှတ်ခဲ့သော လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ စည်းမျဉ်းများ (Humanitarian Principles) မှ "ဆိုးကျိုးမဖြစ်စေရ" (Do no harm) ဟူသော စည်းမျဉ်းအား ချိုးဖောက်ခဲ့**
>
> **❍ ၂၀၂၁ ခုနှစ် မြန်မာပြည်သူများ ကာကွယ်ဆေး အလိုအပ်ဆုံးအချိန်တွင် WHO ကို အကြိမ်ကြိမ် ဆက်သွယ်ခဲ့သော်လည်း COVAX သည် မြန်မာပြည်အား ကိုဗစ်ကာကွယ်ဆေးကို လုံးဝမပေးခဲ့ပါ**

မလုံလောက်၍ အသေးစားအဆောက်အအုံများ (ဥပမာ– အဝီစိရေတွင်းများ၊ အိမ်သာများ) သာ ဆောက်ပေးနိုင်သည်။ အထက်ဖော်ပြပါ အထောက်အကူများသည် မြန်မာများအတွက် အကျိုးရှိကြောင်း ငြင်းမရပါ။ သို့သော်လည်း တစ်နှစ်အတွင်း ကုန်ကျငွေပမာဏ အမေရိကန်ဒေါ်လာ ၅၀၈ သန်းနှင့် နှိုင်းယှဉ်၍ပြောရမည်ဖြစ်သည်။

အကျိုးခံစားရသော မြန်မာပြည်၏ လူဦးရေ။ ပထမအနေဖြင့် အမေရိကန်ဒေါ်လာ ၅၀၈ သန်း ကုန်ကျခဲ့သည်ဟူသော အကူအညီကို ရရှိခဲ့သော လူဦးရေသည် မည်သူမဆို မေးစရာဖြစ်နေသည်။ နှိုင်းယှဉ်ပြောမည်ဆိုလျှင် ၂၀၁၅ ခုနှစ် မြို့နယ် ပေါင်း (၄၀) ရေကြီးရေလျှံသဘာဝဘေးဒုက္ခကြီး အတွက် အချိန်၊ လုပ်အား၊ စားနပ်ရိက္ခာများ၊ ငွေများကို မြန်မာအစိုးရ၊ မြန်မာလူထု၊ ပြည်တွင်း လုပ်ငန်းရှင်များ၊ သံဃာတော်များနှင့် တပ်မတော်သားများက လပိုင်းအတွင်း ကယ်ဆယ်ထောက်ပံ့ရေး လုပ်ငန်း မြောက်မြားစွာကို တစ်တပ်တစ်အား အောင်မြင်စွာ ဆောင်ရွက်ခဲ့သည်။

ထိုစဉ်က မြန်မာအစိုးရသည် နိုင်ငံတော်သမ္မတ၏ အထူးရန်ပုံငွေမှ ငွေကျပ် ၄၂ ဒသမ ၂ ဘီလီယံ၊ နိုင်ငံတော် အစိုးရထံမှ ငွေကျပ် ၆ ဒသမ ၅ ဘီလီယံနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများမှ ငွေကျပ် ၂ ဒသမ ၃ ဘီလီယံ၊ စုစုပေါင်း ငွေကျပ် ၇၁ ဘီလီယံ ချပေးခဲ့သည်[၇]။ ၂၀၁၅ အောက်တိုဘာလ ၅ ရက်နေ့ ဒေါ်လာနှုန်းဖြင့် အမေရိကန်ဒေါ်လာ ၅၅ ဒသမ ၂ သန်းခန့်သာ ရှိသည်။ ပြည်သူလူထုနှင့် ပုဂ္ဂလိကကဏ္ဍတို့မှ ငွေသား၊ စားနပ်ရိက္ခာ၊ ထောက်ပံ့ပို့ဆောင်ရေး အစရှိသော ထောက်ပံ့မှုများလည်း ရရှိခဲ့သည်။ ထိုထောက်ပံ့မှုများသည် အစိုးရထံမှ သုံးစွဲခဲ့သော ငွေတန်ဖိုး ၂၀ ရာခိုင်နှုန်းထက်မပိုဟု ခန့်မှန်းရသည် [၈]။

သို့ဖြစ်လျှင် ပြည်တွင်းမှ အစိုးရနှင့်ပြည်သူ အားလုံးထံမှရရှိသော ထောက်ပံ့မှုများမှာ ထိုစဉ်က **အမေရိကန်ဒေါ်လာ ၆၆ ဒသမ ၂ သန်း**သာဖြစ်ပြီး မြို့နယ်ပေါင်း ၄၀ အတွင်းရှိ လူဦးရေ စုစုပေါင်း ၅ သန်းကျော်ကို ကူညီထောက်ပံ့ခဲ့သည်။ ယင်းထောက်ပံ့မှုများအနက် ဟားခါးမြို့တွင် မြေပြိုမှုကြောင့် ပြောင်းရွှေ့ခဲ့ရသော မိသားစုများအတွက် သစ်သားအိမ်ခြေ ၄၂၀ ကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ဦးဆောင်၍ တည်ဆောက်ပေးခဲ့သည်။

ထို့အပြင် လုံးဝပျက်စီးသွားသော တံတား ၃၅၈ စင်း၊ တစ်စိတ်တစ်ပိုင်း ပျက်စီးသော တံတား ၄၄၉ စင်း၊ ပျက်စီးသွားသောလမ်းများ (အနည်းဆုံး ၁၉၈ မိုင်) တို့ကို ဆောက်လုပ်ရေးဝန်ကြီးဌာနက ဦးဆောင်၍ ပြန်လည်ပြုပြင်တည်ဆောက်ခဲ့ရသည်[၉]။ ပြည်တွင်းအားများနှင့် လုပ်ခဲ့ရသည့်အတွက် ဘတ်ဂျက်များကို ခြစ်ခြစ်ခြုတ်ခြုတ်သုံးခဲ့ရသည်။ ရလဒ်များနှင့် ငွေပမာဏကို နှိုင်းယှဉ်ပါက ကုလသမဂ္ဂ အဖွဲ့အားလုံးမှ တစ်နှစ်အတွင်း ကုန်ကျငွေ အမေရိကန်ဒေါ်လာ ၅၀၈ သန်းသည် ထိုအဖွဲ့များ၏ ရုံးသုံးစရိတ်များ၊ ဝန်ထမ်းစရိတ်များအပြင် INGO/NGO များထံသို့လည်း အများအပြားရောက်လိမ့်မည်ဟုခန့်မှန်းနိုင်သည်။

အစားထိုးနိုင်သောအကူအညီ။ ဒုတိယအနေဖြင့် ကုလသမဂ္ဂထံမှ ကူညီထောက်ပံ့မှု မရခဲ့ပါက မြန်မာနိုင်ငံအတွက် မည်သို့ထူးခြားမည်နည်း၊ အစားထိုး၍ ရ၊ မရဟူ၍ မေးစရာပေါ်လာသည်။ ထိုမေးခွန်းများကိုဖြေရန် ကိုဗစ်ကာကွယ်ဆေးကိစ္စကို ပြည်သူ့သိသင့်သည်။ ကိုဗစ်ကာကွယ်ဆေးကိစ္စတွင် COVAX အစီအစဉ်ကို တာဝန်ယူထားသောအဖွဲ့များ အားလုံး (အထူးသဖြင့် UNICEF နှင့် WHO) သည် မြန်မာပြည်ကိုဆက်ဆံခဲ့ပုံမှာ အထူးအကျည်းတန်သည်။ ထိုကုလသမဂ္ဂအဖွဲ့အစည်းများသည် မိမိတို့ ကိုယ်တိုင်ချမှတ်ခဲ့သော လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ စည်းမျဉ်းများ (Humanitarian Principles) မှ "ဆိုးကျိုးမဖြစ်စေရ" (Do no harm) ဟူသော စည်းမျဉ်းအား ချိုးဖောက်ခဲ့သည်။ COVAX ၏ရည်ရွယ်ချက်သည် "ကာကွယ်ဆေးဖော်ထုတ်ခြင်းကို အရှိန်အဟုန်တိုးမြင့်ဖို့ ဆောင်ရွက်ပေးရန်နှင့် ကမ္ဘာပေါ်ရှိ နိုင်ငံများအားလုံး ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးအား သာတူညီမျှ ထိုးနှံနိုင်ဖို့ ကူညီပေးရန်" ဖြစ်ကြောင်း ကြေညာထားသည်။

COVAX အစီအစဉ်ကို GAVI အဖွဲ့၊ CEPI အဖွဲ့နှင့် WHO တို့က ထိန်းချုပ်ကွပ်ကဲ၍ UNICEF က ကာကွယ်ဆေးများကို ပို့ရန် အဓိကတာဝန်ယူထားသည်[၁၀]။ ၂၀၂၁ ခုနှစ် မြန်မာပြည်သူများ ကာကွယ်ဆေးအလိုအပ်ဆုံးအချိန်တွင် WHO ကို အကြိမ်ကြိမ်ဆက်သွယ်ခဲ့သော်လည်း COVAX သည် မြန်မာပြည်အား ကိုဗစ်ကာကွယ်ဆေးကို လုံးဝမပေးခဲ့ပါ။ ထိုစဉ်က ကမ္ဘာ့နိုင်ငံအများအပြား သို့ရောဂါကာကွယ်ဆေးကို တစ်ကြိမ်မက လေးကြိမ်အထိ ပေးပို့ပြီးဖြစ်သည်။

၂၀၂၂ ခုနှစ် မတ်လ ၃၀ ရက်နေ့တွင် COVAX ထံမှ ကာကွယ်ဆေး ဒို့စ်ပေါင်း ၂ ဒသမ ၂၄ သန်း ရရှိခဲ့သည်။ မြန်မာနိုင်ငံသည်ကား ကာကွယ်ဆေး အလိုအပ်ဆုံးအချိန်ကို ကျော်ဖြတ်ခဲ့ပြီး ဖြစ်နေသည်။ မြန်မာနိုင်ငံသည် မိမိကိုယ်တိုင်ဝယ်သော ကာကွယ်ဆေး ဒို့စ်ပေါင်း ၄၅ သန်းသာမက မိတ်ဆွေနိုင်ငံများနှင့် ပုဂ္ဂလိကကဏ္ဍအလှူရှင်များ (အဓိကတရုတ်ကုန်သည်ကြီးအသင်း) က လှူဒါန်းခဲ့သော ကာကွယ်ဆေးများကိုသာ အားကိုးရင်း အဆိုးဆုံးကာလကို ကျော်ဖြတ်ခဲ့ရသည်။

၂၀၂၂ ခုနှစ် မေလ ၁၁ ရက်နေ့တွင် မြန်မာအစိုးရသည် ဒို့စ်ပေါင်း ၆၇ သန်းကျော် (၆၇၁၉၄၄၄၀) စုဆောင်းရရှိပြီးဖြစ်သည်။ ထိုရက်တွင် အကြိမ်ပြည့် ကာကွယ်ဆေးထိုးနှံပြီးသူ ၂၄ ဒသမ ၃၃ သန်းရှိ၍ ဆေးထိုးနှုန်းခြင်းကို ဆက်လက်ဆောင်ရွက်လျက်ရှိနေသည်။ တစ်နိုင်ငံလုံးတွင် ကာကွယ်ဆေး အနည်းဆုံးတစ်ကြိမ် ထိုးနှံပြီးသူများသည် အသက် ၁၈ နှစ်နှင့်အထက် လူဦးရေ၏ ၉၂ ရာခိုင်နှုန်း ခန့်ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနထံမှ သိရသည်။ ခြံုငုံပြောလျှင် မြန်မာပြည်ရှိ ကုလသမဂ္ဂအဖွဲ့များမှ အကူအညီများသည် တစ်ကြောင်းမဟုတ် တစ်ကြောင်းကြောင့် မရှိတော့ပါက အစားမထိုးနိုင်သော အကူအညီမျိုးမဟုတ်ဟု ဆိုနိုင်သည်။

(၄) ကုလသမဂ္ဂက မြန်မာပြည်၏ တည်ဆဲအစိုးရကို အသိအမှတ်မပြုပါက ကုလသမဂ္ဂအတွက် ဆိုးကျိုးပိုများမည်

ကုလသမဂ္ဂအထွေထွေညီလာခံ။ အထွေထွေညီလာခံအစည်းအဝေးများတွင် မြန်မာနိုင်ငံ၏ တည်ဆဲအစိုးရက အသိအမှတ်မပြုသော ဦးကျော်မိုးထွန်းသည် မြန်မာနိုင်ငံအတွက် ထားသော ထိုင်ခုံတွင် ထိုင်နေသည်။ သို့သော် ဦးကျော်မိုးထွန်း အနေဖြင့် အလေးထားခြင်းခံရမည် မဟုတ်။ မိမိတို့၏ နိုင်ငံအသီးသီးကို အမှန်တကယ် ကိုယ်စားပြုနေသော ကိုယ်စားလှယ်များအကြား၌ ဦးကျော်မိုးထွန်း၏ မဲနှင့် မှတ်ချက်များသည် မည်သို့မျှ အရေးမပါနိုင်။ ဥပမာ– ဦးကျော်မိုးထွန်းပေးသော မဲကိုကြည့်ပြီး မြန်မာပြည်၏ ရပ်တည်ချက်ကို သုံးသပ်မရနိုင်ဟူသည်မှာ ထင်ရှားသည်။

၂၀၂၂ ခုနှစ် မတ်လ ၂ ရက်နေ့တွင် ရုရှားကို ရှုတ်ချခဲ့သော ကုလသမဂ္ဂ အထွေထွေညီလာခံ ဆုံးဖြတ်ချက်အပေါ် မဲခွဲသည့်ကိစ္စတွင် အမေရိကန် သံတမန်ရေးရာ ဂျာနယ်တစ်စောင်ကပင် ဦးကျော်မိုးထွန်း၏ မဲသည် မြန်မာအစိုးရကို ကိုယ်စားမပြုသည့်အတွက် ထည့်စဉ်းစားလို့မရဟု ဆိုထားဏ[၁၁]။ ထို့အပြင် အထွေထွေညီလာခံ၏ ဆုံးဖြတ်ချက်များကို နိုင်ငံများက လျစ်လျူရှုတတ်ကြသည်။ ဥပမာ – နှစ်စဉ်နှစ်တိုင်း အစ္စရေးနိုင်ငံနှင့် ပတ်သက်နေသော အထွေထွေညီလာခံသည် ဆုံးဖြတ်ချက်များ အကြိမ်ကြိမ်ချမှတ်ခဲ့သော်လည်း[၁၂] အစ္စရေးနိုင်ငံက မိမိ၏အကျိုးစီးပွားနှင့် ဆန့်ကျင်နေသော ဆုံးဖြတ်ချက်များကို လျစ်လျူရှုနေသည်။

ကုလသမဂ္ဂအဖွဲ့အစည်းများ၏ အစည်းအဝေးများ။ ထိုအစည်းအဝေးများတွင်ကား ကုလသမဂ္ဂ အဖွဲ့အစည်းတစ်ခုစီနှင့် သက်ဆိုင်သော ကိစ္စရပ်များကို ဆွေးနွေးသည်။

စာမျက်နှာ ၁၀ သို့

> **❋ ယနေ့ခေတ် ကုလသမဂ္ဂဝန်ထမ်းများမှာ Code of Conduct မှ ပုဒ်မ (၃၃)သာမက ပုဒ်မ (၄၄) (၄၈)တို့ကိုပါ ချိုးဖောက်နေသည်။ မြန်မာနိုင်ငံဥပဒေအရ အကြမ်းဖက်ဟု သတ်မှတ်ထား၍ သံဃာများ၊ ဝန်ထမ်းများ၊ ဘက်မလိုက် ပြည်သူများကို သတ်နေသော NUG/PDF တို့အတွက် နယူးယောက်မြို့တွင် ရန်ပုံငွေရှာခြင်း အစရှိသည်တို့ကို ဆောင်ရွက်ကြသည်**

အဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာ(ရန်ကုန်)တွင် နေထိုင်ခွင့်ရရှိသူများအား နေအိမ် ၂၆၄ ခန်းအတွက် တိုက်ခန်းသော့နှင့် နေထိုင်ခွင့်လက်မှတ်များ ပေးအပ်

နေပြည်တော် မေ ၁၇

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်တောင်ပိုင်း မြို့နယ်ရှိ အဆင့်မြင့် စစ်မှုထမ်းဟောင်းအိမ်ရာ(ရန်ကုန်)၌ နေထိုင်ကြမည့် စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များနှင့် မိသားစုဝင်များအား အိမ်ရာနေရာချထားပေးခြင်းနှင့် နေအိမ်တိုက်ခန်းသော့နှင့် နေထိုင်ခွင့်လက်မှတ်အပ်နှင်းပွဲကို မေ ၁၆ ရက်က အဆိုပါအိမ်ရာ၌ ပြုလုပ်ရာ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ညွှန့်ဝင်းဆွေနှင့် တာဝန်ရှိသူများ၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ နိုင်ငံတော်နှင့် တပ်မတော်အတွက် အသက်ပေးလျှောခဲ့ရသည့် စစ်သည်များ၏ အမွေခံမိသားစုဝင်များက လက်ခံရယူကြသည်။ ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက အမွေခံ မိသားစုဝင်များနှင့် သက်ပြည့်စစ်မှုထမ်းဟောင်းများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာ စကားပြောကြားသည်။ ထို့နောက် တိုင်းမှူးက အဆင့်မြင့် စစ်မှုထမ်းဟောင်း အိမ်ရာ(ရန်ကုန်) တွင် နေထိုင်ခွင့်ရရှိသူများကို နေအိမ်တိုက်ခန်းသော့နှင့် နေထိုင်ခွင့်လက်မှတ်များ ပေးအပ်ရာ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များနှင့် နိုင်ငံတော်နှင့် တပ်မတော်အတွက် အသက်ပေးလျှောခဲ့ရသည့် စစ်သည်များ၏ အမွေခံမိသားစုဝင်များက လက်ခံရယူကြသည်။ ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက နှင့် မိသားစုဝင်များအတွက် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ပြီး အိမ်ရာအတွင်း လှည့်လည်ကြည့်ရှုရှု စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါ အဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာများအား နိုင်ငံတော်နှင့် တပ်မတော် တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြပြီး ကျဆုံး/သေဆုံးခဲ့ကြသည့် အရာရှိ၊ စစ်သည်များ၏ မိသားစုဝင်များ၊ ကိုယ်လက်အင်္ဂါ စွန့်လွှတ်ခဲ့ကြသက်ပြည့်အငြိမ်းစား စစ်မှုထမ်း ပေးခြင်းဖြစ်ရာ ယနေ့တွင် နေအိမ် ဖြစ်ကြောင်း သိရသည်။

ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ညွှန့်ဝင်းဆွေ စစ်မှုထမ်းဟောင်းများအတွက် တိုက်ခန်းသော့နှင့် နေထိုင်ခွင့်လက်မှတ်များ ပေးအပ်စဉ်။

ပေးလျှောခဲ့ရသည့် စစ်သည်များ၏ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ ရသည့် အရာရှိ၊ စစ်သည်များနှင့် ဟောင်းများအတွက် ဆောက်လုပ် ၂၆၄ ခန်း လွှဲပြောင်းပေးအပ်ခဲ့ခြင်း **သတင်းစဉ်**

Grade-8 သင်ရိုးသစ် သင်တန်းသို့ သင်တန်းသား ၂၃၇ ဦး တက်ရောက်

ပင်းတယ မေ ၁၇

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်း နှင့်၂၀၂၂-၂၀၂၃ ပညာသင်နှစ် Grade-8 သင်ရိုးသစ် မြို့နယ်အဆင့် ဆင့်ပွားသင်တန်းတက်ရောက်နေသည့် ပညာရေးဝန်ထမ်းများ တွေ့ဆုံပွဲကို မေ ၁၆ ရက်က ပင်းတယမြို့ အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက ကျောင်းများပြန်လည် ဖွင့်လှစ်သင်သင်ကြားမည်ဖြစ်၍ ငြိမ်းချမ်းစွာ ပညာသင်ကြားနိုင်ရန်နှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအား ပညာရေးဝန်ထမ်းများအနေဖြင့် ပိုင်းဝန်းကူညီပူးပေါင်းဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းတွင် ပင်းတယမြို့နယ်အတွင်း အခြေခံပညာကျောင်းများမှ အလယ်တန်းအဆင့် ဆရာဆရာမ သင်တန်းသား ၂၃၇ ဦး တက်ရောက်ကြပြီး ၂၀၂၂-၂၀၂၃ ပညာသင်နှစ် Grade-8 သင်ရိုးသစ် မြို့နယ်အဆင့် ဆင့်ပွားသင်တန်းအား မေ ၁၆ ရက်မှ ၁၈ ရက်အထိ ဖွင့်လှစ်သင်ကြားပို့ချပေးမည်ဖြစ်သည်။

မြို့နယ် (ပြန်/ဆက်)

ကယားပြည်နယ်အတွင်း ၂၀၂၂ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများ စတင်ထုတ်ချေး

လွိုင်ကော် မေ ၁၇

လွိုင်ကော်ခရိုင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် ကယားပြည်နယ်အတွင်းရှိ တောင်သူလယ်သမားများအား ယခုနှစ်မိုးရာသီ စိုက်ပျိုးစရိတ် ချေးငွေများကို ယနေ့နံနက်ပိုင်း မှစတင်၍ နောင်ယား(က)ရပ်ကွက်ရှိ တောင်သူ ၁၄ ဦး ၊ စပါးဧက ၈၃ ဧကအတွက် ချေးငွေကျပ်သိန်း ၁၂၄ ဒသမ ၅၀ စတင်ထုတ်ချေးပေးလျက်ရှိသည်။

အဆိုပါစိုက်ပျိုးစရိတ် ချေးငွေများကို တောင်သူလယ်သမားများအား စပါးတစ်ဧကလျှင် ငွေကျပ် ၁၅၀၀၀၀ နှုန်းနှင့် အခြားသီးနှံများအတွက် တစ်ဧကလျှင် ငွေကျပ် တစ်သိန်းနှုန်းဖြင့် ချေးငွေများ ထုတ်ပေးလျက်ရှိပြီး ချေးငွေအတိုးနှုန်းမှာ တစ်နှစ်လျှင် ၅ ရာခိုင်နှုန်းသာ ကောက်ခံသည်။

ခရိုင်မြန်မာ့ လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် ၂၀၂၂ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို ပြည်နယ်အတွင်းရှိ တောင်သူလယ်သမား ၄၄၈၅ ဦး၊ စပါး ၁၁၈၆၂ ဧက၊ အခြားသီးနှံ ဧက ၁၀၅၃၀ စုစုပေါင်း ၂၂၃၉၂ ဧကအတွက် ငွေကျပ် ၂၈၃၂ သိန်း ထုတ်ချေးရန် လျာထားသည်။

၂၀၂၀ ပြည့်နှစ် မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေများကို ပြည်နယ်အတွင်းရှိ တောင်သူလယ်သမားစုစုပေါင်း ၆၁၂၁ ဦး၊ စပါးနှင့် အခြားသီးနှံဧက စုစုပေါင်း ၃၁၂၁၄ ဧကအတွက် ငွေကျပ် သိန်း ၃၉၈၉၀ ဒသမ ၅၀ ထုတ်ချေးပေးခဲ့ကြောင်း လွိုင်ကော်ခရိုင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မန်နေဂျာ ဦးဇော်မင်းခိုင်ထံမှ သိရသည်။

ကိုဇင်(လွိုင်ကော်)

စာမျက်နှာ ၉ မှ

ဥပမာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)သည် နိုင်ငံများ၏ ကိုဗစ်ရောဂါ အခြေအနေ၊ ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ် (UNDP) သည် နိုင်ငံများ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုး တိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်များ (SDGs)၊ UNICEF သည် ကလေးသူငယ်များ၏ အခြေအနေ၊ အစရှိသဖြင့် အဖွဲ့ဝင်နိုင်ငံများမှလာသော အစီရင်ခံစာများကို အခြေခံ၍ ဆွေးနွေးသည်။

တည်ဆဲအစိုးရကိုလက်မခံပါက မြန်မာပြည်မှ အချက်အလက်များကို မည်သို့မျှ ဦးကျော်မိုးထွန်းတို့အဖွဲ့ထံမှ မရနိုင်။ ဥပမာအားဖြင့် ကိုဗစ်ရောဂါပြန့်ပွားမှုများ ကာကွယ်ဆေးထိုးအခြေအနေများကို မြန်မာနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနသာလျှင် တင်ပြနိုင်မည်ဖြစ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံ၏ တည်ဆဲအစိုးရအဖွဲ့နှင့် မဆက်ဆံလိုသော ကုလသမဂ္ဂအဖွဲ့အစည်းများသည် အချက်များ database များ ပြည့်စုံမည်မဟုတ်။ ယခုအခါ မြန်မာပြည်တွင်းရှိ ကုလသမဂ္ဂအဖွဲ့အစည်းများ အနက် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) သာလျှင်မြန်မာအစိုးရနှင့်စားနပ်ရိက္ခာကိစ္စအတွက် ပူးပေါင်းဆောင်ရွက်ခြင်းရှိသည်။

ရှေ့ဆက်ရန်လမ်း။ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် ချုပ်ဆိုထားသောစာချုပ်များ သက်တမ်းကုန်ဆုံးသောအခါ မြန်မာနိုင်ငံ၏တည်ဆဲအစိုးရကို အသိအမှတ်မပြုလျှင် စာချုပ်အသစ် ထိုးနိုင်မည်မဟုတ်။ အပိုင်း(၃)တွင်ဆွေးနွေးပြီးသည့်အတိုင်း ကုလသမဂ္ဂအဖွဲ့အစည်းများမှ ထောက်ပံ့မှုသည် အစားထိုးမရသော အရာမဟုတ်။ ကုလသမဂ္ဂ ပရိုဂရမ်များ ရပ်စဲသွားပါက မြန်မာနိုင်ငံ ကုလသမဂ္ဂ ရုံးများတွင်လုပ်နေသော နိုင်ငံခြားသားအချို့၊ မြန်မာဝန်ထမ်းများနှင့် ကုလသမဂ္ဂထောက်ပံ့မှုရနေသော NGO ဝန်ထမ်းများသာ အဓိကနစ်နာမည်ဖြစ်သည်။

နိဂုံး

ယနေ့ယခု ကုလသမဂ္ဂသည် ကျွန်မအလုပ်စဝင်ခဲ့သော ကုလသမဂ္ဂမဟုတ်တော့ပါ။ ထိုခေတ်က UNICEF ဝန်ထမ်းများသည် နိုင်ငံရေးမလုပ်၊ ဘက်လည်းမလိုက်။ နာမည်အကြီးဆုံး အအောင်မြင်ဆုံး UNICEF Executive Director Mr James P Grant ၏လက်ထက်တွင် UNICEF ဝန်ထမ်းများသည် ကလေးသူငယ်များ၏ ကျန်းမာရေး၊ အာဟာရနှင့် ပညာရေးတို့ကိုသာ ပဓာနထား၍ အစိုးရမျိုးစုံနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည်။ UNICEF ဝန်ထမ်းများသည်လည်း ကုလသမဂ္ဂ ဝန်ထမ်းများ စောင့်ထိန်းရမည့် စည်းကမ်း (International Civil Service Code of Conduct [၁၃]) ပုဒ်မ (၃၃) နှင့်အညီ မည်သည့်အစိုးရကိုမျှ ဝေဖန်ခြင်း၊ ဝင်စွက်ခြင်း မပြုခဲ့ပါ။ ထိုစဉ်က UNICEF ဝန်ထမ်းတစ်ယောက် ဖြစ်ရသည်ကို ကျွန်မဂုဏ်ယူနိုင်အားရှိခဲ့ပါသည်။

ယနေ့ခေတ် ကုလသမဂ္ဂဝန်ထမ်းများမှာ Code of Conduct မှ ပုဒ်မ (၃၃)သာမက ပုဒ်မ (၄၄)(၄၈)တို့ကိုပါ ချိုးဖောက်နေသည်။ မြန်မာနိုင်ငံ ဥပဒေအရ အကြမ်းဖက်ဟု သတ်မှတ်ထား၍ သံဃာများ၊ ဝန်ထမ်းများ၊ ဘက်မလိုက် ပြည်သူများကို သတ်နေသော NUG/PDF တို့အတွက် နယ်ယောက်မြို့တွင် ရန်ပုံငွေရှာခြင်း အစရှိသည်တို့ကို ဆောင်ရွက်ကြသည်။

နောက်ဆုံးပြောလိုသည်မှာ မြန်မာနိုင်ငံအစိုးရ၏ ကုလသမဂ္ဂနှင့် ဆက်ဆံရာတွင် မကြာသေးမီက ဖြစ်ခဲ့သည့် COVAX မှ ကိုဗစ်ကာကွယ်ဆေးများကို ကိုင်တွယ်ခဲ့ပုံမှာ ကောင်းမွန်သော မဟာဗျူဟာ ဖြစ်သည်။ ဆိုလိုသည်မှာ **ကုလသမဂ္ဂအဖွဲ့အစည်းများကို အားမကိုးဘဲ မိမိပြည်သူများ အတွက် လိုအပ်သည်များကို ဖြစ်သည့်နည်းဖြင့် ဆက်လုပ်၍ ကုလသမဂ္ဂက ကူညီမည်ဆိုပါက ထိုအကူအညီကို အလျဉ်းသင့်သလို လက်ခံနိုင်သည်။** ကုလသမဂ္ဂ ဟူသည်မှာလည်း အဖွဲ့အစည်း တစ်ခုတည်း မဟုတ်ဘဲ မတူကွဲပြားနေသည့်အတွက် ခွဲခြားဆက်ဆံ၍ ရပါသည်။ ပြည်သူများ၏အကျိုးကို ရှေးရှု၍ စားနပ်ရိက္ခာထောက်ပံ့မှုများဖြင့် ဆက်လက်ပူးပေါင်းဆောင်ရွက်နေသော WFP ကဲ့သို့အဖွဲ့များ လည်းရှိသည်။ အထောက်အထားများဖြင့် တင်ပြခဲ့သော ကုလသမဂ္ဂနှင့်စပ်လျဉ်းသည့် အချက်လေးချက်ကို သိရှိပြီးနောက် ကုလသမဂ္ဂ အကြောင်း ပိုမိုသဘောပေါက်လာမည်ဟု မျှော်လင့်ပါသည်။

အညွှန်းများ

[၁] https://www.un.org/en/about-us/un-charter/full-text

[၂] (က) http://www.chinatoday.com.cn/ctenglish/2018/commentaries/202111/t20211105_800262615.html

(ခ) United Nations General Assembly Resolution 2758.

[၃] (က) Ramses Amer. 1990. https://doi.org/10.1080/14672715.1990.10413112

(ခ) https://www.bbc.com/news/world-asia-pacific-13006828

[၄] https://williamblum.org/essays/read/overthrowing- other -peoples-governments-the-master-list

[၅] https://reliefweb.int/report/myanmar/unicef-country-programme-2018-2022-myanmar

[၆] 2020 UN Country Annual Results Report—Myanmar. https://myanmar.un.org/sites/default/files/2021-09/UNCT%20Annual%20Report%202020_Web.pdf

[၇] Government of the Union of Myanmar, 2015. http://documents.worldbank.org/curated/en/646661467990966084/pdf/103631-WP-P157276-PUBLIC-PFLNA-Report-2016.pdf

[၈] ဒုတိယသမ္မတ ဦးဥာဏ်ထွန်းဦးဆောင်ခဲ့သော အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ အကြံပေးအဖွဲ့မှ ဒေါက်တာဇော်ဦး (အတွင်းရေးမှူး) နှင့် ဒေါက်တာရင်ရင်နွယ် (ဥက္ကဋ္ဌ)၏ ခန့်မှန်းချက်။

[၉] အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီကို တင်ပြသော အစီရင်ခံစာများ

[၁၀] https://www.gavi.org/covax-facility

[၁၁] https://thediplomat.com/2022/03/how-did-asian-countries-vote-on-the-uns-ukraine-resolution/

[၁၂] https://www.jewishvirtuallibrary.org/unga-resolutions-2010-present#19

[၁၃] https://icsc.un.org/Resources/General/Publications/standardsE.pdf

အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့ ဂုဏ်ပြုဆောင်းပါး

၂၀၂၂ ခုနှစ် အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့

ဒေါက်တာအေးအေးသင်း၊ အမျိုးသားပြတိုက် (နေပြည်တော်)

အပြည်ပြည်ဆိုင်ရာပြတိုက်များကောင်စီ (International Council Of Museums)ကို ကမ္ဘာတစ်ဝန်းလုံးရှိ ပြတိုက်များ တစုတစည်းတည်း ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် ၁၉၄၆ ခုနှစ်၌ စတင်ဖွဲ့စည်းခဲ့သဖြင့် ၂၀၂၁ ခုနှစ်တွင် ၇၅ နှစ်မြောက် စိန်ရတုပြည့်မြောက်ခဲ့ပြီ ဖြစ်ပါသည်။

အပြည်ပြည်ဆိုင်ရာပြတိုက်များကောင်စီ

အပြည်ပြည်ဆိုင်ရာ ပြတိုက်များကောင်စီ (International Council of Museums –ICOM) ရုံးသည် ပြင်သစ်နိုင်ငံ ပါရီမြို့တွင် တည်ရှိပါသည်။ ICOM သည် နိုင်ငံတကာအဖွဲ့အစည်းတစ်ခုဖြစ်ကာ ၂၀၂၁ ခုနှစ်အထိ အဖွဲ့ဝင်ပေါင်း ၄၀၀၀၀ ကျော်ရှိပြီး အမျိုးသားကော်မတီများကိုယ်စီဖွဲ့စည်းထားသည့် နိုင်ငံပေါင်း ၁၁၉ နိုင်ငံနှင့် အပြည်ပြည်ဆိုင်ရာကော်မတီ ၃၀ ကို ကိုယ်စားပြုသည့် ပြတိုက်ပညာရှင်များ အဖွဲ့ဝင်အဖြစ် ပါဝင်ဖွဲ့စည်းထားပါသည်။ နိုင်ငံများနှင့် ဒေသများ၊ အပြည်ပြည်ဆိုင်ရာကော်မတီများ စုစုပေါင်း ၁၄၁ ခုမှ ပြတိုက်ပညာရှင်များဖြင့် ဖွဲ့စည်းထားသည့် နိုင်ငံအချင်းချင်း ဆက်သွယ်ဆောင်ရွက်ရေးဆိုင်ရာ ဖိုရမ်တစ်ခုကိုလည်း ဖွဲ့စည်းထားသည်။ ပြတိုက်ကျင့်ဝတ်ဆိုင်ရာကိစ္စများတွင်လည်း ဦးဆောင်ဦးရွက်ပြု ဆောင်ရွက်နေသည့် အဖွဲ့အစည်းတစ်ခုလည်း ဖြစ်သည်။ ပြတိုက်ကျင့်ဝတ်များကို ဘာသာစကား ၃၉ မျိုးဖြင့် ထုတ်ဝေထားပါသည်။ ICOM သည် အများနှင့် သက်ဆိုင်သော အဖွဲ့အစည်းတစ်ခုဖြစ်ပြီး ရုံးသုံးဘာသာစကားအဖြစ် အင်္ဂလိပ်၊ ပြင်သစ်နှင့် စပိန်ဘာသာစကားများကို အသုံးပြုပါသည်။ ICOM အဖွဲ့ဝင်ခြင်းဖြင့် နိုင်ငံတကာပြတိုက်အဖွဲ့အစည်းများနှင့် ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ကာ ခေတ်မီနည်းပညာများ ဖလှယ်နိုင်ပြီး အချင်းချင်း အမြင်ချင်းဖလှယ် ဆွေးနွေးသုံးသပ်ခြင်းဖြင့် ပြတိုက်များ၏အနာဂတ် ပိုမိုကောင်းမွန်လာစေမည်ဖြစ်သည်။ မြန်မာနိုင်ငံရှိ ပြတိုက်များသည်လည်း နိုင်ငံတကာပြတိုက်များနှင့် ပိုမိုပူးပေါင်းဆောင်ရွက်နိုင်စေရန်အတွက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက အဓိက ဦးဆောင်အဖွဲ့အစည်းအနေဖြင့် တာဝန်ယူ၍ ၂၀၁၆ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာပြတိုက်များကောင်စီအဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့ပါသည်။

အပြည်ပြည်ဆိုင်ရာပြတိုက်များ ကောင်စီ၏ဆောင်ရွက်ချက်များ

အပြည်ပြည်ဆိုင်ရာပြတိုက်များကောင်စီသည် ကမ္ဘာ့ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့၊ အပြည်ပြည်ဆိုင်ရာ မှူခင်းရဲတပ်ဖွဲ့နှင့် ကမ္ဘာ့အကောက်ခွန် အဖွဲ့အစည်းတို့နှင့် ပူးပေါင်းကာ ယဉ်ကျေးမှုဆိုင်ရာပစ္စည်းများ တရားမဝင်သယ်ယူပို့ဆောင်မှုများကို တားဆီးကာကွယ်ခြင်း၊ ယဉ်ကျေးမှုနှင့် အသိပညာတိုးတက်စေရန် ဆောင်ရွက်ခြင်း၊ ဒြပ်ရှိ၊ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို ကာကွယ်စောင့်ရှောက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။ ICOM မှ ပြတိုက်နှင့် ပတ်သက်သည့် ICOM News မဂ္ဂဇင်းကို အွန်လိုင်းမှ ဖြန့်ချိပေးခြင်းဖြင့်လည်း ကမ္ဘာတစ်ဝန်းရှိ ပြတိုက်များအကြောင်းကို မည်သူမဆို လေ့လာနိုင်စေရန် စီစဉ်ထားပါသည်။ ICOM သည် သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်စေ၊ လူသားတို့၏ ဘေးအန္တရာယ်ကြောင့်ဖြစ်စေ ယဉ်ကျေးမှုအမွေအနှစ်ပစ္စည်းများ ပျက်စီးဆုံးရှုံးမှုမှ ကာကွယ်ပေးရန် ဖွဲ့စည်းထားသည့် The International committee of the Blue Shield (ICBS) အဖွဲ့ဝင်လည်း ဖြစ်ပါသည်။

အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့ သမိုင်းကြောင်း

ယဉ်ကျေးမှုများဖလှယ်ခြင်း၊ ယဉ်ကျေးမှုများ တိုးတက်ထွန်းကားခြင်း၊ လူသားအချင်းချင်း စာနာနားလည်ခြင်း၊ လူအချင်းချင်း ငြိမ်းချမ်းစွာ ပူးပေါင်းဆောင်ရွက်ခြင်း စသည်တို့နှင့်ပတ်သက်၍ ပြတိုက်များသည် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နေကြောင်းကို သိရှိနိုင်စေရန် ရည်ရွယ်ချက်ဖြင့် အပြည်ပြည်ဆိုင်ရာပြတိုက်များ ကောင်စီက နှစ်စဉ်မေလ ၁၈ ရက်နေ့ကို "အပြည်ပြည်ဆိုင်ရာ ပြတိုက်များနေ့" အဖြစ် ၁၉၇၇ ခုနှစ်မှ စတင်သတ်မှတ်ကာ နှစ်စဉ် အစဉ်အလာမပျက် ကျင်းပပြုလုပ်ခဲ့သည်မှာ ၄၅ နှစ်တိုင်ခဲ့ပြီ ဖြစ်ပါသည်။ "အပြည်ပြည်ဆိုင်ရာ ပြတိုက်များနေ့" အထိမ်းအမှတ်အဖြစ် အခမ်းအနားများ၊ ပျော်ပွဲရွင်ပွဲများ၊ ပြပွဲများကို တစ်နှစ်ပတ်လုံးဖြစ်စေ၊ မေလတစ်လလုံးဖြစ်စေ၊ မေလ ၁၈ ရက်နေ့ တစ်နေ့တည်းဖြစ်စေ ကျင်းပပြုလုပ်လေ့ရှိကြသည်။ "အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့" ကို နှစ်စဉ်ကမ္ဘာတစ်ဝန်းရှိ ပြတိုက်ထောင်ပေါင်းများစွာ ပါဝင်ဆင်နွဲလေ့ရှိပါသည်။ မြန်မာနိုင်ငံတွင်လည်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနလက်အောက်ရှိ ပြတိုက်များက "အပြည်ပြည်ဆိုင်ရာ ပြတိုက်များနေ့" ရောက်တိုင်း ပြတိုက်ဝင်ကြေးအခမဲ့ဖြင့် ဧည့်သည်များကို ဝင်ရောက်လေ့လာခွင့်ပေးသည့်အပြင် အပြည်ပြည်ဆိုင်ရာ ပြတိုက်များကောင်စီ (မြန်မာ)က ကြီးမှူး၍ အထိမ်းအမှတ်အခမ်းအနားများ၊ ဆွေးနွေးပွဲများ၊ စာတမ်းဖတ်ပွဲများကို နှစ်စဉ်ကျင်းပလေ့ရှိပါသည်။

အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့ ဆောင်ပုဒ်များ

အပြည်ပြည်ဆိုင်ရာပြတိုက်များကောင်စီက "အပြည်ပြည်ဆိုင်ရာ ပြတိုက်များနေ့" အတွက် လတ်တလောအဖြစ်အပျက်များနှင့် ကိုက်ညီသည့် ဆောင်ပုဒ်များကို ၁၉၉၂ ခုနှစ်မှစတင်၍ နှစ်စဉ်ချမှတ်ခဲ့ကြပြီး ပိုစတာများကိုမူ ၁၉၉၇ ခုနှစ်တွင် စတင်ပြုလုပ်ခဲ့ကြသည်။ ၂၀၁၆ ခုနှစ် အပြည်ပြည်ဆိုင်ရာပြတိုက်များဆောင်ပုဒ်မှာ Museums and Cultural Landscape "ပြတိုက်များနှင့် ယဉ်ကျေးမှုဆိုင်ရာ အခင်းအကျင်းများ"၊ ၂၀၁၇ ခုနှစ်ဆောင်ပုဒ်မှာ Museums and the contested histories: Saying the unspeakable in museums "ယှဉ်ပြိုင်သမိုင်း၊ သိုင်းဝိုင်းပြောကြား၊ ပြတိုက်ထဲက ပြသပစ္စည်းများ"၊ ၂၀၁၈ ခုနှစ်ဆောင်ပုဒ်မှာ Hyperconnected Museums : New approaches, New Publics" ခေတ်သစ်လူထုဆက်သွယ်ရေး၊ ပြတိုက်အချင်းချင်း ဆက်သွယ်ပေး"၊ ၂၀၁၉ ခုနှစ်ဆောင်ပုဒ်မှာ Museums Cultural Hubs: The Future of Tradition " ရိုးရာယဉ်ကျေးမှုအစဉ်အလာများ၏ အနာဂတ်အရေး၊ ပြတိုက်များက ဗဟိုပြု ဖော်ဆောင်ပေး"၊ ၂၀၂၀ ပြည့်နှစ် ဆောင်ပုဒ်မှာ Equality: Diversity and Inclusion "မတူကွဲပြားပါဝင်ခြင်းများ၊ တန်းတူညီမျှပြတိုက်များ"၊ ၂၀၂၁ ခုနှစ် ဆောင်ပုဒ်မှာ The Future of Museum: Recover and Reimagine "ပြတိုက်များ၏ အနာဂတ်အရေး၊ ပြန်လည်ထူထောင်ပုံဖော်ပေး" တို့ဖြစ်ပါသည်။

၂၀၂၂ ခုနှစ် အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့ဆောင်ပုဒ်

ယခုနှစ် ၂၀၂၂ ခုနှစ်၏ ဆောင်ပုဒ်မှာ The Power of Museums "လူ့ဘောင်လောက တိုးတက်ဖို့၊ ပြတိုက်စွမ်းအားဖြင့်မြှင့်တင်စို့" ဖြစ်ပါသည်။ ၂၀၂၂ ခုနှစ် အပြည်ပြည်ဆိုင်ရာ ပြတိုက်များနေ့ ဆောင်ပုဒ်အတွက် ရေးဆွဲထားသည့် ပိုစတာပုံတွင် သက်တံရောင်စုံဖြာနေသောလက်မှ လွင့်တက်နေသည့် စွမ်းအားရှင်မျက်လုံး၏ အစွမ်းဖြင့် ဖန်ဆင်းထားသော ရောင်စုံသက်တံများဖြာနေသည့် မှော်ငွေ့တန်းများအကြားတွင် သစ်ရွက်များ၊ ပန်းပွင့်များ ဝေဆာစွာပေါ်ထွက်လာပုံကို သရုပ်ဖော်ထားပါသည်။ ဤပုံတွင်ရေးဆွဲထားသော စွမ်းအားရှင် မျက်လုံးသည် သဘာဝလွန် ယုံကြည်မှုတစ်ခုပင်ဖြစ်ပြီး ဘီစီ ၆ ရာစုနှစ်ကပင် ရှေးဟောင်းဂရိနှင့် ရောမနိုင်ငံများ၌ ပေါ်ထွန်းခဲ့ကာ ယခုခေတ်အချိန်အထိပင် အဆောင်အဖြစ် အသုံးပြုလျက်ရှိကြသည်။ ထိုမျက်လုံးသည် မကောင်းဆိုးဝါးအန္တရာယ်များ၊ မကောင်းသည့် အကျိုးသက်ရောက်မှုများ ကျရောက်ခြင်းတို့ကို ဖယ်ရှားပေးပြီး ကံကောင်းခြင်းများကို ပေးစွမ်းနိုင်သည့်အပြင် စိတ်အေးချမ်းမှုကိုလည်း ပေးနိုင်သည်ဟု ယုံကြည်ကြသဖြင့် စွမ်းအားရှင်မျက်လုံးကို ကံကောင်းခြင်းအဆောင်အဖြစ် လက်ကောက်၊ ဆွဲကြိုးစသည်ဖြင့် ပြုလုပ်၍ ဆောင်ထားတတ်ကြလေသည်။

ပိုစတာပုံ၏ ဆိုလိုရင်းမှာ စွမ်းအားရှင်မျက်လုံးကဲ့သို့ စွမ်းအားရှိသည့် ပြတိုက်များက လူ့ဘောင်လောကကြီးကို သာယာလှပစေရန်နှင့် တိုးတက်စေရန်အတွက် ခေတ်မီနည်းပညာရပ်များအသုံးချ၍ ပြည်သူလူထုကို အသိပညာပေးနိုင်သည့်အပြင် ကမ္ဘာကြီး စဉ်ဆက်မပြတ် ရှင်သန်တိုးတက်နေစေရန်တို့ကိုလည်း ဆောင်ရွက်ပေးနိုင်ကြောင်း ဖော်ညွှန်းထားခြင်းဖြစ်ပါသည်။

ထို့ကြောင့် ကမ္ဘာကြီးစဉ်ဆက်မပြတ် ဖြစ်တည်နေစေရန်နှင့် လူ့ဘောင်လောကကြီး တိုးတက်ဖြစ်ပေါ်လာစေရန်တို့အတွက် ပြတိုက်များသည် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်နေကြောင်းကို စိန်ရတုပြည့်မြောက်ခဲ့ပြီဖြစ်သော အပြည်ပြည်ဆိုင်ရာပြတိုက်များ ကောင်စီ၏ (၄၅)နှစ်မြောက် အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့တွင် ဂုဏ်ယူလေးစားစွာ ရေးသားတင်ပြရင်း ၂၀၂၂ ခုနှစ် အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့ကို ဂုဏ်ပြုလိုက်ရပါသည်။ ။

- **ယဉ်ကျေးမှုများဖလှယ်ခြင်း၊ ယဉ်ကျေးမှုများ တိုးတက်ထွန်းကားခြင်း၊ လူသားအချင်းချင်း စာနာနားလည်ခြင်း၊ လူအချင်းချင်း ငြိမ်းချမ်းစွာ ပူးပေါင်းဆောင်ရွက်ခြင်း စသည်တို့နှင့် ပတ်သက်၍ ပြတိုက်များသည် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်နေ**
- **စွမ်းအားရှင်မျက်လုံးကဲ့သို့ စွမ်းအားရှိသည့် ပြတိုက်များက လူ့ဘောင်လောကကြီးကို သာယာလှပစေရန်နှင့် တိုးတက်စေရန်အတွက် ခေတ်မီနည်းပညာရပ်များအသုံးချ၍ ပြည်သူလူထုကို အသိပညာပေးနိုင်သည့်အပြင် ကမ္ဘာကြီး စဉ်ဆက်မပြတ် ရှင်သန်တိုးတက်နေစေရန်တို့ကိုလည်း ဆောင်ရွက်ပေးနိုင်ကြောင်းဖော်ညွှန်း**

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၈-၅-၂၀၂၂ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး	ကျိုင်းတုံ
92 Ron	၂၁၈၀	၂၂၂၅	၂၂၂၀	၂၁၈၅	၂၂၂၀	၂၂၄၅	၂၂၃၀	၂၂၁၀	၂၃၀၅	၂၃၂၀	၂၂၁၅	၂၂၂၅	၂၂၆၀	၂၂၆၀	၂၂၆၀	၂၄၈၀	၂၄၃၀
95 Ron	၂၂၃၅	၂၂၈၀	၂၂၈၀	၂၂၄၀	၂၂၈၀	၂၃၀၀	၂၂၈၅	၂၂၆၅	၂၃၆၀	၂၃၇၅	၂၂၇၀	၂၂၉၀	၂၃၁၅	၂၃၁၅	၂၃၂၀	၂၅၃၅	၂၆၀၅
HSD (500 ppm)	၂၂၀၀	၂၂၄၅	၂၂၄၀	၂၂၀၅	၂၂၄၅	၂၂၆၅	၂၂၆၀	၂၂၃၀	၂၃၄၅	၂၃၄၀	၂၂၃၅	၂၂၄၅	၂၂၈၀	၂၂၈၀	၂၂၈၅	၂၅၀၀	၂၆၉၀
HSD (50 ppm)	၂၂၂၅	၂၂၇၅	၂၂၇၀	၂၂၃၅	၂၂၇၀	၂၂၉၅	၂၂၉၀	၂၂၆၀	၂၃၇၅	၂၃၇၀	၂၂၆၅	၂၂၇၅	၂၃၁၀	၂၃၁၀	၂၃၁၀	၂၅၃၀	၂၇၂၅
HSD (10 ppm)	၂၂၂၅	၂၂၇၅	၂၂၇၀	၂၂၃၅	၂၂၇၀	၂၂၉၅	၂၂၉၀	၂၂၆၀	၂၃၇၅	၂၃၇၀	၂၂၆၅	၂၂၇၅	၂၃၁၀	၂၃၁၀	၂၃၁၀	၂၅၃၀	၂၇၂၅

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၂၀၇၄	၂၁၄၉
95 Ron	၂၁၂၉	၂၂၀၅
HSD (500 ppm)	၂၀၉၅	၂၁၆၆
HSD (50 ppm)	၂၁၂၂	၂၁၉၄
HSD (10 ppm)	၂၁၂၂	၂၁၉၄

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဗန်းမောက် - ဟုမ္မလင်း မြေသားလမ်းတချို့၌ ပျက်စီးနေ၍ ခရီးသည်တင်ယာဉ်များ သွားလာရေးအခက်အခဲဖြစ်နေ

ဗန်းမောက် မေ ၁၇

မိုးသည်းထန်စွာ အဆက်မပြတ် ရွာသွန်းနေမှုကြောင့် စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ်နှင့် ဟုမ္မလင်းမြို့နယ်ချင်းဆက် မြေသားလမ်းပိုင်းတချို့မှာ ယခုအခါပျက်စီးနေ၍ ယာဉ်များသွားလာရေးအခက်အခဲများ ကြုံတွေ့နေရကြောင်း သိရသည်။

မေ ၁ ရက်မှစ၍ ယနေ့အချိန်အထိ အဆက်မပြတ် မိုးသည်းထန်စွာ ရွာသွန်းနေမှုကြောင့် ဗန်းမောက် - အနောက်တော-နမ့်စက်-ဟုမ္မလင်း ကိုယ့်အားကိုယ်ကိုး မြေသားလမ်းမှာ ရွှံ့စေးများ၊ ဇွက်အိုင်များနှင့် တောင်ကမ်းပါးယံများမှ မြေများလမ်းအတွင်းသို့ ပြိုကျပျက်စီးနေခြင်းနှင့် တောင်ဆင်း တောင်တက်များ ပေါများခြင်းတို့ကြောင့် ဟုမ္မလင်း - မန္တလေး၊ နမ့်တော - မန္တလေး၊ နောင်ပိုအောင် - မန္တလေး သို့ အသွားအပြန် ပြေးဆွဲနေကြသော ခရီးသည်တင် လိုင်းကားငယ်များမှာ သွားလာရေးအခက်အခဲများဖြင့် ကြုံတွေ့နေရပြီး လမ်းချော်၍ မတက်ရောက်နိုင်ခြင်း၊ ရွှံ့ဇွက်အိုင်ကြီးများကို ဖြတ်သန်းမောင်းနှင်ရခြင်းနှင့် ပြိုကျလာသည့် မြေစာများကို ဖယ်ရှားရှင်းလင်း၍ မောင်းနှင်သွားလာရခြင်းများကြောင့် လိုရာခရီးသို့ မရောက်နိုင်သဖြင့် လမ်းပိုင်းအချို့တို့တွင် ညအိပ်ရပ်နားပြီးမှသာ ဖြတ်သန်းမောင်းနှင်နေကြရကြောင်း ကားသမားများထံမှ သိရသည်။

မန္တလေး - ဟုမ္မလင်း လမ်းပိုင်းဖြစ်သည့် ပင်လည်ဘူး-ဖောင်းပြင်လမ်းမှာ လွန်ခဲ့သော သုံးလပိုင်းအတွင်းက ပိတ်ထားသဖြင့် ဟုမ္မလင်းမှ မန္တလေးသို့ ပြေးဆွဲနေကြသည့် ယာဉ်ငယ်များမှာ ဗန်းမောက်မြို့ကို ဖြတ်ကာ ပြေးဆွဲနေကြရခြင်းဖြစ်ပြီး ခရီးမိုင်အားဖြင့် သက်သာသော်လည်း မိုးရွာသွန်းပါက မြေသားလမ်းဖြစ်သည့်အတွက် လမ်းမှာ ပျက်စီးလာပြီး မိုးရာသီတွင် မသွားလာသင့်ကြောင်း သိရသည်။

"မြေသားလမ်းလည်းဖြစ်တော့ မိုးရွာပြီဆို တချို့နေရာတွေမှာ ဇွက်တွေကထ၊ တောင်ကမ်းပါးယံက မြေတွေကပြို၊ တောင်တက်တောင်ဆင်းကလည်းချော်တော့ သွားလာရေး ခက်ခဲနေပြန်ပါတယ်။ ဗန်းမောက်လမ်းက အလွန်ကြမ်းတယ်ဗျာ။ ပင်လည်ဘူး - ဖောင်းပြင်လမ်းကြီး အမြန်ပြန်ဖွင့်ပေးစေချင်တယ်ဗျာ"ဟု ဟုမ္မလင်းမှ မန္တလေးသို့ ပြေးဆွဲနေသော ကားအသင်းမှ ကားသမားတစ်ဦးက ပြောသည်။

အဆိုပါလမ်းပိုင်းကို ၂၀၁၅ ခုနှစ်က ဟုမ္မလင်းမြို့နယ် ရှမ်းနီစာပေယဉ်ကျေးမှုမှ ဦးဆောင်နာယက ဆရာတော်များဖြစ်သည့် မေယိန္ဒာရာမ ကျောင်းတိုက်ဆရာတော်၊ နမ့်စက်ကျေးရွာကျောင်းတိုက် ဆရာတော်၊ ဟုမ္မလင်းဘုရားငါးဆူပရိယတ္တိစာသင်တိုက် ဆရာတော်နှင့် ရွှေမြင်းတင်ကျောင်းတိုက်ဆရာတော်တို့ ဦးဆောင်၍ ပြည်သူလူထု ထည့်ဝင်လှူဒါန်းငွေများနှင့် ရွှေလုပ်ငန်းရှင်ကြီးများ၏ ထည့်ဝင်ငွေများဖြင့် ကိုယ့်အားကိုယ်ကိုး ဖောက်လုပ်ခဲ့သော မြေသားလမ်းဖြစ်ပြီး နွေရာသီအချိန်တွင် သွားလာရေးကောင်းမွန်၍ ဟုမ္မလင်းမှ မန္တလေးခရီးစဉ်ကို ကြာချိန်ငါးနာရီခန့် လျှော့ချနိုင်မည်ဖြစ်သောကြောင့် ယင်းမြေသားလမ်းပိုင်းအား ရာသီမရွေးသွားလာနိုင်ရန် ကတ္တရာလမ်း သို့မဟုတ် ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ပေးစေလိုကြောင်း ခရီးသွားပြည်သူများနှင့် ကားသမားများက လိုလားနေကြကြောင်း သိရသည်။

လှိုင်ဘွား(ဗန်းမောက်)

ပဲခူးမြို့ ဖောင်းတူ(၂) ဘိနယ်ကျောက်ဖားအနီးတွင် မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲကျင်းပ

ပဲခူး မေ ၁၇

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့၌ ၂၀၂၂ ခုနှစ် မိုးရာသီအကြိုကာလတွင် ဖောင်းတူ(၂) ဘိနယ် ကျောက်ဖား သစ်တောစခန်းအနီး သစ်တောသစ်ပင်များ စိမ်းလန်းစိုပြည်စေရေး၊ သစ်တောပြုန်းတီးမှုများ မဖြစ်ပေါ်စေရေးနှင့် ကာကွယ်ထိန်းသိမ်းနိုင်ရန် မြို့နယ်သစ်တောဦးစီးဌာနမှ မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲတော်ကို ယမန်နေ့က ကျင်းပသည်။

မြို့နယ်သစ်တောဦးစီးဌာနအနေဖြင့် သစ်တောသစ်ပင်များ ထိန်းသိမ်းခြင်း၊ သစ်တောစိုက်ခင်းများ ထူထောင်ခြင်းဖြင့် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်၍ ဒေသအပူချိန်လျှော့ချနိုင်စေရန်နှင့် ဂေဟစနစ် ပြုပြင်ထိန်းသိမ်းဆောင်ရွက်နိုင်စေရန် ကျွန်းပျိုးပင် ၅၁၀ ကို စိုက်ပျိုးခဲ့သည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတော်သို့ တိုင်းဒေသကြီး သစ်တောဦးစီးဌာနမှ ညွှန်ကြားရေးမှူးနှင့် ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးတို့ ဦးဆောင်သော သစ်တောဝန်ထမ်း ၂၀၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ တိုက်ကြီးစခန်း၊ ဖောင်းတူစခန်းတို့မှ ရဲတပ်ဖွဲ့ဝင်အင်အား ၁၀ ဦး၊ ဖောင်းတူကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်/ကျေးအဖွဲ့ဝင် ၁၀ ဦးနှင့် ဒေသခံပြည်သူ ၂၀ စုစုပေါင်းအင်အား ၆၀ ခန့်က မိုးရာသီအကြိုရေလောင်း၍ သစ်ပင်စိုက်ပျိုးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

ကမ္ဘောဒီးယားဝန်ကြီးချုပ် လက်ရှိအသုံးပြုနေသည့် မွေးနေ့ရက်စွဲကို အမှန်တကယ်မွေးဖွားခဲ့သည့် မွေးနေ့ရက်စွဲနှင့် အစားထိုးပြောင်းမည်

ဖနောင်ပင် မေ ၁၇

ကမ္ဘောဒီးယားဝန်ကြီးချုပ် ဆမ်ဒက်တက်ချိုဟွန်ဆန်က သူ၏တရားဝင် အသုံးပြုနေသည့် မွေးနေ့ရက်စွဲကို သူ အမှန်တကယ် မွေးဖွားခဲ့သည့် မွေးနေ့ရက်စွဲနှင့် ပြောင်းရန်ဆုံးဖြတ်ခဲ့ကြောင်း ပြောကြားလိုက်သည်။

အမှန်တကယ်မွေးနေ့ရက်စွဲ

ဟွန်ဆန်က သူ၏လက်ရှိ တရားဝင် အသုံးပြုနေသည့် ရက်စွဲသည် ဧပြီ ၄ရက် ၁၉၅၁ ခုနှစ်ဖြစ်ကြောင်း၊ သို့သော်လည်း သူ၏အမှန်တကယ်မွေးနေ့ရက်စွဲသည် သြဂုတ် ၅ ရက် ၁၉၅၂ ခုနှစ် ဖြစ်ကြောင်း၊ အဆိုပါနှစ်မှာ ၁၂ ရာသီခွင်တွင် နဂါးနှစ်ဖြစ်ကြောင်း ပြောကြားသည်။

မွေးနေ့ရက်စွဲ အမှားကို ဆယ်စုနှစ်အတော်ကြာ သတိမထားမိဘဲ မှားယွင်းအသုံးပြုခဲ့ကြောင်း ဟွန်ဆန်က ပြောသည်။

မွေးနေ့အမှန် အသုံးပြုမည်

အဆိုပါကိစ္စနှင့် ပတ်သက်ပြီး တရားရေးဝန်ကြီးနှင့် တိုင်ပင်ခဲ့ကြောင်းနှင့် မိမိ၏ မွေးနေ့အမှန်ကို ပြန်လည် အသုံးပြုသွားမည်ဖြစ်ကြောင်း ဟွန်ဆန်က ပြောသည်။

သံတမန် မှတ်တမ်းမှတ်ရာအတွက် အသိပေးမည်

မွေးနေ့ရက်စွဲ ပြောင်းလဲခြင်းပြီးဆုံးသွားပါက ပြည်သူလူထုသို့ ကြေညာချက် ထုတ်ပြန်သွားမည်ဖြစ်ကြောင်းနှင့် သက်ဆိုင်ရာ နိုင်ငံများသို့လည်း သံတမန် မှတ်တမ်းမှတ်ရာ အတွက် အသိပေးသွားမည်ဖြစ်ကြောင်း ဟွန်ဆန်က ဆက်လက်ပြောကြားသည်။ **ဆင်ဟွာ**

ဟစ်ဇ်ဘိုလာစစ်သွေးကြွများ လွှတ်တင်လိုက်သော ဒရုန်းတစ်စင်းကို အစ္စရေး ကြားဖြတ်ပစ်ချ

ဂျေရုဆလင် မေ ၁၇

အစ္စရေးစစ်တပ်သည် လက်ဘနွန်ရှိ ဟစ်ဇ်ဘိုလာစစ်သွေးကြွအဖွဲ့က လွှတ်တင်လိုက်သော ဒရုန်းတစ်စင်းကို အစ္စရေးလေပိုင်နက်အတွင်း ကြားဖြတ်ပစ်ချနိုင်ခဲ့ကြောင်း ထုတ်ပြန်ချက်အရ သိရသည်။

စစ်သားများသည် အဆိုပါ ဒရုန်းကို မပစ်ချမီတွင် ဖြစ်စဉ်တစ်ခုလုံးကို စောင့်ကြည့်ခဲ့ကြောင်း အစ္စရေးစစ်တပ်က ပြောကြားသည်။

အစ္စရေး- လက်ဘနွန်နယ်စပ်ကို တွေ့ရစဉ်။

အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်ပြီး အစ္စရေးစစ်တပ်က အသေးစိတ်ပြောကြားခြင်းမရှိသော်လည်း အစ္စရေး၏ အချုပ်အခြာအာဏာကို ချိုးဖောက်လာမည့် ကြိုးပမ်းမှုမှန်သမျှကို တားဆီးသွားရန် ဆက်လက် စောင့်ကြည့်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဖြစ်ရပ်နှင့်ပတ်သက်ပြီး ဟစ်ဇ်ဘိုလာဘက်က မည်သည့်မှတ်ချက်မျှ မပေးခဲ့ကြောင်း သိရသည်။ အီရန်ကျောထောက်နောက်ခံပြု ဟစ်ဇ်ဘိုလာတွင် အစ္စရေးနိုင်ငံ၏ မည်သည့် နေရာကို မဆို ပစ်ခတ်နိုင်စွမ်းရှိသော ဒုံးပျံနှင့် ဒုံးကျည် ၁၅၀၀၀ ခန့် ပိုင်ဆိုင်ထားသည်ဟု အစ္စရေးက ခန့်မှန်းထားသည်။

အစ္စရေးနှင့် ဟစ်ဇ်ဘိုလာတို့သည် ၂၀၀၆ ခုနှစ်တွင် ပြင်းထန်သော စစ်ပွဲဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဆင်ဟွာ

တရုတ်နိုင်ငံအရှေ့ပိုင်း၌ မသန်စွမ်းသူများအတွက် အလုပ်အကိုင်အခွင့်အလမ်း ၁၄၀၀၀ ဖန်တီးပေးရန် စီစဉ်

နန်ကျင်း မေ ၁၇

တရုတ်နိုင်ငံအရှေ့ပိုင်း ကျန်းစုပြည်နယ်သည် ယခုနှစ်တွင် မသန်စွမ်းသူများအတွက် အလုပ်အကိုင် အခွင့်အလမ်း ပေါင်း ၁၄၀၀၀ ဖန်တီးပေးရန် စီစဉ်နေကြောင်း ပြည်နယ် မသန်စွမ်းသူများ အဖွဲ့၏ အဆိုအရ သိရသည်။ ထို့အပြင် အဆိုပါ ပြည်နယ်သည် မသန်စွမ်းသူ ၂၀၀၀၀ အတွက် အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများလည်း ပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

ကျန်းစုပြည်နယ်သည် မသန်စွမ်းသူများအား ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းစတင်လုပ်ကိုင်နိုင်ရန်အတွက် စွန့်ဦးတီထွင် လုပ်ငန်း ၅၄ ခုနှင့် ထောက်ပံ့ရေးလုပ်ငန်း ၁၁၇ ခုတို့ကို ထူထောင်ထားကြောင်း မသန်စွမ်းသူများ အဖွဲ့ချုပ်မှ တာဝန်ရှိသူ တစ်ဦးဖြစ်သူ လီက ပြောကြားသည်။

ကိုဗစ်-၁၉ ရိုက်ခတ်မှုများရှိသော်လည်း ကျန်းစုပြည်နယ်သည် စားနပ်ရိက္ခာထောက်ပံ့ရေးနှင့် ထောက်ပံ့ငွေပံ့ပိုးပေးရေး အပါအဝင် အမျိုးမျိုးသော အစီအမံများကို ထုတ်ပြန်ခဲ့သည်။ မြို့ပြနှင့်ကျေးလက်ဒေသရှိ မသန်စွမ်းသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းပေါင်း တစ်သန်းကို ၂၀၂၂ ခုနှစ်နှင့် ၂၀၂၄ ခုနှစ်ကြားတွင် ဖန်တီးပေးသွားမည်ဖြစ်ကြောင်း တရုတ်နိုင်ငံ ဗဟိုအစိုးရက ထုတ်ပြန်သော သုံးနှစ်စီမံကိန်းအရ သိရသည်။

ဆင်ဟွာ

တရုတ်နိုင်ငံ အရှေ့ပိုင်း ကျန်းစုပြည်နယ် နန်ကျင်းမြို့ရှိ မုန့်တိုက်တစ်ခုမှ မသန်စွမ်းသူများ ပဲမုန့်ပြုလုပ်နေသည်ကို တွေ့ရစဉ်။

နောက်ဆုံးရ နိုင်ငံတကာသတင်းတိုများ

❍ အိန္ဒိယနိုင်ငံသည် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၅၆၉ ဦး ထပ်မံတွေ့ရှိသည့်အတွက် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ စုစုပေါင်း ၄၃၁၂၅၃၇၀ အထိရှိလာပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်သော နောက်ဆုံးအချက်အလက်အရ သိရသည်။ ထို့အပြင် မေ ၁၆ ရက်နောက်ပိုင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၉ ဦးရှိသည့်အတွက် နိုင်ငံတစ်ဝန်းကိုဗစ်-၁၉ ကြောင့် သေဆုံးသူ စုစုပေါင်း ၅၂၄၆၀ ရှိလာပြီ ဖြစ်သည်။ အိန္ဒိယနိုင်ငံတွင် ပိုးတွေ့ဆဲလူနာ ၁၆၄၀၀ ရှိနေသေးသော်လည်း လွန်ခဲ့သော ၂၄ နာရီကထက် ၉၁၇ ဦး ကျဆင်းခဲ့ကြောင်း သိရသည်။

❍ အာဖဂန်နစ္စတန်နိုင်ငံ မြောက်ပိုင်းပြည်နယ်ဖြစ်သည့် ဘာဒါခ်ရှန်းပြည်နယ်တွင် မေ ၁၅ ရက်က မြေပြိုကျမှုဖြစ်ပွားပြီး လေးဦးအသက်ဆုံးရှုံးကာ နှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း ပြည်နယ်အုပ်ချုပ်ရေးအရာရှိ အာရမ် အက်ခ်ဘာရီက ပြောကြားသည်။ ဒေသအာဏာပိုင်များသည် မြေပြိုမှုကြောင့် ထိခိုက်ခံစားရသည့် မိသားစုများထံသို့ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများ ပေးပို့ရန် ကြိုးစားနေကြောင်း သိရသည်။ ဒေသခံများ၏ ပြောကြားချက်အရ မြေပြိုကျမှုကြောင့် မိသားစုသုံးစု ထိခိုက်ခံစားခဲ့ရသော်လည်း အဆိုပါအရေအတွက်ထက် ပိုမိုများလာနိုင်ကြောင်း သိရသည်။

❍ ၂၀၂၁ ခုနှစ်တွင် တရုတ်နိုင်ငံ ဟိုင်နန်ပြည်နယ်ရှိ အပန်းဖြေကျွန်းသို့ ပြည်တွင်းပြည်ပ ခရီးသွား ၈၁ သန်းကျော် လာရောက်လည်ပတ်ခဲ့ကြောင်း၊ အဆိုပါ လာရောက်လည်ပတ်မှုပမာဏသည် ၉၇ ဒသမ ၅ ရာခိုင်နှုန်းရှိပြီး ၂၀၁၉ ခုနှစ်က လာရောက်လည်ပတ်သော ပမာဏနှင့်တူညီကြောင်း ဒေသအာဏာပိုင်များက မေ ၁၇ ရက်တွင် ပြောကြားသည်။ ဟိုင်နန်ပြည်နယ်၏ စုစုပေါင်းခရီးသွားဝင်ငွေသည် ယွမ် ၁၃၈ ဒသမ ၄ ဘီလီယံ (အမေရိကန်ဒေါ်လာ ၂၀ ဒသမ ၄ ဘီလီယံခန့်) သို့ ရောက်ရှိခဲ့ပြီး ၂၀၁၉ ခုနှစ်ကထက် ၃၀ ဒသမ ၉ ရာခိုင်နှုန်းပိုခဲ့ကြောင်း ပြည်နယ်အစိုးရက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

❍ အိန္ဒိယနိုင်ငံမြောက်ပိုင်းပြည်နယ်ဖြစ်သည့် အာသံပြည်နယ်တွင် လွန်ခဲ့သော ရက်အနည်းငယ်အတွင်း မိုးသည်း ထန်စွာရွာသွန်းပြီး မြေပြိုကျမှုဖြစ်ပွားခြင်းကြောင့် လူထောင်ချီထိခိုက်ခံစားခဲ့ရကြောင်း တာဝန်ရှိသူများက မေ ၁၇ ရက်တွင် ပြောကြားသည်။ ရေကြီးမှုကြောင့် အာသံပြည်နယ်ရှိ ခရိုင် ၂၀ နှင့် လူ ၂၀၀၀၀၀ ရေဘေးသင့်ခဲ့ကြောင်း အာသံပြည်နယ် သဘာဝဘေးစီမံခန့်ခွဲမှုအာဏာပိုင်က ပြောကြားသည်။ ထို့အပြင် ရေကြီးမှုကြောင့် စိုက်ပျိုးမြေနှင့် အခြေခံအဆောက်အအုံများ ထိခိုက်ပျက်စီးသည့်အပြင် နေရာအများအပြားရှိ ဆက်သွယ်ရေးလမ်းများလည်း ဆိုးရွားစွာ ထိခိုက်ပျက်စီးခဲ့ကြောင်း သိရသည်။

တနင်္သာရီတိုင်းဒေသကြီး ကျန်းစုမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများကို တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)မှ နယ်လှည့်အထူးကုဆေးအဖွဲ့များက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် မေ ၁၇
တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် ရောက်ရှိနေသည့် နယ်လှည့်အထူးကုဆေးအဖွဲ့များ ပါဝင်သည့် တပ်မတော်ပင်လယ်သွားဆေးရုံ ရေယာဉ်(သံလွင်)သည် ယနေ့တွင် ကျွန်းစုမြို့နယ်ရှိ ဝဲကျွန်းကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းခွဲ၌ ဒေသခံပြည်သူ ၉၀၂ ဦးကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာ ရောဂါ ၂၇၃ ဦး၊ ခွဲစိတ်ရောဂါ ၁၀၈ ဦး၊ သားဖွား/မီးယပ်ရောဂါ ၉၇ ဦး၊ ကလေးရောဂါ ၈၁ ဦး၊ အရိုးရောဂါ ၇၉ ဦး၊ နား/နှာခေါင်း/လည်ချောင်းရောဂါ ၈၈ ဦး၊ မျက်စိရောဂါ ၉၄ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၈၂ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။

ထို့အပြင် ခွဲစိတ်ကုသရန်လိုအပ်သူ အထွေထွေခွဲစိတ်လူနာ ၃၂ ဦးနှင့် မျက်စိခွဲစိတ်လူနာ ၁၇ ဦးတို့ကို ခွဲစိတ်ကုသမှုများ ဆောင်ရွက်၍ ဓာတ်မှန်ရိုက်လူနာ ၇၉ ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၆၃ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၆၈ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၂၄၂ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် ဒေသခံပြည်သူ ၁၄ ဦးကို ဆေးရုံရေယာဉ်ပေါ်တွင် ဆေးရုံတင်ကုသပေးခဲ့ကြောင်းနှင့် မီးဖွားလူနာ တစ်ဦးကိုလည်း ဆေးရုံရေယာဉ်ပေါ်၌ အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

လေပြင်းတိုက်ခတ်မှုဖြစ်ပေါ်ခဲ့သည့် ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုအချို့၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်

နေပြည်တော် မေ ၁၇
ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်အတွင်းရှိ ကျွဲဒုံးကျေးရွာအုပ်စု၊ ကံကုန်းကျေးရွာအုပ်စု၊ ကျုံနတ္တော်ကျေးရွာ အုပ်စု၊ စမ်းချောင်းကျေးရွာ အုပ်စု၊ ဆိပ်သာကျေးရွာအုပ်စု၊ ဘီလင်းကျေးရွာအုပ်စု၊ နတ်စဉ်ကျေးရွာအုပ်စု၊ ရွှေလှေသောင်းကျေးရွာအုပ်စု၊ အောင်ဟိတ်ကျေးရွာအုပ်စု၊ အင်းတေးကျေးရွာအုပ်စု၊ အင်းမကျေးရွာအုပ်စုနှင့် ညောင်ပင်ဂရက်ကျေးရွာ အုပ်စုများ၌ မေ ၁၆ ရက်ညနေပိုင်းတွင် လေပြင်းတိုက်ခတ်မှုများ ဖြစ်ပေါ်ခဲ့သဖြင့် နေအိမ် ၁၃၀ အမိုးလန် ပျက်စီးမှုများဖြစ်ပေါ်ခဲ့ပြီး နေအိမ် ၃၂ လုံး ပြိုကျပျက်စီးခဲ့သည်။

အဆိုပါ ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် ကျေးရွာအုပ်စုများ၌ ယနေ့တွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှု အောက် တပ်ရင်း/တပ်ဖွဲ့များမှ နယ်မြေခံတပ်မတော်သားများက ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ပူးပေါင်း၍ လိုအပ်သည့်ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ လေဘေးသင့်ပြည်သူများကို ထောက်ပံ့ရေးပစ္စည်းများနှင့် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

နေပြည်တော် မေ ၁၇
တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဘာသာရေး ခေါင်းဆောင်များ အပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင် စခန်းများ အတွင်းရှိ ပြည်သူများ၊ အသက် ၁၂ နှစ်အထက် အခြေခံပညာ အလယ်တန်းနှင့် အထက်တန်း အဆင့် ကျောင်းသား ကျောင်းသူများ စသည့်ဦးတည်အုပ်စုများ သတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေး ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်နှင့် တာမွေမြို့နယ်တို့၌ ဒေသခံပြည်သူ ၅၇၇ ဦး၊ ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၈၁၂၀၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ် အတွင်းရှိ မြို့နယ် ၁၄ မြို့နယ်တို့၌ ဒေသခံပြည်သူ ၈၆၂၀ နှင့် မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ခရိုင်ခုနစ်ခုတို့မှ ဒေသခံပြည်သူ ၆၉၂၂၈ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ဝေါမြို့နယ်၌ ၂၀၂၂ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ စတင်ထုတ်ချေးပေးအပ်ပွဲကျင်းပ

ဝေါ မေ ၁၇
ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ၂၀၂၂ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများ စတင်ထုတ်ချေးပေးအပ်ပွဲ အခမ်းအနားကို မေ ၁၆ ရက်က မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၌ ကျင်းပကြောင်း သိရသည်။

မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ စတင်ထုတ်ချေးပေးအပ်ပွဲတွင် မြန်မာ့ လယ်ယာဖွံ့ဖြိုးရေးဘဏ် အထွေထွေမန်နေဂျာ ဦးအောင်ဇော်မိုး နှင့် တိုင်းဒေသကြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တိုင်းဒေသကြီး မန်နေဂျာ ဦးကျော်သူရတို့က ၂၀၂၂ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေ ထုတ်တောင်သူများနှင့် တွေ့ဆုံကာ အားပေးစကားပြောကြားပြီး မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မန်နေဂျာ ဒေါ်အေးအေးမှုံက ၂၀၂၂ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေး ပေးခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် အထွေထွေမန်နေဂျာနှင့် တာဝန်ရှိသူများက တောင်သူများလက်ဝယ်အရောက် စိုက်ပျိုးစရိတ်ချေးငွေများ ပေးအပ်ပေးသည်။

ဝေါမြို့နယ်အတွင်း မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးရာတွင် ကျေးရွာအုပ်စု ၆၃ အုပ်စုမှ တောင်သူ စစၖ၅ ဦး၏ လယ်မြေ ဧက ၆၆၅၂၈ ဧကအတွက် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေကျပ် ၉၉၇၄ ဒသမ ၂၀ သန်းကို မေ ၁၆ ရက်မှ စက်တင်ဘာ ၃၀ ရက် အထိ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **စိုးမိုး(ပြန်/ဆက်)**

အိမ်ပြင်ပ၌ ထွန်းသော မီးများကို နေ့အလင်းရောင် ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

မေ ၁၇ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၄ ဦး တွေ့ရှိ

ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀ ဒသမ ၃) ရာခိုင်နှုန်းရှိ

(၁၇-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၆-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၇-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၀၈၇) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၄) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၃) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၁၀၀,၅၆၈) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၃,၁၆၈) ဦး ရှိပြီ ဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိ ကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂၄) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၅၉၂,၁၂၃) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၁၇-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ဓာတ်ခွဲဌာနအမည်	စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း	ပိုးတွေ့ လူနာသစ်
ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ	(၃၁၇) ခု	(၇) ဦး
နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ	(၂၄) ခု	(၃) ဦး
ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀)	(၂၆၂) ခု	-
နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀)	(၁၂) ခု	-
ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ	(၁,၃၄၉) ခု	(၅) ဦး
နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ	(၉၀၂) ခု	(၂) ဦး
နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ	(၅,၂၂၁) ခု	(၇) ဦး
စုစုပေါင်း	**(၈,၀၈၇) ခု**	**(၂၄) ဦး**

- ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံမှုခံယူထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆ ခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံမှုခံယူထားသူများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် ပြည်သူများအားလုံးနှင့် အသက် ၁၂ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာကျောင်းသူ/ကျောင်းသားများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၄၀ နှစ်နှင့်အထက် ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော ပြည်သူများအား ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေး ထိုးနှံမှုကို မပျက်မကွက် ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက် စာမျက်နှာ https://moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

၁၇-၅-၂၀၂၂ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

စဉ်	နိုင်ငံ	ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း	ရောဂါပိုး ကင်းစင်သွားသူ	သေဆုံးသူဦးရေ စုစုပေါင်း
၁။	အမေရိကန်	၈၄၃၅၇၆၀၇	၈၁၃၂၇၁၃၃	၁၀၂၆၈၉၉
၂။	အိန္ဒိယ	၄၃၁၂၅၃၃၇၀	၄၂၅၈၄၇၁၀	၅၂၄၂၆၀
၃။	ဘရာဇီး	၃၀၇၀၁၉၀၀	၂၉၇၂၄၆၈၂	၆၆၅၀၅၅
၄။	ပြင်သစ်	၂၉၁၈၉၅၈၂	၂၈၂၆၇၉၃၅	၁၄၇၄၇၈
၅။	ဂျာမနီ	၂၅၈၀၉၆၆၄	၂၄၁၅၅၉၀၀	၁၃၈၀၀၇
၆။	ဗြိတိန်	၂၂၂၀၃၇၉၉	၂၁၇၃၄၁၈၆	၁၇၇၄၁၀
၇။	ရုရှား	၁၈၂၆၈၉၅၈	၁၇၆၅၈၅၄၂	၃၇၇၈၆၉
၈။	တောင်ကိုရီးယား	၁၇၈၃၀၄၂၉	၁၇၁၇၀၈၇၂	၂၃၇၇
၉။	အီတလီ	၁၇၀၇၁၆၄၉	၁၅၉၂၃၉၃၅	၁၆၅၃၄
၁၀။	တူရကီ	၁၅၀၅၅၅၇၆	၁၄၉၅၃၇၈	၉၈၉၀၄

၁၇-၅-၂၀၂၂ အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

နိုင်ငံ	ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ	ရောဂါပိုး ကင်းစင်သွားသူ	ပိုးတွေ့သေဆုံး လူနာ
ဗီယက်နမ်	၁၀၆၉၉၉၆၅	၉၃၆၄၈၅၇	၄၃၀၇၁
အင်ဒိုနီးရှား	၆၀၅၁၂၀၅	၅၈၉၀၈၂၆	၁၅၆၄၈၁
မလေးရှား	၄၄၇၉၈၀၉	၄၄၁၃၃၁	၃၅၆၂၀
ထိုင်း	၄၃၈၂၇၇	၄၂၉၀၀၉၀	၂၉၅၅၃
ဖိလစ်ပိုင်	၃၆၈၈၂၉	၃၆၂၅၁၄	၆၀၄၅၈
စင်ကာပူ	၁၂၄၅၀၀၇	၁၁၆၉၈၈၃	၁၃၆
မြန်မာ	၆၁၃၁၆	၅၉၂၁၂	၁၉၄၃၄
လာအို	၂၀၉၅၀၂	၂၀၈၃၄	၇၅
ဘရူနိုင်း	၁၄၅၂	၁၄၃၉	၂
ကမ္ဘောဒီးယား	၁၃၆၂	၁၃၃၁၉	၃၀၅

အပြင်ထွက်တိုင်း
ပါးစပ်နှင့် နှာခေါင်းစည်း (mask) ကို
စနစ်တကျ မပျက်မကွက် တပ်ဆင်ပါ

လက်တွင် ကပ်ပါလာနိုင်သော ဗိုင်းရပ်စ်ပိုးကို
ပျက်စီးစေရန်အတွက် လက်ကို
ဆပ်ပြာနှင့်ရေအသုံးပြု၍ အနည်းဆုံး
စက္ကန့်(၂၀) ကြာဆေးကြောပါ။

◆ ရှေ့ဖုံးမှ

ဘိလိယက်တစ်ဦးချင်းပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ပေါက်စ ရွှေတံဆိပ်ဆုရရှိပြီး အခြားပြိုင်ပွဲဝင်နိုင်ငံများနှင့် အလံတင်ဂုဏ်ပြုစဉ်။

ဆီးဂိမ်းပြိုင်ပွဲတွင် ကြည့်ရှုအားပေးကြသည့် မြန်မာပရိသတ်များ။

သေနတ်ပစ်ပြိုင်ပွဲ ငွေတံဆိပ်ဆုရ မောင်ရဲထွန်းနောင်အား ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ဆုချီးမြှင့်စဉ် (အပေါ်ပုံ)နှင့် ဘိလိယက်တစ်ဦးချင်းပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ပေါက်စ၏ ပြိုင်ပွဲဝင် ယှဉ်ပြိုင်မှု (အောက်ပုံ)။

(Mixed Triple) သုံးယောက်တွဲ ပြိုင်ပွဲတွင် ကြေးတံဆိပ်ဆုကို လည်းကောင်း၊ Hai Phong မြို့၌ ကနူးလေ့လော်ပြိုင်ပွဲတွင် မီတာ ၁၀၀၀ အမျိုးသမီး တစ်ဦးချင်းပွဲစဉ်၌ ဗီယက်နမ်၊ အင်ဒိုနီးရှား၊ မြန်မာနှင့် ထိုင်းအသင်းတို့ ယှဉ်ပြိုင်ကြရာ မြန်မာအားကစားသမား မသက်ဖြိုးနိုင်က ကြေးတံဆိပ်ဆုကို လည်းကောင်း မြန်မာနိုင်ငံအတွက် ဆုတံဆိပ်များ ထပ်မံဆွတ်ခူးပေးနိုင်ခဲ့ပြီး မီတာ ၁၀၀၀ ကယက် လေ့လော်အားကစားနည်း (အမျိုးသား) တစ်ဦးချင်း ပြိုင်ပွဲတွင် မောင်အောင်မျိုးသူနှင့် (အမျိုးသား) လေးတက်လော်ပြိုင်ပွဲတွင် မောင်ထွန်းမင်းသန့်၊ မောင်ထက်ဝေလွင်၊ မောင်စောမိုးအောင်နှင့် မောင်မြင့်ကိုကိုတို့က လည်းကောင်း၊ ကနူးလေ့လော်အားကစားနည်း မီတာ ၁၀၀၀ (အမျိုးသား) လေးတက်လော်ပြိုင်ပွဲတွင် မောင်ဝင်းထိုက်၊ မောင်စိုင်းမင်းဝေ၊ မောင်မင်းနိုင်၊ မောင်သန့်ဇင်ဦးတို့က ဗိုလ်လုပွဲများသို့ တက်ရောက်သွားခဲ့သည်။ ကနူး/ကယက်လေ့လော်ပြိုင်ပွဲကို မေ ၁၈ ရက် **(ယနေ့)** ကျင်းပမည်ဖြစ်သည်။

ယနေ့ပြိုင်ပွဲ ပွဲစဉ်များအဖြစ် မြားပစ်၊ ပိတန်း၊ ပိုက်ကျော်ခြင်း၊ သေနတ်ပစ်၊ ကနူးလေ့လော်၊ ဘိလိယက်၊ ဖူဆယ်၊ တိုက်ကွမ်ဒို၊ E-Sports၊ ပြေးခုန်ပစ်နှင့် လက်ဝှေ့အားကစားနည်းများတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး မေ ၁၈ ရက် ပြိုင်ပွဲ ပွဲစဉ်များအဖြစ် စစ်တုရင်၊ ပိတန်း၊ ပိုက်ကျော်ခြင်း၊ သေနတ်ပစ်၊ ကနူး၊ E-sports၊ ပြေးခုန်ပစ်၊ ဘိလိယက်၊ ဖူဆယ်၊ တိုက်ကွမ်ဒို၊ ဘော်လီဘော၊ ဗိုဗီနမ်၊ လက်ဝှေ့နှင့် ဘောလုံး (အမျိုးသမီး) အားကစားပြိုင်ပွဲများကို ဆက်လက်ဝင်ရောက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(၃၁) ကြိမ်မြောက် အရှေ့တောင်အာရှအားကစား ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ယနေ့အထိ ရွှေတံဆိပ် ငါးခု၊ ငွေတံဆိပ် ခြောက်ခုနှင့် ကြေးတံဆိပ် ၁၁ ခု တို့ကို ဆွတ်ခူးရရှိထားပြီး စုစုပေါင်း ဆုတံဆိပ် ၂၂ ခုဖြင့် နိုင်ငံအလိုက် အဆင့် (၇) တွင် ရပ်တည်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

ပေးအပ်ချီးမြှင့်သည်။

မြန်မာ အားကစားသမား ပေါက်စသည် ကွာတားဖိုင်နယ်ပွဲစဉ်တွင် အိမ်ရှင်ဗီယက်နမ်ကို သုံးပွဲပြတ်ဖြင့် အနိုင်ရရှိခဲ့ပြီး အကြိုဗိုလ်လုပွဲတွင် ထိုင်းနိုင်ငံနှင့် ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ သုံးပွဲ - တစ်ပွဲဖြင့် ထိုင်းအားကစားသမားကို အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

အလားတူ ယနေ့ပြိုင်ပွဲများ အဖြစ် Hanoi National Sport Training Center ၌ ကျင်းပလျက်ရှိသော သေနတ်ပစ်အားကစားနည်း မီတာ (၅၀) Free Pistol ပြိုင်ပွဲတွင် မြန်မာသေနတ်ပစ်အားကစားသမား မောင်ရဲထွန်းနောင်က ငွေတံဆိပ်ဆုကို လည်းကောင်း၊ ပိတန်းအားကစားနည်း

လူငယ်တံခွန်စိုက် ကြက်တောင်ပြိုင်ပွဲများ ဆုချီးမြှင့်

ရန်ကုန် မေ ၁၇

မြန်မာ့ကြက်တောင် အားကစားအဆင့်အတန်း ပိုမိုမြင့်မားတိုးတက်လာစေရန် အတွက် မြန်မာနိုင်ငံ ကြက်တောင်အဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် လူငယ်တံခွန်စိုက် ကြက်တောင်ပြိုင်ပွဲများ ဆုချီးမြှင့်ပွဲကို မေ ၁၆ ရက်က ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ကြက်တောင်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးအောင်ပိုင်(ဝဲပုံ)နှင့် အမှူဆောင်များက ဆုတံဆိပ်နှင့် ငွေသားဆုများ ချီးမြှင့်ကြသည်။

ယင်းပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ် ကလပ် ၂၀ ကျော်မှ အားကစားသမား ၅၃၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲကို မေ ၁၂ရက်မှ ၁၆ ရက် အထိ ကျင်းပကြောင်း သိရသည်။

အာကာစိုး

ဆီးဂိမ်းအမျိုးသမီးဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ် မြန်မာနှင့် ဗီယက်နမ် ယနေ့ကစားမည်

ရန်ကုန် မေ ၁၇

ဗီယက်နမ်နိုင်ငံ၌ ကျင်းပလျက်ရှိသည့် (၃၁) ကြိမ်မြောက် ဆီးဂိမ်းအမျိုးသမီးဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို မေ ၁၈ ရက် **(ယနေ့)** ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် အိမ်ရှင်ဗီယက်နမ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် ယနေ့ မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲတွင် ထိုင်းနှင့် ဖိလစ်ပိုင်အသင်း၊ မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲတွင် အိမ်ရှင် ဗီယက်နမ်နှင့် မြန်မာအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာအသင်းသည် အရှေ့တောင်အာရှ ထိပ်သီးအသင်းများဖြစ်သည့် ထိုင်း၊ ဗီယက်နမ်တို့နှင့် ယခင်တွေ့ဆုံမှုများတွင် ရလဒ်မကောင်းခဲ့သော်လည်း ယခုနှစ်အတွင်း တွေ့ဆုံမှုများတွင် နှစ်သင်းစလုံးကို သရေကစားထားရာ ဗီယက်နမ်နှင့်ပြန်လည်တွေ့ဆုံမှုတွင် ရလဒ်ကောင်းရယူနိုင်ရန် မျှော်လင့်ချက်များ ရှိနေသည်။ မြန်မာအသင်းသည် အာရှဖလားအမျိုးသမီးပြိုင်ပွဲ အုပ်စုအဆင့်တွင် ဗီယက်နမ်နှင့် နှစ်ဂိုးစီသရေကျခဲ့သလို ယခုဆီးဂိမ်းပြိုင်ပွဲ အုပ်စုအဆင့်တွင် ထိုင်းနှင့် တစ်ဂိုးစီ သရေကျခဲ့သည်။ ဗီယက်နမ်အသင်းသည် ယခုဆီးဂိမ်းပြိုင်ပွဲ၏ အိမ်ရှင်အသင်းဖြစ်သလို လက်ရှိချန်ပီယံအသင်းလည်းဖြစ်ရာ မြန်မာအသင်းအနေဖြင့် ပိုမိုအားထုတ်ကစားရဖွယ်ရှိနေပြီး အုပ်စုပွဲစဉ်များထက် ပိုမိုကောင်းမွန်သည့် ခြေစွမ်းဖြင့် ကစားနိုင်မှသာ ဗိုလ်လုပွဲသို့ တစ်ကျော့ပြန် တက်ရောက်နိုင်မည်ဖြစ်သည်။ မြန်မာအသင်းသည် ဆီးဂိမ်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဝေးကွာနေသည်မှာ ကြာမြင့်နေပြီဖြစ်ပြီး အုပ်စုပွဲများကို လိုအပ်ချက်များ ပြန်လည်ပြင်ဆင်ကာ တိုက်စစ်ကစားပုံ ကောင်းမွန်လာပါက နိုင်ပွဲရယူနိုင်ရန် မျှော်လင့်ချက်ရှိနေသည်။

အုပ်စုပွဲများတွင် မြန်မာအသင်းက လာအိုအသင်းကို သုံးဂိုး-ဂိုးမရှိ၊ စင်ကာပူအသင်းကို တစ်ဂိုး-ဂိုးမရှိ ဖြင့်နိုင်ပြီး ထိုင်းအသင်းနှင့် တစ်ဂိုးစီသရေကျခဲ့သည်။ ဗီယက်နမ်အသင်းမှာမူ ဖိလစ်ပိုင်ကို နှစ်ဂိုး-တစ်ဂိုး၊ ကမ္ဘောဒီးယားကို ခုနစ်ဂိုးပြတ်တို့ဖြင့် အနိုင်ရလာခြင်းဖြစ်သည်။

မြန်မာအသင်းသည် ဆီးဂိမ်းအမျိုးသမီးပြိုင်ပွဲတွင် ငွေတံဆိပ် သုံးခု၊ ကြေးတံဆိပ် ခုနစ်ခုရရှိထားပြီး ဝင်ရောက်ယှဉ်ပြိုင်သည့် အကြိမ်တိုင်း ဆုတံဆိပ်မလွတ်တမ်းရယူနိုင်ခဲ့သည်။

ရဲရင့်လွင်၊ ဓာတ်ပုံ-MFF

(၃၁) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှု

၁၇-၅-၂၀၂၂

စဉ်	နိုင်ငံ	ရွှေ	ငွေ	ကြေး	စုစုပေါင်း
၁	ဗီယက်နမ်	၁၀၅	၆၅	၆၄	၂၃၄
၂	ထိုင်း	၄၃	၄၄	၆၂	၁၄၉
၃	ဖိလစ်ပိုင်	၃၄	၃၈	၅၀	၁၂၂
၄	စင်ကာပူ	၃၀	၃၂	၃၅	၉၇
၅	အင်ဒိုနီးရှား	၂၇	၃၉	၃၈	၁၀၄
၆	မလေးရှား	၂၂	၂၆	၅၄	၁၀၂
၇	မြန်မာ	၅	၆	၁၁	၂၂
၈	ကမ္ဘောဒီးယား	၂	၅	၁၁	၁၈
၉	ဘရူနိုင်း	၁	၁	၁	၃
၁၀	လာအို	၀	၂	၁၄	၁၆
၁၁	တီမောလက်စ်တေ	၀	၂	၀	၂

ဆီးဂိမ်းအမျိုးသမီးဖူဆယ်ပြိုင်ပွဲ မြန်မာအသင်း ထိုင်းကို အရေးနိမ့်

ရန်ကုန် မေ ၁၇

(၃၁) ကြိမ်မြောက် ဆီးဂိမ်းအမျိုးသမီးဖူဆယ်ပြိုင်ပွဲ အုပ်စုဒုတိယနေ့ကို မေ ၁၇ ရက်က ဗီယက်နမ်နိုင်ငံ၌ ဆက်လက်ကျင်းပရာ မြန်မာအသင်း ရှုံးပွဲထပ်မံကြုံတွေ့ခဲ့သည်။

မြန်မာအသင်းသည် ထိုင်းအသင်းနှင့် ယှဉ်ပြိုင်ကစားရာ လေးဂိုး-ဂိုးမရှိဖြင့် အရေးနိမ့်ခဲ့သည်။ မြန်မာအသင်းသည် ယခုပွဲ အရေးနိမ့်ခဲ့သဖြင့် ကြေးတံဆိပ် ရယူနိုင်ရန်သာ ကြိုးပမ်းရတော့မည်ဖြစ်ပြီး မလေးရှားကို အနိုင်ကစားရတော့မည်ဖြစ်သည်။

မြန်မာအသင်းသည် ရလဒ်ကောင်းရယူနိုင်ရန် ကြိုးပမ်းခဲ့သော်လည်း ရှုံးပွဲထပ်မံကြုံတွေ့ခဲ့ခြင်းဖြစ်သည်။ ထိုင်းအသင်းသည် ပထမပိုင်းတွင် သုံးဂိုးဖြင့် အနိုင်ရနေပြီး ဒုတိယပိုင်းတွင် တစ်ဂိုးထပ်သွင်းကာ လေးဂိုးပြတ် အနိုင်ရခဲ့ခြင်းဖြစ်သည်။

အုပ်စုဒုတိယနေ့ အခြားပွဲတွင် ဗီယက်နမ်အသင်းက မလေးရှားအသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ယခုပွဲအပြီးတွင် ဗီယက်နမ်နှင့် ထိုင်းအသင်းက နှစ်ပွဲနိုင် ခြောက်မှတ်ဖြင့် ထိပ်ဆုံးတွင် အပြိုင်ဖြစ်နေပြီး မြန်မာနှင့် မလေးရှားအသင်းတို့မှာ နှစ်ပွဲ စလုံးရှုံးကာ အမှတ်မရသေးပေ။

အုပ်စုနောက်ဆုံးနေ့ကို မေ ၁၉ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာနှင့် မလေးရှား၊ ထိုင်းနှင့် ဗီယက်နမ်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာအသင်းသည် မလေးရှားကို အနိုင်ရပါက ကြေးတံဆိပ်ရရှိမည်ဖြစ်သည်။

ရဲရင့်လွင်၊ ဓာတ်ပုံ- MFF

နယူးကာဆယ်ကို ရှုံးနိမ့်ခဲ့သည့်အတွက် အာဆင်နယ် အဆင့် (၄) နေရာတက်လှမ်းခွင့်နှင့် လွဲချော်

နယူးကာဆယ်အသင်းနှင့် အာဆင်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။

ပရီမီယာလီဂ် ပွဲစဉ် (၃၇) မှ နယူးကာဆယ်အသင်းနှင့် အာဆင်နယ်အသင်းတို့ပွဲစဉ်ကို မေ ၁၇ ရက် နံနက်ပိုင်းက စိန့်ဂျိမ်းစ်ပတ်ခ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ နယူးကာဆယ်အသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ အာဆင်နယ်အသင်းသည် ယခုပွဲစဉ်ရှုံးနိမ့်မှုကြောင့် အဆင့် (၄) နေရာတက်လှမ်းခွင့်နှင့် လွဲချော်ခဲ့ပြီး ချန်ပီယံလီဂ်ဝင်ခွင့် လက်ကျန်တစ်နေရာစာအတွက် နောက်ဆုံးပွဲစဉ်အထိ စောင့်ကြည့်ရတော့မည် ဖြစ်သည်။

အာဆင်နယ်အသင်းသည် စပါးအသင်းကို ရှုံးနိမ့်ခဲ့သည့် ပွဲစဉ်မှ ကစားသမားစာရင်းကို သုံးဦးအပြောင်းအလဲ ပြုလုပ်ကာ ပွဲထွက်လာခဲ့ပြီး နယူးကာဆယ်အသင်းက မန်စီးတီးအသင်းကို ငါးဂိုးပြတ် ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်မှ ကစားသမားစာရင်းကို နှစ်ဦးအပြောင်းအလဲပြုလုပ်ကာ ပွဲထွက်လာခဲ့သည်။ ပွဲကြည့်ပရိသတ် ငါးသောင်းနှစ်ထောင်ကျော် လာရောက်ကြည့်ရှုခဲ့သည့် အဆိုပါပွဲစဉ်တွင် နည်းပြအာတီတာ၏ နည်းဗျူဟာထက် ဟိုဝီ၏ နည်းဗျူဟာ အလုပ်ဖြစ်ခဲ့ပြီး ပွဲချိန်တစ်လျှောက် အာဆင်နယ်အသင်းကို ဂိုးအသာ၊ ခြေအသာဖြင့် ဖိအားပေးကစားနိုင်ခဲ့သည်။

ပွဲချိန် ၅၅ မိနစ်တွင် အာဆင်နယ်အသင်းမှ ဘင်ဗွိုက် ကိုယ့်ဂိုးကိုယ်သွင်းယူမိခဲ့၍ နယူးကာဆယ်အသင်း ဦးဆောင်ဂိုး ရရှိခဲ့သည်။ နယူးကာဆယ်အသင်းအတွက် အနိုင်သေချာစေမည့် ဒုတိယဂိုးကို ပွဲချိန် ၈၅ မိနစ်တွင် ရရှိခဲ့ပြီး ဂူမာရက်စ်က သွင်းယူပေးခဲ့သည်။ နယူးကာဆယ်အသင်းသည် မေ ၂၂ ရက်တွင် ယှဉ်ပြိုင်ကစားမည့် ရာသီပိတ်ပွဲစဉ်တွင် ဘန်လေအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး အာဆင်နယ်အသင်းက ကစားရခက်ခဲသည့် အဲဗာတန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

အောင်ဇော်

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် မေ ၁၇

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဧန်နဝါရီလ ၂၅ ရက်နေ့တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ် သီရိမြိုင်ရပ်ကွက်နေ ဖူးသင်းနိုင်(ခ)ဖူးဖူး၊ ရွှေပြည်သာရပ်ကွက်နေသူများဖြစ်သည့် စည်သူအောင်၊ အောင်ကိုဖြိုး၊ ပိုင်ဇင်ထွေးတို့သည် ၎င်းတို့အသုံးပြုသည့် “Phue Phue” Facebook အကောင့်၊ “Sithu Aung” Facebook အကောင့်၊ “Aung Ko Phyo” Facebook အကောင့်၊ “Paing Zin Htwe” Facebook အကောင့်၊ ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် ရွှေတံခါး ရပ်ကွက်နေ မြင့်နွယ်ဝင်းသည် ၎င်းအသုံးပြုသည့် “Myint Nwe Win” Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် စိန်ပန်းရပ်ကွက်နေ ခင်ဇော်သက်သည် ၎င်းအသုံးပြုသည့် “Khin Zaw Thet” Facebook အကောင့်၊ စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့နယ် လှိုင်ရပ်ကွက် ဘဲကုန်းရပ် ဗလီတန်းလျားနေ မြင့်သိန်း(ခ)ဟာရှင်သည် ၎င်းအသုံးပြုသည့် “Myint Thein” Facebook အကောင့်၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် အင်းတကော်မြို့ လသာအေးကျေးရွာနေ သန်းဇော်ဦးသည် ၎င်းအသုံးပြုသည့် “Than Zaw Oo” Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် (၄)ရပ်ကွက်နေ ကျော်ဇင်သိုက်နှင့် ၎င်း၏ဇနီးဖြစ်သူ နေခြည်နုတို့သည် ၎င်းတို့အသုံးပြုသည့် “Kyaw Zin Theik” Facebook အကောင့်၊ “Nay Chyi Nu” Facebook အကောင့်၊ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် အေးသာယာမြို့ အမှတ်(၂) ရပ်ကွက်နေ ကျော်နိုင်(ခ)နီမောလ်သည် ၎င်းအသုံးပြုသည့် “Kyaw Naing” Facebook အကောင့်၊ အောင်ကိုဦး(ခ)အဘိရှယ်သည် ၎င်းအသုံးပြုသည့် “Aung Ko Oo” Facebook အကောင့်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ် စျေးရပ်ကွက်နေ ကျော်ဇေယျာသည် ၎င်းအသုံးပြုသည့် “Kyaw Zayar” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

■ *ကျော်ဖုံးမှ*

တွေ့ရှိဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိ တရားခံအား မေးမြန်းချက်အရ ၎င်းသည် ယခုနှစ် မတ်လအတွင်း၌ အောင်ကျော်မိုး ဆိုသူနှင့် Online Game ကစားရာမှ စတင်ရင်းနှီးခဲ့ကြောင်း၊ ဂိမ်းကစားရာတွင် ငွေသွင်း/ငွေထုတ် အဆင်ပြေစေရေးအတွက် စိုင်းဆာအောင်မှ ၎င်း၏ KBZ Pay Account အား အောင်ကျော်မိုး အသုံးပြုရန် အတွက်ပေးခဲ့ကြောင်း၊ ဆက်ကြေး ကောက်ခံခြင်းလုပ်ငန်းကို အဓိက လုပ်ဆောင်သူမှာ ၎င်း၏ သူငယ်ချင်း ဖြစ်သူ အောင်ကျော်မိုးဖြစ်ပြီး လားရှိုးမြို့ အမှတ်(၂)ရပ်ကွက် နယ်မြေ(၄)ရှိ Royal Ground Hotel တွင် တည်းခိုနေထိုင်ကြောင်း သိရှိရသဖြင့် နံနက် ၁၀ နာရီခွဲခန့်တွင် ပူးပေါင်းအဖွဲ့ဖြင့် သွားရောက်ရှာဖွေခဲ့ရာ အခန်းအမှတ်(၃၀၆)တွင် TNLA အဖွဲ့၊ တပ်မဟာ(၃)၊ တပ်ရင်း(၈၇၆) လက်အောက် နယ်လှည့်ဆက်ဆံရေးမှူးရုံးမှ တပ်စုမှူးအဆင့်ရှိ အောင်ကျော်မိုး(ဘ)ဦးအိုက်အေး၊ အောင်ချမ်းသာရပ်ကွက် မန်တုံမြို့နေသူကို လက်ကိုင်ဖုန်းတစ်လုံးနှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။

ထပ်မံ ဖမ်းဆီးရမိသူ အောင်ကျော်မိုးကိုစစ်ဆေးမေးမြန်းချက်အရ ၂၀၁၄ ခုနှစ် အောက်တိုဘာလခန့်တွင် မန်တုံမြို့ အောင်ချမ်းသာရပ်ကွက်၌ မိဘများနှင့် အတူနေထိုင်စဉ် TNLA အဖွဲ့မှ ၎င်းတို့အဖွဲ့ထဲ ဝင်ရန် စည်းရုံးပြောဆိုလာခဲ့ကြောင်း နှစ်ပတ်ခန့် အကြာတွင် TNLA အဖွဲ့မှ အရပ်ဝတ် ဝတ်ဆင်ထားသော အမျိုးသားတစ်ဦးက ဆိုင်ကယ်ဖြင့် လာရောက်ခေါ်ဆောင်ခဲ့ကြောင်း၊ ၎င်းနှင့်အတူဘော်တွင်း-နမ္မတူ - မန်ဆာ - ညောင်ပင်လှ လမ်းကြောင်းအတိုင်း သွားရောက်ခဲ့ပြီး တောတွင်းရှိ ၎င်းတို့၏ စခန်းတွင် ၄၅ ရက်ခန့် သင်တန်းတက်ရောက်ခဲ့ရကြောင်း၊ သင်တန်းဆင်းပြီးနောက် TNLA အဖွဲ့မှ နယ်လှည့်ဆက်ဆံရေးရုံးတွင် အကခေါင်းဆောင် တာဝန်ထမ်းဆောင်ခဲ့ကြောင်းနှင့် ၂၀၂၁ ခုနှစ် ဧပြီလလမှ စတင်၍ TNLA အဖွဲ့မှ နုတ်ထွက်ခဲ့ကြောင်း၊ ထို့နောက် မိခင်ဖြစ်သူနှင့်အတူ လားရှိုးမြို့ အမှတ်(၁၀)ရပ်ကွက်သို့ပြောင်းရွှေ့နေထိုင်ခဲ့ပြီး TNLA အဖွဲ့မှ ဆက်ကြေးတာဝန်ခံအဖြစ် အမည်ခံ၍ ဆက်ကြေးများ ကောက်ခံနေခြင်းဖြစ်ကြောင်း သိရှိရသည်။

ၔင်းဖမ်းဆီးရမိတရားခံသည် ၂၀၂၁ ခုနှစ် အောက်တိုဘာမှ ၂၀၂၂ ခုနှစ် မေလ ၁၆ ရက်အထိ TNLA အဖွဲ့အမည်ခံ၍ လားရှိုး၊ မန္တလေး၊ ကျောက်ဆည်၊ တောင်ကြီးမြို့များ

TNLA အဖွဲ့အမည်ခံ၍ ဆက်ကြေးကောက်ခံလျက်ရှိသူ အောင်ကျော်မိုးနှင့် စိုင်းဆာအောင် တို့အား ဖမ်းဆီးရမိခဲ့သည့် နေရာပြပုံ။

ဆက်ကြေး ငွေကျပ် ၂၁၉၅၀၀၀ ကောက်ခံရရှိခဲ့ကြောင်း၊ ၂၀၂၂ ခုနှစ် မေ ၁၆ ရက်တွင် Royal Ground Hotel ၌ တည်းခိုနေထိုင်စဉ် နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များမှ တာဝန်သိပြည်သူများ၏ သတင်းပေးပို့မှုအရ ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်းနှင့် ဖမ်းဆီးရမိသူ နှစ်ဦးကို တရားဥပဒေအရ လိုအပ်သလို အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့် ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

နေပြည်တော် မေ ၁၇

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ပစ္စည်းများအား ရေကြောင်း၊ လေကြောင်းနှင့် ဆိပ်ကမ်းအသီးသီးမှ နေ့စဉ်လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိသည်။

ထိုသို့ထုတ်ပေးရာတွင် မေ ၁၇ ရက်၌ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကုမ္ပဏီ ၁၂ ခုမှ Zibus Tablet အခု ၁၃၃၂၅၀၊ Levowise Tablet အခု ၁၀၂၇၀၊ Omebit Capsule ၇၀၃၃ ခု၊ Adplatin Injection အခု ၈၀၀၊ Oa Ofloxacin Tablet ၅၀၀၃ ခု၊ ABC Tablet အခု ၆၈၈၈၀၊ Nectram Power for Injection ၃၁၇၂၅ ခု၊ Emflozin Tablet အခု ၂၉၅၈၀၊ Vibran Tablet ၂၂၉၅ ခု၊ Herceptin Infusion သုံးခု၊ Carditas Retard Tablet ၅၈၄၄ ခု၊ Rabium Tablet ၁၈၇၉၄ ခု၊ Emberta XR-25 Tablet ၉၇၂၇ ခု၊ Cetil Tablet အခု ၁၇၃ဖ၀၊ Claminat Sachet ၄၂ ခု၊ Contiflo OD Capsule ၂၅၈၂ ခု၊ Roliten Tablet အခု ၁၀၈၀၊ Encorate Chrono Tablet ၃၇၉၉ ခု၊ ရန်ကုန်ဆိပ်ကမ်းများမှ ဆေးဝါးမျိုးစုံ ၃၉ မျိုး စုစုပေါင်း ၈၀၂၃၅ ဒသမ ၇၄ Kg တို့ကို ထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

“ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ် ထုတ်လွှင့်မည်

နေပြည်တော် မေ ၁၇

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေ စိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများကို သဇင် FM ၏ “ ပြည်သူ့ကြားက ပြည်သူ့စကား”အစီအစဉ်မှ **“မိုးညှင်းမြို့နယ်၊ နန်းမားကျေးရွာအုပ်စု၊ နန့်စလော်ကျေးရွာရှိ ဒကို့ဏာဝန်မန် (တောင်ကျောင်း) ဘုန်းတော်ကြီးကျောင်းတိုက်အား အကြမ်းဖက်အဖွဲ့များက ဒရုန်းယာဉ်ဖြင့် ပစ်ချဖောက်ခွဲခဲ့သည့်ဖြစ်စဉ်”** ခေါင်းစဉ်ဖြင့် မေ ၁၈ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

အလားတူ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“ရှမ်းပြည်နယ် ရပ်စောက်မြို့နယ်ရှိ စစ်ဆေးရေးဂိတ်၌ အကြမ်းဖက်အဖွဲ့အစည်းများ၏ လက်နက်နှင့်ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိသည့် ဖြစ်စဉ်”**နှင့် ပတ်သက်သည့် ခေါင်းစဉ်ဖြင့် ဆွေးနွေး တင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည် ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှအဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် မေ ၁၇

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ ကုမ္ပဏီ တစ်ခု၊ ယာဉ်စီးရေ တစ်စီးဖြင့် နှာခေါင်းစည်း Mask (၇) တန် တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့် အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့်ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

သတင်းစဉ်

ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၇ - ၅ - ၂၀၂၂

ရွှေ

ရန်ကုန်	၁၆ ပဲရည်	ရောင်းဈေး	တစ်ကျပ်သား	ကျပ်	၂၀၄၀၀၀၀
ရန်ကုန်	၁၅ ပဲရည်	ရောင်းဈေး	တစ်ကျပ်သား	ကျပ်	၁၉၄၂၀၀၀
မန္တလေး	၁၆ ပဲရည်	ရောင်းဈေး	တစ်ကျပ်သား	ကျပ်	၂၀၄၀၀၀၀
မန္တလေး	၁၅ ပဲရည်	ရောင်းဈေး	တစ်ကျပ်သား	ကျပ်	၁၉၄၂၀၀၀

(အောင်သမာဓိမှ ရယူပါသည်)

စက်သုံးဆီ

စက်သုံးဆီ	လက်လီဈေး(ရန်ကုန်)	လက်လီဈေး(မန္တလေး)
ဒီဇယ်(တစ်လီတာ)	၂၂၅၅ ကျပ်	၂၃၀၀ ကျပ်
ပရီမီယံဒီဇယ်(တစ်လီတာ)	၂၂၈၀ ကျပ်	၂၃၄၀ ကျပ်
အောက်တိန်း ၉၂	၂၀၈၅ ကျပ်	၂၁၄၅ ကျပ်
အောက်တိန်း ၉၅	၂၁၄၅ ကျပ်	၂၂၀၅ ကျပ်

(SBP စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

နိုင်ငံတကာ ငွေကြေးများ

အမေရိကန်	တစ်ဒေါ်လာ	ကျပ်	၁၈၅၀ . ၀
ဥရောပ	တစ်ယူရို	ကျပ်	၁၉၃၈ . ၈
စင်ကာပူ	တစ်ဒေါ်လာ	ကျပ်	၁၃၃၄ . ၄
ထိုင်း	တစ်ဘတ်	ကျပ်	၅၃ . ၅၈၄
ဂျပန်	ယန်း ၁၀၀	ကျပ်	၁၄၃၀ . ၆
မလေးရှား	တစ်ရင်းဂစ်	ကျပ်	၄၂၁ . ၃၆
တရုတ်	တစ်ယွမ်	ကျပ်	၂၇၄ . ၀၁
အိန္ဒိယ	တစ်ရူပီး	ကျပ်	၂၃ . ၈၄၉

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အဝိတ်ဈေး (ကျပ်)	ရှယ်ယာစောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၇၆၀၀	၇၆၀၀	၁၀၀	၇၆၀၀၀၀
MTSH	၂၆၀၀	၂၆၅၀	၁၈၅၁	၄၈၇၉၆၅၀
MCB	၀	၀	၀	၀
FPB	၁၇၅၀၀	၁၇၅၀၀	၃၀၀	၅၂၅၀၀၀၀
TMH	၂၅၅၀	၂၅၅၀	၇၀	၁၇၈၅၀၀
EFR	၂၅၅၀	၂၆၀၀	၁၁၅	၂၉၆၀၀၀
AHP	၅၀၀၀	၅၀၀၀	၄၀၂	၁၉၉၀၀၀၀

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ်	- အောင်နိုင်ဦး
ခေတ္တစာတည်းမှူး	- မြင့်စိုး
သတင်းထောက်မှူး	- ခင်ရတနာ
စာတည်းများ	- ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန် စာတည်း	- ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်း သတင်းထောက်များ	- ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်း သတင်းထောက်များ	- နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မိမိဖြိုး၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံ သတင်းထောက်	- တင်စိုး
သုတေသန	- အိအိခင်နှင့် အဖွဲ့
စာပြင်	- အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	- သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း	- သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ်	- (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ်	- (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀۱۷-၃۱۶۰۶၂၂၊ စာတည်းအဖွဲ့ ၀۱۷-၃۱۶۰۶۹၅၊ ဖက်စ် ၀۱۷-၃۱۶۰۶۹၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅۱۶۰۶۹۲۰၉၊ မန်နေဂျာ ၀၁-၅۱۶۰۶۹۲۰۲၄၊ စီမံ ၀၁-۵۱۶۰۶۹۲۰۲၅၊ ဌေစာရင်း ၀၁-۵۱۶۰۶۹۲۰۲۶၊ ကြော်ငြာ ၀၁-۵۱۶۰۶۹۲۰۲۷၊ ၀၁- ۵۱۶۰۶۹۲۰۲۸၊ Fax ၀၁-۵۱۶۰۶۹۲۰۲۹၊ ၀۱۷-၃۱۶۰۶၄၊ ဖြန့်ချိရေး ၀၁-۵۱۶۰۶۹۲۰۲۰၊ Fax ၀၁-۵۱۶۰۶۹۲۰۲۱။

MYANMAR Digital News Presented by NPE
www.mdn.gov.mm

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၈-၅-၂၀၂၂ ဗုဒ္ဓဟူးနေ့

MRTV HD

- **၀၆:၀၀** ပေတ္တာသုတ်၊ရတနာသုတ်၊တောရွက်သုတ် အန္တရာယ်ကင်းပရိတ်တရားတော်
- **၀۷:၀၀** နံနက်ခင်းသတင်း
- **၀۸:၃၅** ပြည်သူ့အားလုံးနှင့်သက်ဆိုင်သော အနာဂတ်ဒီဇိုင်းကရစ်
- **၀۹:၁၀** စိုက်ပျိုးရေးဈေးကွက်
- **၀۹:۵۰** SEA Games Vietnam (Highlights)
- **၁၀:၀၀** သတင်းထဲကသတင်း
- **၁၀:၃၀** ရွှေယိမ်စုလင်းအာဆီယံအစီအစဉ်
- **၁၃:၀၀** MRTV National News
- **၁۷:၀၀** ‘ငွေတိမ်ယံအကြိုပ်’
- **၁۸:۵۹** အသိပညာနှင့်အမှန်တရား ‘ကိုယ်နှင့်စိတ်၏ကောင်းမြတ်သောကျင့်ဝတ် အတိုင်းနေထိုင်ခြင်းသည်မပဝါလာမည်၏’
- **၁۹:၁၅** ဇာတ်အလိုက်ကြေးမုံပြင်

mtv

- 07:01 Evergreen Classic: Kyun Nawt Htar Nay Bagan Pyay (Ye Htike)
- 07:08 Mote Pel Sote from Intaing Village
- 07:16 Gold from Garbage
- 07:27 Inlay Traditional Cotton Clothes
- 07:35 Shrinking Footprints
- 08:01 Awesome Myanma Sculptures
- 08:15 Insight Myanmar: Manuscription (Epi-3) Preservation of Ancient Manuscript
- 08:37 Ecotourism: Historic Pagodas and Intresting Places in Sagaing and Monywa Tourism Zone
- 08:54 Myanmar Street Foods
- 09:01 News
- 09:25 Global Partnership for Brighter Future: Montenegro Pavilion at Expo 2020 Dubai
- 09:36 The Banjoist
- 09:53 Tea

MRTV NRC

- **အနောက်ပြိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)** ကရင်စကားပုံများအကြောင်း(အပိုင်း-၁)
- **အရှေ့ပြိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)** နည်းမှန်စိုက်ပျိုးဝင်ငွေတိုး(သစ္စာစိုက်ပျိုးနည်း)
- **ချင်း (လိုင်ဇိုး) (၀၈:၀၀ မှ ၀၉:၀၀)** တစ်နိုင်တစ်ပိုင်ရိုးရာငါးပိပြုလုပ်ပုံ
- **ချင်း (ချိုး) (၀၉:၀၀ မှ ၁၀:၀၀)** ဘုံတလာရေတံခွန်အကြောင်း
- **မွန် (၁၁:၀၀ မှ ၁၂:၀၀)** ယော်လမ်ပြိုင်ပြိုင်ရှိုးအထင်ကရနေရာများ
- **ရခိုင် (၁၂:၀၀ မှ ၁၄:၀၀)** ဆွေသီနောင်များ:ဘာသာစကားဖြင့် ချစ်ကြည်စေမည်(အပိုင်း-၉)
- **ရှမ်း (၁۷:၀၀ မှ ၁۸:၀၀)** လူသားတို့ရဲ့ကျေးလူးရှင်ပျား
- **၀ (၁۸:၀၀ မှ ၁၈:၀၀)** မြင်းဈာရှက်နှင့်ကျန်းမာရေး
- **ကချင် (၁၈:၀၀ မှ ၂၀:၀၀)** တိုင်းရင်းဆေးရှာဖွေလေ့လာသိကောင်းစရာ
- **ကယား (၂၀:၀၀ မှ ၂၁:၀၀)** ကယားတိုင်းရင်းသားများရဲ့တာဘူး(ဇော်) တားမြစ်ချက်
- **ဝကကရင် (၂၁:၀၀ မှ ၂၂:၀၀)** ကမ္ဘာ့ဇလာဒီဌေနန်းတော်

MRTV NEWS

- **၀۸:၀၀** အဖွင့်၊တေးသီချင်း
- **၀۸:۵၀** အားကစားသတင်း
- **၀۹:၁၀** နိုင်ငံတကာသတင်း (LIVE)
- **၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
- **၁၂:၁၀** နိုင်ငံတကာသတင်း (LIVE)
- **၁۷:၀၀** MRTV National News
- **၁۹:၀၀** ပြည်တွင်းသတင်း (LIVE)
- **၁၇:၁၀** နိုင်ငံတကာသတင်း (LIVE)
- **၁۹:၀၀** ပြည်တွင်းသတင်း (LIVE)
- **၂၀:၀၀** ပြည်တွင်းသတင်း (LIVE)
- **၂၁:၀၀** ပြည်တွင်းသတင်း (LIVE)

MRTV PARLIAMENT

- **၀۹:၀၀** အဖွင့်၊အလံ
- **၀۹:၁၀** ဥပဒေရေးရာအဖြာဖြာဓာတ်လမ်းတို ‘ကိုယ်နှင့်ဝေဖိုင်ငယ်လည်း’
- **၁၀:၀၀** ပြည်ထောင်စုလွှတ်တော်ပွဲတော်မရှင် ၏ကြေညာချက်သတင်းများ
- **၁၀:၁၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၇)
- **၁၁:၀၀** Election Switzerland
- **၁၁:၁၀** အတွေးအမြင် (အပိုင်း-၇)

MRTV FARMERS'

- **၀۷:၀၀** အဖွင့်၊နိုင်ငံတော်သီချင်း၊နူတ်ခွန်းဆက်
- **၀۷:၀၂** တောင်သူလယ်သမားရေးရာသတင်း
- **၀۷:۵၅** ကမ္ဘာ့အလှပြန်မှာတော်ဝင်သစ်ခွ
- **၀۷:۵၀** သားငါးပွဲ.ပြိုးပြည်အကျိုး ‘ပုဇွန်ခြောက်စက်ရုံ အင်းလေးမြိုင်ဝက်မူဝုန် (မြိတ်မြို့)
- **၀۸:၂၀** ဓေတိမ်ပီအရည်အသွေးကောင်းရောင်းပန်းလှ
- **၀۸:၅၀** တောင်သူဦးကြီးဘဝမြှင့်တင်ဖို့ ကြယ်ပသီးနှံစိုက်ကြစို့
- **၀۹:၂၀** သာယာဝေ့ဂ်ရှင်ညောင်နှစ်ပင်

MRTV SPORTS

- **၀۷:၀၀** အဖွင့်
- **၀۷:၃၀** အခြေခံအားကစားနည်းစနစ်များ
- **၀۸:၀၀** Sports News
- **၀۸:၃၀** Soccer View/ Weekly Sports Info
- **၀۸:۵၅** အားကစားလောကထဲက သူတို့အကြောင်း
- **၀۸:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိပ် ဘောလုံးပွဲစဉ်များ
- **၂၀:၀၀** ပြည်တွင်းသတင်း

Education Channel ကို ၀၆နေ့ တနင်္လာနေ့ မှအစပြု နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME
www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

မြန်မာ့မွေးမြူရေးသုတေသနအတွက် မော်ကွန်းသစ်ဖွင့်လှစ်ခြင်း

မောင်ထွန်း(လူထုကျန်းမာ)

မြန်မာနိုင်ငံတွင် မွေးမြူရေးလုပ်ငန်းများဆောင်ရွက်ရန် ရေမြေအခြေခံကောင်းများစွာ တည်ရှိနေသည်။ ထို့ပြင် စိုက်ပျိုးမွေးမြူရေးကို အဓိကထား၍ အသက်မွေးဝမ်းကျောင်းပြုသည့် ကျေးလက်နေပြည်သူသည် နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းကျော်ရှိနေသည်။ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ရည်ရွယ်ဆောင်ရွက်ရာတွင် မွေးမြူရေးကဏ္ဍကို ချန်လှပ်ထား၍မရပေ။ သို့အတွက် မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ရည်ရွယ်ဆောင်ရွက်ရာတွင် နိုင်ငံ့စီးပွားရေးတိုးတက်မှုကို အထောက်အကူပြုစေနိုင်မည့် ကျေးလက်နေပြည်သူများ အကျိုးများစေမည့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် မွေးမြူရေးသုတေသနလုပ်ငန်းများဖြင့် ဖော်ထုတ်ဆောင်ရွက်ရမည်ဖြစ်သည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် အဖွဲ့ဝင်များက မွေးမြူရေးသုတေသနဦးစီးဌာနအဆောက်အအုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

“ ခေတ်မီဖွံ့ဖြိုးသော မွေးမြူရေးနည်းစနစ်များပေါ်ထွန်းလာစေရန်၊ မြန်မာနိုင်ငံ၏ မွေးမြူရေးလုပ်ငန်းများခေတ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်လာရန်နှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍဆိုင်ရာ အထူးပြုသုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာရန်တို့သည် အပြန်အလှန်ဆက်နွယ်တည်မှီနေသည့် အတွက် မွေးမြူရေးသမိုင်းတွင် ယခင်ကမရှိခဲ့သည့် မွေးမြူရေးဆိုင်ရာ သုတေသနလုပ်ငန်းများကို ခေတ်နှင့်အညီ တာဝန်ခံဆောင်ရွက်မည့် မွေးမြူရေးသုတေသနဦးစီးဌာနကို အသစ်ဖွဲ့စည်းကာ နိုင်ငံ့စီးပွား၊ ပြည်သူ့စီးပွားအတွက် အားစိုက်ဆောင်ရွက်”

သို့ဖြစ်၍ ခေတ်မီဖွံ့ဖြိုးသော မွေးမြူရေးနည်းစနစ်များပေါ်ထွန်းလာစေရန်၊ မြန်မာနိုင်ငံ၏ မွေးမြူရေးလုပ်ငန်းများခေတ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်လာရန်နှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍဆိုင်ရာ အထူးပြုသုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာရန်တို့သည် အပြန်အလှန်ဆက်နွယ်တည်မှီနေသည့်အတွက် မွေးမြူရေးသမိုင်းတွင် ယခင်ကမရှိခဲ့သည့် မွေးမြူရေးဆိုင်ရာ သုတေသနလုပ်ငန်းများကို ခေတ်နှင့်အညီ တာဝန်ခံဆောင်ရွက်မည့် မွေးမြူရေးသုတေသနဦးစီးဌာနကို အသစ်ဖွဲ့စည်းကာ နိုင်ငံ့စီးပွား၊ ပြည်သူ့စီးပွားအတွက် အားစိုက်ဆောင်ရွက်သွားမည် ဖြစ်သည်။

မွေးမြူရေးသုတေသနဦးစီးဌာနကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြီးကြပ်မှုအောက်ရှိ ဦးစီးဌာန/ တက္ကသိုလ်တို့မှ အရာထမ်း ၁၅ ဦး၊ အမှုထမ်း ၂၂ ဦး စုစုပေါင်းဝန်ထမ်း ၃၇ ဦးဖြင့် ပြည်ထောင်စုနယ်မြေ (နေပြည်တော်) ဇေယျာသီရိမြို့နယ် ရေဆင်း၌ ၂၀၂၂ ခုနှစ် ဧပြီလ ၁ ရက်နေ့တွင် အောင်မြင်စွာဖွင့်လှစ် ဖွဲ့စည်းထားပြီဖြစ်သည်။

မွေးမြူရေးအထူးပြု သုတေသနဌာနတစ်ခုဖွင့်လှစ်လိုက်ခြင်းသည် မြန်မာနိုင်ငံ၏ မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍ သုတေသနလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် သမိုင်းစာမျက်နှာသစ်တစ်ခုဖွင့်လှစ်နိုင်ခဲ့ခြင်းပင် ဖြစ်သည်။

မွေးမြူရေးသုတေသန ဦးစီးဌာနအနေဖြင့် အမျိုးသားအဆင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဆိုင်ရာ သုတေသနစနစ်တည်ထောင်ပြီး ကဏ္ဍ အလိုက် သုတေသနဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရန်၊ အစိုးရအဖွဲ့အစည်းများ၊ ကျွမ်းကျင်ပညာရှင်များ၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကကဏ္ဍတို့မှ အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်နိုင်သည့် နိုင်ငံတကာအဆင့်မီ သုတေသနအဖွဲ့အစည်းနှင့် အမျိုးသားအဆင့် သုတေသနနှင့် တိုးချဲ့ပညာပေးရေးစနစ်များ ထူထောင်၍ သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နိုင်ရန်၊ စားနပ်ရိက္ခာဖူလုံရေး၊ အာဟာရပြည့်ဝရေးနှင့် အစားအစာဘေးအန္တရာယ်ကင်းရှင်းစေရန်၊ မွေးမြူရေးနှင့် ရေလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေး အတွက် လိုအပ်သောနည်းပညာရရှိရေး ကူညီဆောင်ရွက်ပေးရန် ရည်ရွယ်ဆောင်ရွက်သွားမည် ဖြစ်သည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် အဖွဲ့ဝင်များ၊ မွေးမြူရေးသုတေသနဦးစီးဌာန ဖွင့်ပွဲအခမ်းအနားခ်ဉ် မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

ထို့အတူ မွေးမြူရေးနှင့်ရေလုပ်ငန်း ထွက်ကုန်များကို အခြေခံပြီး တန်ဖိုးမြှင့် ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ထုတ်ကုန်ပစ္စည်းများ နိုင်ငံတကာဈေးကွက်တွင် ယှဉ်ပြိုင်နိုင်စွမ်းရှိစေရေးကို အားပေးကူညီ ဆောင်ရွက်နိုင်ရန်၊ ပိုးမွှားရောဂါ ဆိုင်ရာ အန္တရာယ်ကင်းရှင်းရေး၊ မွေးမြူထုတ်လုပ်မှု အလေ့အကျင့်ကောင်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ တိရစ္ဆာန် သယံဇာတမပြုန်းတီးရေးနှင့် အရင်းအမြစ်များတိုးပွားရေး၊ ဒေသရေမြေရာသီဥတုနှင့်ကိုက်ညီသည့် မျိုးရိုးဗီဇရှိ တိရစ္ဆာန်များ ဖော်ထုတ်ထိန်းသိမ်းမွေးမြူရန်၊ သုတေသနနှင့် ပညာပေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် လူစွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်အကောင်အထည်ဖော်မည် ဖြစ်သည်။

ခေတ်မီနည်းပညာသုံး သုတေသနလုပ်ငန်းများ

ထိုကဲ့သို့ ရည်ရွယ်အကောင်အထည်ဖော်မည့် လုပ်ငန်းများ အောင်မြင်မှုရှိစေရန်အတွက် **ကဏ္ဍအလိုက်** သုတေသနလုပ်ငန်းများဖြင့် ဆောင်ရွက်သွားမည်ဖြစ်သည်။ သုတေသနလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဒေသအလိုက် စားနပ်ရိက္ခာ ဖူလုံရေးနှင့် အာဟာရပြည့်ဝသည့် မွေးမြူရေးနှင့် ရေလုပ်ငန်း ထုတ်ကုန်ဆိုင်ရာ၊ ရေရှည်တည်တံ့မည့် မွေးမြူရေးနှင့် ရေလုပ်ငန်းဆိုင်ရာ၊ အစားအစာသိပ္ပံဆိုင်ရာနည်းပညာနှင့် အရည်အသွေးမြင့်မားသည့် ထုတ်ကုန်များ ဖွံ့ဖြိုးရေးကွင်းဆက်ဆိုင်ရာ၊ မွေးမြူစီးပွားရေးနှင့် လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ၊ ကုန်းနေရေနေ တိရစ္ဆာန်မျိုးရိုးဗီဇနှင့် သဘာဝအရင်းအမြစ်များ ထိန်းသိမ်းခြင်းဆိုင်ရာ၊ မျိုးမွေးမြူထိန်းသိမ်းခြင်း၊ မျိုးကောင်းမျိုးသန့်အသစ်များ ဖော်ထုတ်ခြင်းဆိုင်ရာ၊ စေ့ကွက်ဝင်တန်ဖိုးမြှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ ထုတ်လုပ်မှုကွင်းဆက်ဆိုင်ရာနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဆိုင်ရာ သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးရေးနှင့် ဖြန့်ဝေခြင်းစသည့် သုတေသနလုပ်ငန်းရှစ်ရပ်ဖြင့် ဦးတည်ဆောင်ရွက်သွားမည် ဖြစ်သည်။

မွေးမြူသူလက်ဝယ်သို့ နည်းပညာလွှဲပြောင်းခြင်း

မွေးမြူရေးသုတေသန ဦးစီးဌာနအနေဖြင့် ဆောင်ရွက်သွားမည့် သုတေသနလုပ်ငန်းများ၏ ရလဒ်များကို **မွေးမြူရေးလုပ်ကိုင်သူ ပြည်သူများထံ အသိပညာ၊ နည်းပညာအဖြစ်ဖြန့်ဝေရန် အဓိက ရည်ရွယ်ထားသည်။** သို့မှသာ နည်းပညာနှင့် သုတေသနရလဒ်များကို မွေးမြူသူများရရှိကာ ပြန်လည်ဖြန့်ဝေအသုံးချခြင်းဖြင့် မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

ထို့ကြောင့် နည်းပညာနှင့် သုတေသနရလဒ်များကို မွေးမြူသူများသို့ လေ့ကျင့်သင်ကြားပညာပေးဖြန့်ဝေပေးနိုင်ရန် ပြည်ထောင်စုနယ်မြေ (နေပြည်တော်) အပါအဝင် တိုင်းဒေသကြီး/ ပြည်နယ်ကိုးခုတွင် အောက်ဖော်ပြပါ ကုန်းသတ္တဝါဆိုင်ရာ ဒေသသုတေသန စခန်းခုနစ်ခု၊ ရေသတ္တဝါဆိုင်ရာ ဒေသသုတေသနစခန်းခုနစ်ခု စုစုပေါင်း ဒေသဆိုင်ရာ သုတေသနစခန်း ၁၄ ခုဖြင့် ဖြန့်ကြက် ဆောင်ရွက်သွားမည်ဖြစ်သည် -

ကုန်းသတ္တဝါဆိုင်ရာ သုတေသနစခန်းများ

(၁) အပူပိုင်းဒေသ စားမြုံ့ပြန်သတ္တဝါ (ကျွဲ၊ နွား) သုတေသနစခန်း (ပွင့်ဖြူမြို့နယ်၊ မကွေးတိုင်းဒေသကြီး)။

(၂) အပူပိုင်းဒေသ စားမြုံ့ပြန်သတ္တဝါ အသားစားနွား၊ နို့စားနွား သုတေသနစခန်း (ပျော်ဘွယ်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး)။

(၃) အပူပိုင်းဒေသ စားမြုံ့ပြန်သတ္တဝါ (ကျွဲ၊ နွား၊ သိုး၊ ဆိတ်) သုတေသနစခန်း (မြိုင်မြို့နယ်၊ မကွေးတိုင်းဒေသကြီး)။

(၄) အအေးပိုင်းဒေသ စားမြုံ့ပြန်သတ္တဝါ(ကျွဲ၊ နွား၊ သိုး၊ ဆိတ်) သုတေသနစခန်း (ဆီဆိုင်မြို့နယ်၊ ရှမ်းပြည်နယ်)။

(၅) မိုးများရပ်ဝန်းဒေသ ဝက်၊ ကြက်နှင့် ဘဲမျိုးများ (ကြက်၊ ကြက်ဆင်၊ ငုံး၊ ဘဲငန်း၊ မန်ဒါလီ) သုတေသနစခန်း (ဘုရားကြီးမြို့၊ ပဲခူးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး)။

စာမျက်နှာ ၂၁ သို့

မြန်မာပြည်မြောက်ဖျား ပူတာအိုဒေသ၌ ရဝမ်ရိုးရာယဉ်ကျေးမှုပြတိုက် ဖွင့်လှစ်

မြစ်ကြီးနား မေ ၁၇

မြန်မာပြည်မြောက်ဖျား ပူတာအိုဒေသရှိ ရဝမ်တိုင်းရင်းသားလူမျိုးတို့၏ ရိုးရာယဉ်ကျေးမှု အမွေအနှစ်များနှင့် ယဉ်ကျေးမှုဓလေ့ထုံးစံများကို ဖော်ထုတ်ထိန်းသိမ်းပြသနိုင်ရေးအတွက် ၂၀၁၉-၂၀၂၁ ဘဏ္ဍာနှစ် ပြည်ထောင်စု အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေဖြင့် တည်ဆောက်ပြီးစီးသည့် ရဝမ်ယဉ်ကျေးမှုပြတိုက် ဖွင့်ပွဲကို မေ ၁၆ ရက် နံနက် ၉ နာရီတွင် ပူတာအိုမြို့ ဒုတ္ထန်ရပ်ကွက် ရဝမ်အမျိုးသားဥယျာဉ်အတွင်း ကျင်းပသည်။

ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန် ရဝမ်တိုင်းရင်းသားရိုးရာပြခန်းအတွင်း ကြည့်ရှုစစ်ဆေးစဉ်။

အခမ်းအနားတွင် ရဝမ်ယဉ်ကျေးမှုပြတိုက် မုခ်ဦးကို ပြည်နယ်သယံဇာတရေးရာဝန်ကြီး ဦးတိန့်ဆောင်၊ ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီး ဦးကျော်မင်းခိုင်၊ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး ဇော်ထွဋ်ဟန်၊ မြန်မာနိုင်ငံ ရဝမ်စာပေနှင့်ယဉ်ကျေးမှုအသင်း နာယက ဦးရယ်ဒမ်းတန်နှင့် ဥက္ကဋ္ဌ ဦးထုံဖူးဒဂုဏ်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က ပြတိုက်၏ ကမ္ဘည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ အမွေးနံ့သာရည်များဖြင့် ပက်ဖျန်းဆုတောင်းပေးပြီး ပြည်နယ်ဝန်ကြီးချုပ်က ပြတိုက်ကို မင်္ဂလာမောင်း ကိုးချက်တီး၍ ဖွင့်လှစ်ပေးသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ရေးရဝမ်တိုင်းရင်းသားတို့၏ လူနေမှုအဆက်ဆက်အသုံးပြုခဲ့သည့် ကျောက်၊ သစ်သား၊ ဝါးတို့ဖြင့် ပြုလုပ်ထားသည့် အိမ်သုံးပစ္စည်းများ၊ ဂီတနှင့် တူရိယာပစ္စည်းများ၊ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုများ၊ အမဲလိုက်ရာတွင်အသုံးပြုသည့် လက်နက်ပစ္စည်းများ၊ ရိုးရာဂျပ်ခုတ် ရက်ကန်းစင်၊ ရေခဲတောင်မှ ထွက်သည့် အဖိုးတန်ဆေးဝါးဖြစ်ပစ္စည်းများ စသည်တို့ကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရဝမ်စာပေနှင့် ယဉ်ကျေးမှုအသင်းမှ တာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားများနှင့်အတူ မနောတိုင်ဝင်း အတွင်း ပြတိုက်ဖွင့်ပွဲ အထိမ်းအမှတ် ရဝမ်တိုင်းရင်းသားတို့၏ ရိုးရာအဇီးလမ်အကအား ဒေသခံတိုင်းရင်းသားများနှင့်အတူ တပျော်တပါး အတူတကွ စုပေါင်းဆင်နွဲခဲ့ကြသည်။

ဆက်လက်၍ ဖုန်ကန်ရာဇီခန်းမ၌ ပြတိုက်ဖွင့်ပွဲ အထိမ်းအမှတ် အခမ်းအနားကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က ယနေ့ ရဝမ်တိုင်းရင်းသား ရှေးယခင်ဘိုးဘွားများ လက်ဆင့်ကမ်းထိန်းသိမ်းလာသည့် ဓလေ့ထုံးတမ်းအစဉ်အလာများ၊ ဝတ်စားဆင်ယင်မှုများ၊ အသုံးအဆောင်ပစ္စည်းများ၊ ကျွမ်းကျင်ခဲ့သည့် အတတ်ပညာများကို ဆက်လက် လက်ဆင့်ကမ်းထိန်းသိမ်းခွင့်ရရှိခဲ့ခြင်းအတွက် ဝမ်းမြောက်ဝမ်းသာဂုဏ်ယူပါကြောင်း၊ နောင်လာနောက်သားများကလည်း မွန်မြတ်သည့် အလုပ်တစ်ခုဖြစ်သည့်အတွက် ဆက်လက် လက်ဆင့်ကမ်းထိန်းသိမ်းရေးကို အလေးထား လုပ်ဆောင်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက်ပြည်နယ်ဝန်ကြီးချုပ်က ရဝမ်ယဉ်ကျေးမှုပြတိုက်အဆောက်အအုံအား မြန်မာနိုင်ငံ ရဝမ်စာပေနှင့်ယဉ်ကျေးမှုအသင်းဥက္ကဋ္ဌထံ လွှဲပြောင်းပေးအပ်ပြီး ဒေသခံတိုင်းရင်းသားမျိုးနွယ်စု ခေါင်းဆောင်များက ဒေသဖွံ့ဖြိုးတိုးတက်ရေး လိုအပ်ချက်များနှင့် ပတ်သက်၍ တင်ပြဆွေးနွေးမှုများအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။

အဆိုပါ ပူတာအိုမြို့ရှိ ရဝမ်ယဉ်ကျေးမှုပြတိုက်မူလအဆောက်အအုံသည် ဟောင်းနွမ်းပျက်စီးနေသည့်အတွက် ပြတိုက်အတွင်းရှိ ယဉ်ကျေးမှုအမွေအနှစ်များ ထိခိုက်ပျက်စီးသွားနိုင်သောကြောင့် မြန်မာနိုင်ငံ ရဝမ်စာပေနှင့်ယဉ်ကျေးမှုအသင်း၏ တင်ပြမှုကြောင့် အလျား ပေ ၁၀၀၊ အနံ ပေ ၅၀ ရှိ အဆောက်အအုံသစ် ဆောက်လုပ်နိုင်ရေး နိုင်ငံတော်အဆင့်မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ရန်ပုံငွေကျပ် ၃၉၇ သန်းခွဲပြုပေးခြင်းဖြစ်သည်။ ထို့အတူ ရဝမ်ယဉ်ကျေးမှုပြတိုက်အသစ်အတွင်း ရိုးရာပစ္စည်းစုံလင်ခမ်းနားစွာ ခင်းကျင်းပြသနိုင်ရေးအတွက် ကချင်ပြည်နယ်အစိုးရအဖွဲ့က မတည်ရန်ပုံငွေကျပ် သန်း ၃၀ ထပ်မံခွင့်ပြုပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ပြည်နယ် (ပြန်/ဆက်)

ဗန်းမောက်မြို့နယ် ကနန်းဒေသခန်းမ တည်ဆောက်ပြီးစီး

ဗန်းမောက် မေ ၁၇

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ် ကနန်းဒေသ စိတ်လိပ်စောကျေးရွာတွင် တိုင်းရင်းသားလူမျိုးများ ရေးရာဝန်ကြီးဌာန ထောက်ပံ့ငွေများနှင့် ပြည်သူလူထု၏ ထည့်ဝင်လှူဒါန်း ငွေများဖြင့် တည်ဆောက်ခဲ့သော "ကနန်းဒေသ" ခန်းမဆောင် အဆောက်အအုံကြီး ယခုအခါတည်ဆောက်ပြီးစီးသွားပြီဖြစ်သည်။

အဆိုပါ အဆောက်အအုံကို စစ်ကိုင်းတိုင်းဒေသကြီး တိုင်းရင်းသား လူမျိုးများရေးရာဝန်ကြီးဌာန၏ ထောက်ပံ့ရန်ပုံငွေကျပ် ၂၅၃၈၁၀၀၊ ကနန်းဒေသစိတ်အတွင်းရှိ ကျေးရွာ ၂၃ ရွာမှ ပြည်သူများ၏ ထည့်ဝင်ငွေများနှင့် သတ္တုတူးဖော်ရေးလုပ်ငန်းရှင်များ၏ ထည့်ဝင်လှူဒါန်းငွေများ စုစုပေါင်းငွေကျပ် ၂၆၈၀၁၀၀၀ တို့ဖြင့် အလျား ၉၂ ပေ၊ အနံ ၄၈ ပေနှင့် အမြင့် ၁၅ ပေ ရှိ အုတ်နံရံကပ် ခန်းမအဆောက်အအုံကို တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ယင်း အဆောက်အအုံတွင် စာပေရုံးခန်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးရုံးခန်း၊ ရိုးရာပွဲတော်ရုံးခန်းနှင့် ဇည့်သည်တော်များရုံးခန်းတို့ ပါဝင်ပြီး ယခုအခါ ရာနှုန်းပြည့်ပြီးစီးခဲ့ပြီဖြစ်ကာ (၅၄)နှစ်မြောက် ကနန်းတိုင်းရင်းသားရိုးရာပွဲတော်နှင့်အတူ ဖွင့်လှစ်ပေးခဲ့ကြောင်း ကနန်းဒေသ ခန်းမဆောင်ဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌ ဦးသာမောင်ထံမှ သိရသည်။

အဆိုပါ "ကနန်းဒေသ" ခန်းမအဆောက်အအုံတည်ဆောက်ပြီးစီးခဲ့ပြီဖြစ်၍ ကနန်းလူမျိုးများ၏ ယဉ်ကျေးမှုပွဲတော်များ၊ ရိုးရာပွဲတော်များ၊ အစည်းအဝေးများကို နေရာအခက်အခဲမရှိ ကျင်းပနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

လှိုင်ဘွား(ဗန်းမောက်)

ခရမ်းမြို့၌ ကိုဗစ် - ၁၉ ကာကွယ်ဆေး ဆက်လက်ထိုးနှံ ပေးလျက်ရှိ

ခရမ်း မေ ၁၇

ခရမ်းမြို့နယ်အတွင်းရပ်ကွက်ပေါင်း ၁၃ ရပ်ကွက်နှင့် ကျေးရွာစုစုပေါင်း ၁၅၃ ရွာရှိရာ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံခြင်းကို ဦးတည်အုပ်စုများအလိုက် ထိုးနှံပေးလျက်ရှိရာ မေ ၁၂ ရက်အထိ ကာကွယ်ဆေးပထမအကြိမ် ထိုးနှံပြီးသူ ၉၁၀၃၁ ဦး၊ နှစ်ကြိမ်ထိုးနှံပြီးစီးသူ ၈၂၃၃၀ နှင့် ထပ်ဆောင်းထိုးနှံပြီးစီးသူ ၁၉၉၈ ဦး အထိရှိပြီဖြစ်သည်။

ကိုဗစ်-၁၉ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံမည့်သူများနှင့် ဦးတည်အုပ်စုများအလိုက် အကြောင်းအမျိုးမျိုးကြောင့် ဆေးထိုးရန်ကျန်ရှိနေသူများကို အမှတ်(၂) ကြေးသွန်းဘုရားကြီးအတွင်းရှိ သာသနာ့ဗိမာန်ဓမ္မာရုံကြီးတွင် နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၃ နာရီအထိ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ဆက်လက်ထိုးနှံဆောင်ရွက်ပေးလျက်ရှိသည်။ **ကိုမင်း(ခရမ်း)**

စာမျက်နှာ ၂၀ မှ

(၆) အအေးပိုင်းဒေသ မြင်း၊ မြည်း၊ လား သုတေသနစခန်း (တောင်ခမ်း၊ နောင်ချိုမြို့နယ်၊ ရှမ်းပြည်နယ်)။

(၇) အပူပိုင်းဒေသ ပျား၊ နွားနောက်၊ မြင်း၊ အိမ်မွေးတိရစ္ဆာန်နှင့် တောရိုင်းတိရစ္ဆာန် သုတေသနစခန်း (ရွှေမြို့၊ တပ်ကုန်းမြို့နယ်၊ နေပြည်တော်)။

ရေသတ္တဝါဆိုင်ရာ သုတေသနစခန်းများ

(၁) ရေချိုငါးသုတေသနစခန်း (မန္တလေး၊ မန္တလေးတိုင်းဒေသကြီး)။

(၂) ရေချို/ ရေငန် ပုစွန်သုတေသနစခန်း (ချောင်းသာ၊ ဧရာဝတီတိုင်းဒေသကြီး)။

(၄) ရေငန်ငါးသုတေသနစခန်း (ကျွန်းစုမြို့၊ တနင်္သာရီတိုင်းဒေသကြီး)။

(၅) ရေငန်ပုစွန်သုတေသနစခန်း (ဝမော်၊ လောင်းလုံမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး)။

(၆) ရေငန်ငါး/ ပုစွန်သုတေသနစခန်း(သံတွဲမြို့နယ်၊ ရခိုင်ပြည်နယ်)။

(၇) အအေးပိုင်း ငါးသုတေသနစခန်း (ပူတာအိုမြို့၊ ကချင်ပြည်နယ်)။

မွေးမြူရေးသုတေသနဦးစီးဌာနကိုဖွဲ့စည်း၍ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍအတွက် အဓိကလိုအပ်ချက်များဖြစ်သည့် မျိုးကောင်းမျိုးသန့် ထုတ်လုပ်ပေးနိုင်ခြင်း၊ မျိုးစစ်များ ထိန်းသိမ်း၍ မျိုးပွားပေးနိုင်ခြင်းများ ဆောင်ရွက်နိုင်မည့်အပြင် ရောဂါများကြိုတင်ကာကွယ်ခြင်းနှင့် ကုသခြင်းဆိုင်ရာ လက်တွေ့အသုံးချနိုင်သော နည်းပညာများကို ပြည်သူလူထုကြားသို့ ဖြန့်ဝေပေးနိုင်မည် ဖြစ်သည်။

ထို့ပြင် တိရစ္ဆာန်အစာနှင့် ဆေးဝါးများ၏ အရည်အသွေးနှင့် စံချိန်စံညွှန်းကို စနစ်တကျ သုတေသနပြုစမ်းသပ်နိုင်မည်ဖြစ်ပြီး ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ နိုင်ငံတကာ အဆင့်မီ သုတေသနလုပ်ငန်းများ ဆောင်ရွက်ကာ စားနပ်ရိက္ခာဖူလုံရေးနှင့် အစားအသောက် ဘေးအန္တရာယ်ကင်းရှင်းရေးလုပ်ငန်းများကို အထောက်အကူပြုနိုင်မည် ဖြစ်သည်။

ထို့ကြောင့် မွေးမြူရေးသုတေသနဌာန ဖွင့်လှစ်နိုင်ခြင်းသည် မြန်မာနိုင်ငံ၏ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် သမိုင်းမော်ကွန်းသစ်တစ်ခု ရေးထိုးလိုက်နိုင်ခြင်းပင်ဖြစ်သည်။ မွေးမြူရေးသုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ နိုင်ငံ၏ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာပြီး မွေးမြူရေးနှင့် ရေလုပ်ငန်းထွက်ကုန်ပစ္စည်းများမှ ပြည်တွင်းတစ်ဦးချင်း အသား၊ ငါး၊ နို့၊ ဥ စားသုံးနှုန်းများ ဖူလုံလာစေမည်ဖြစ်သည်။ ပြည်တွင်းစားသုံးမှုမှ ပိုလျှံသည်များကို ပြည်ပတင်ပို့နိုင်ခြင်းဖြင့် မွေးမြူရေးနှင့်ရေလုပ်ငန်းမှ နိုင်ငံသားတစ်ဦးချင်းဝင်ငွေတိုးတက်လာစေမည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

Google I/O 2022 တွင် ပြသခဲ့သော ထုတ်ကုန်နှင့် နည်းပညာသစ်များ

နည်းပညာကုမ္ပဏီကြီးတစ်ခုဖြစ်သော ဂူဂဲလ်(Google)၏ နှစ်စဉ်ကျင်းပသော Developer's conference ဖြစ်သည့် Google I/O 2022 ကို အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ်၌ ပြီးခဲ့သော မေ ၁၁ ရက်နှင့် ၁၂ ရက်က ကျင်းပခဲ့ပြီး အခမ်းအနားကျင်းပပုံများကို Youtube မှတစ်ဆင့် တိုက်ရိုက်လွှင့်၍ ပြသခဲ့သည်။ Google I/O 2022 တွင် မြန်မာနိုင်ငံအပါအဝင် တစ်ကမ္ဘာလုံးမှ အန်းဒရွိုက်ဖုန်းသုံးသူများ အားလုံး အသုံးပြုနေသော အန်းဒရွိုက်စက်လည်ပတ်မှုစနစ်၏ နောက်ထွက်မည့် အန်းဒရွိုက် ၁၃ ဘီတာဗားရှင်း၊ ဘာသာပြန်ခြင်းကို အထောက်အကူပြုသည့် AR နည်းပညာသုံး မျက်မှန်များ၊ ပို၍အသေးစိတ်ကျလာမည့် ဂူဂဲလ်မြေပုံစနစ်၊ အသစ်ထွက်မည့် Pixel 7 နှင့် 7 Pro ဖုန်းများ အပါအဝင် အခြား ထုတ်ကုန်သစ်များနှင့် နည်းပညာသစ်များကို မိတ်ဆက်ခဲ့သည်။ ဂူဂဲလ်၏ ထုတ်ကုန်များဖြစ်သည့် အန်းဒရွိုက်စနစ်၊ ဂူဂဲလ် ရှာဖွေရေးအင်ဂျင်၊ ဂျီမေးလ်နှင့် ဂူဂဲလ်မြေပုံ(Google Maps)စသည်တို့သည် မြန်မာနိုင်ငံအတွင်းမှ ပြည်သူအများအပြား တွင်ကျယ်စွာ အသုံးပြုနေသည်ဖြစ်ရာ ယခုတစ်ပတ်တွင် Google I/O 2022 မှ ထုတ်ကုန်သစ်အချို့ကို စုစည်းဖော်ပြလိုက်ပါသည်။ နည်းပညာသစ်များကို နောက်တစ်ပတ်တွင် ဆက်လက်ဖော်ပြသွားပါမည်။

Android 13 ဘီတာဗားရှင်း

အန်းဒရွိုက်စနစ်၏ နောက်ထွက်မည့် အန်းဒရွိုက် ၁၃ ဘီတာဗားရှင်းတွင် လက်ရှိအသုံးပြုနေပြီဖြစ်သည့် အန်းဒရွိုက် ၁၂ တွင် စတင်ပါဝင်လာခဲ့သော Material You လုပ်ဆောင်ချက်ကို ပိုမိုအဆင့်မြှင့်တင်မှုများ ပါဝင်လာသည်ကို တွေ့ရသည်။ ထို့အပြင် အန်းဒရွိုက် ၁၃ တွင် အသုံးပြုသူ၏ လုံခြုံရေးအတွက် အဆင့်မြှင့်တင်မှုများလည်း ပါဝင်လာပြီး အသုံးပြုသူများ၏ ID ကိုတင်ပြီး ငွေပေးချေမှုများ၊ ဖြတ်သန်းခွင့်များနှင့် ဒစ်ဂျစ်တယ် ID များအဖြစ် အသုံးပြုနိုင်မည့် Google Wallet လည်း ပါဝင်လာနိုင်ကြောင်း ကြေညာခဲ့သည်။

ဂူဂဲလ်ကထုတ်ထားသည့် Pixel ဖုန်းများနှင့် မိတ်ဖက် ဖုန်းကုမ္ပဏီ အချို့၏ ဖုန်းများအတွက် အန်းဒရွိုက် ၁၃ ဘီတာဗားရှင်းကိုလည်း ထိုနေ့မှာပင် ထုတ်ပေးခဲ့ပြီး Developer အနေဖြင့် စမ်းသပ်အသုံးပြုလိုသူများသည် မိမိတို့ဖုန်းနှင့် ကိုက်ညီပါက အန်းဒရွိုက် ၁၃ ဘီတာဗားရှင်းကို developer.android.com ဝက်ဘ်ဆိုက်မှတစ်ဆင့် ရယူ၍ စမ်းသုံးနိုင်ပြီဖြစ်သည်။ သို့ရာတွင် ဘီတာဗားရှင်းများသည် အမှားအယွင်းများစွာ ပါဝင်နေသေးသော စမ်းသပ်ဆဲဗားရှင်းဖြစ်၍ သာမန်အသုံးပြုသူများ စမ်းသပ်သုံးစွဲရန်မသင့်သေးပေ။



Pixel စမတ်နာရီ

ဂူဂဲလ်သည် ၎င်း၏ ပထမဆုံး စမတ်နာရီအသစ်ဖြစ်သည့် Pixel Watch ကိုလည်း အကြိုအနေဖြင့် မိတ်ဆက်ခဲ့သည်။ အဆိုပါ Pixel Watch တွင် စမတ်နာရီအတွက် သီးသန့်စက်လည်ပတ်မှုစနစ်ဖြစ်သည့် WearOS စတင်ပါဝင်လာမည်ဖြစ်ပြီး ဝတ်ဆင်ထားသူ၏ နှလုံးခုန်နှုန်း၊ ခြေလှမ်းရေတွက်ခြင်း စသည်တို့ အပါအဝင် ကျန်းမာရေးကိုအထောက်အကူပြုမည့် လုပ်ဆောင်ချက်များနှင့် အန်းဒရွိုက်ထုတ်ကုန်များနှင့် ချိတ်ဆက်နိုင်မည့် လုပ်ဆောင်ချက်များ ပါဝင်လာမည်ဟု သိရသည်။ ပို၍အသေးစိတ်ကျသော အချက်များကိုမူ ကြေညာခြင်းမရှိသေးသလို ရောင်းချမည့်အချိန်ကိုလည်း မသိရသေးဘဲ Pixel ဖုန်းအသစ်များဖြစ်သည့် Piexl 7 နှင့် Pixel 7 Pro တို့နှင့်အတူ ယခုနှစ်ဆောင်းဦးတွင် စတင်ရောင်းချနိုင်ဖွယ်ရှိကြောင်းသာ သိရသည်။



Pixel 6a စမတ်ဖုန်း

Google I/O 2022 တွင် ဂူဂဲလ်က ယခင်ထုတ်ထားသည့် Pixel 6 ဖုန်း၏ တန်ဖိုးနည်းဖုန်းအမျိုးအစားဖြစ်သည့် Pixel 6a ကိုလည်း ပြသခဲ့သည်။ Pixel 6 ကဲ့သို့ပင် Pixel 6a တွင် ဂူဂဲလ်၏ကိုယ်ပိုင် Tensor ပရိုဆက်ဆာကို ထည့်သွင်းထားပြီး RAM 6 GB နှင့် မင်မိုရီ 128 GB ပါဝင်မည်ဖြစ်သည်။ မျက်နှာပြင်အကျယ်မှာ ၆ ဒသမ ၁ လက်မရှိမည်ဖြစ်ပြီး 4306 mAh ဘက်ထရီ ပါဝင်သည်။

Pixels ဖုန်းများတွင် A–series များသည် ပို၍စျေးသက်သာသော ဘတ်ဂျက်ဖုန်းအမျိုးအစားများဖြစ်သော်လည်း Pixel ၏ စွမ်းဆောင်ရည်များနီးပါး ရှိသောကြောင့် အသုံးပြုသူများ စိတ်ဝင်စားမှုမြင့်မားသည့် ဖုန်းအမျိုးအစားများဖြစ်သည်။ ကိုယ်ထည်အရောင် သုံးရောင်နှင့် ရရှိနိုင်မည်ဖြစ်ပြီး ဇူလိုင် ၂၁ ရက်တွင် အွန်လိုင်းမှလည်းကောင်း၊ ဇူလိုင် ၂၈ ရက်တွင် စတိုးဆိုင်များမှလည်းကောင်း ၄၄၉ ဒေါ်လာဖြင့် စတင်ရောင်းချမည်ဖြစ်ကြောင်း သိရသည်။

Pixel Buds Pro နားကြပ်

ဂူဂဲလ်၏ ယခင်ကထုတ်ထားသော Pixel Buds နားကြပ်များထက် စွမ်းဆောင်ရည်ပိုင်း ပိုမိုကောင်းမွန်သော Pixel Buds Pro ကြိုးမဲ့နားကြပ်များကိုလည်း ပြသခဲ့သည်။ ဒီဇိုင်းပိုင်းမှာ ယခင်ထွက်ထားသော Pixel Buds နားကြပ်များနှင့် ဆင်တူသော်လည်း Pixel Buds Pro နားကြပ်များတွင် ဆူညံသံများကို စစ်ထုတ်ပယ်ဖျက်ခြင်း၊ အသံအတိုးအကျယ်ကို ချိန်ညှိပေးနိုင်သည့် Equalizer ၊ လက်ဖြင့်နှိပ်ရန်မလိုဘဲ Hey Google ဟုပြော၍ Google Assistant ကို ခေါ်နိုင်သည့်စနစ်၊ တစ်ကြိမ်အားသွင်းရုံဖြင့် ခုနစ်နာရီဆက်တိုက်သုံးနိုင်သည့် ပို၍အားကောင်းသောဘက်ထရီ စသည်တို့အပြင် အခြားစွမ်းဆောင်ရည် အသစ်များ ပါဝင်သည်။ Pixel 6a နှင့်အတူ ဇူလိုင် ၂၁ ရက်တွင် အွန်လိုင်းနှင့် ဇူလိုင် ၂၈ ရက်တွင် စတိုးဆိုင်များ၌ စတင်ရောင်းချမည်ဖြစ်ပြီး စျေးနှုန်းမှာ ၁၉၉ ဒေါ်လာဖြစ်ကြောင်း သိရသည်။

Pixel 7 ဖုန်းသစ်များ

ဂူဂဲလ်သည် အသစ်ထွက်မည့် Pixel ဖုန်းများဖြစ်သော Pixel 7 နှင့် Pixel 7 Pro တို့၏ စွမ်းဆောင်ရည်အချို့နှင့် ပြင်ပကိုယ်ထည်ဒီဇိုင်းများကိုလည်း မိတ်ဆက်ပြသခဲ့သည်။ လက်ရှိထွက်ထားသော Pixel 6 ဖုန်းများကဲ့သို့ ကျောဘက်ကင်မရာများသည် ကင်မရာဘားပေါ်တွင် ပါဝင်နေသော်လည်း ကင်မရာသုံးလုံးသည် ကင်မရာဘားပေါ်တွင် သိသာစွာ အရောင်ကွဲထွက်နေမည်ဖြစ်၍ Pixel 6 ထက်ပို၍ ဒီဇိုင်းပိုင်းတွင် လှပနေမည်ဖြစ်သည်။

ပရိုဆက်ဆာအနေဖြင့် ဂူဂဲလ်၏ ကိုယ်ပိုင် Tensor ပရိုဆက်ဆာများ၏ နောက်ဆုံးမျိုးဆက်သစ်များ ပါဝင်လာမည်ဖြစ်သော်လည်း ပရိုဆက်ဆာအကြောင်း အပါအဝင် အခြား အသေးစိတ်အချက်များကို ထုတ်ပြန်ခြင်းမရှိသေးပေ။ Pixel 6 ဖုန်းများသည် အန်းဒရွိုက် ၁၂ ကို ပထမဆုံးရရှိသောဖုန်းများ ဖြစ်သကဲ့သို့ အသစ်ထွက်လာမည့် Pixel 7 နှင့် 7 Pro တို့သည် အန်းဒရွိုက် ၁၃ ပထမဆုံး စတင်ပါဝင်လာမည့် ဖုန်းများ ဖြစ်လာမည်ဖြစ်သည်။ ယခုဆောင်းဦးရာသီတွင် စတင်ရောင်းချနိုင်ဖွယ်ရှိကြောင်း သိရသည်။



Pixel တက်ဘလက်

ဂူဂဲလ်သည် ၂၀၁၅ ခုနှစ်က Pixel C နှင့် ၂၀၁၈ ခုနှစ်က Pixel Slate တက်ဘလက် နှစ်မျိုးတည်းကိုသာ ထုတ်လုပ်ခဲ့ပြီးနောက် ယခု တတိယမြောက်တက်ဘလက် ဖြစ်လာမည့် တက်ဘလက်မော်ဒယ်သစ်တစ်မျိုးကိုလည်း ပြသခဲ့သည်။ စက်လည်ပတ်မှုစနစ်အဖြစ် အန်းဒရွိုက် ၁၃ နှင့် ဂူဂဲလ်၏ကိုယ်ပိုင် Tensor Chip ပါဝင်မည့်အချက်မှလွဲ၍ အသေးစိတ်အချက်များကိုမူ ပြောကြားခဲ့ခြင်းမရှိပေ။ သို့သော် ရိုးရှင်းသော ကိုယ်ထည်ဒီဇိုင်းပိုင်းအရ စွမ်းဆောင်ရည်အသင့်အတင့်သာရှိသော တန်ဖိုးနည်း တက်ဘလက်အမျိုးအစား ဖြစ်လာနိုင်သည်ဟု နိုင်ငံတကာမှ ကျွမ်းကျင်သူများက ခန့်မှန်းနေကြသည်။

ကိုစိုး
ကိုးကား – io.google/2022 , digitaltrends.com

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3P/1665, KIA PICANTO, H/B(4x2) ယာဉ်လက်ဝယ်ရှိသူ ဦးနေမင်းထွန်း ၉/ပဌလ(နိုင်)၀၅၅၁၀၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)
ရန်ကုန်မြို့

ပြင်ဆင်ဖတ်ရှုပါရန်

၁၇-၅-၂၀၂၂ရက်ထုတ် ဤသတင်းစာစာမျက်နှာ(၂၈)ပါ ကျန်းမာရေးဝန်ကြီးဌာန၊ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းကြော်ငြာတွင် ရှမ်းပြည်နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာနအစား ရှမ်းပြည်နယ် ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
မြန်မာအမျိုးသားလေကြောင်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာအမျိုးသားလေကြောင်းမှ ၂၀၂၂-၂၀၂၃ ခု၊ ဘဏ္ဍာရေးနှစ် ရုံးသုံးစက်သုံးဆီ(PHSD)များအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံရောင်းချမည့်ရက် - ၂၀-၅-၂၀၂၂ရက်
၃။ တင်ဒါလျှောက်လွှာ - ၃၀-၅-၂၀၂၂ရက်၊ (ရုံးချိန်အတွင်း တင်သွင်းရန်)
နောက်ဆုံးတင်သွင်းရမည့်ရက်
၄။ အိတ်ဖွင့်တင်ဒါဖွင့်မည့်ရက် - ၃၁-၅-၂၀၂၂ရက်
၅။ အသေးစိတ် သိရှိလိုပါက အောက်ပါ ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်-

မြန်မာအမျိုးသားလေကြောင်း
ဈေးနှုန်းစိစစ်ဝယ်ယူရေးကော်မတီ
ဖုန်း-၀၁-၃၇၁၃၃၀၊ ၀၉-၅၀၇၀၉၃၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
ကုသရေးဦးစီးဌာန
ရန်ကုန်မြို့၊ မျက်စိရောဂါအထူးကုဆေးရုံကြီး
အမှတ်(၃၀)၊ နတ်မောက်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွက် ရန်ကုန်မြို့၊ မျက်စိရောဂါအထူးကုဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသော လူနာများအား ကုသပေးရန် လိုအပ်သော အောက်ဖော်ပြပါ FDA အသိအမှတ်ပြု ဆေးနှင့်ဆေးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါသဖြင့် အစိုးရအသိအမှတ်ပြု ကုန္ဓဏီများထံမှ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

(က) FDA အသိအမှတ်ပြု ဆေးဝါးများ
(ခ) ဓာတ်ခွဲခန်းသုံး ပစ္စည်းများ
(ဂ) ဓာတ်မှန်ဖလင်များ
(ဃ) ဆေးရုံသုံး ပစ္စည်းများ(Consumables)

၂။ တင်ဒါပုံစံ ရောင်းချမည့်ရက် - ၁၇-၅-၂၀၂၂ရက် (အင်္ဂါနေ့)
တင်ဒါဖိတ်မည့်ရက်နှင့်အချိန် - ၃၀-၅-၂၀၂၂ရက်၊(တနင်္လာနေ့)
မွန်းတည့် ၁၂:၀၀ နာရီ
၃။ တင်ဒါစည်းမျဉ်း စည်းကမ်းချက်များ၊ ဆေးပစ္စည်းများနှင့် ပတ်သက်၍ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ရန်ကုန်မြို့၊ မျက်စိရောဂါ အထူးကုဆေးရုံကြီး၊ ဆေးရုံအုပ်ကြီးရုံးသို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

ဆေးရုံအုပ်ကြီးရုံး
မျက်စိရောဂါ အထူးကုဆေးရုံကြီး၊ ရန်ကုန်မြို့
ဖုန်း-၀၁-၅၄၉၁၇၀

ပြည်မြို့နယ်စာရေးဆရာအသင်း နှစ်ပတ်လည်စည်းဝေး

ပြည် မေ ၁၇

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်စာရေးဆရာ အသင်း နှစ်ပတ်လည် အစည်းအဝေးကို မေ ၁၇ ရက်နံနက်ပိုင်းက ပြည်မြို့ ရန်အောင်မင်္ဂလာကင်း ဘုရားကြီး ဓမ္မာရုံတွင် ကျင်းပသည်။

အခမ်းအနားတွင် ပြည်မြို့နယ်စာရေးဆရာ အသင်း ဥက္ကဋ္ဌ ဒေါက်တာ ယဉ်ဝေ(ယဉ်ဝေလွင်-ပြည်) က အဖွင့်အမှာ စကားပြောကြားသည်။

ဆက်လက်၍ အသင်းအလုပ်အမှုဆောင် အဖွဲ့ကို အသင်းဝင်များက ရွေးချယ်တင်မြှောက်ရာ ဥက္ကဋ္ဌ ဒေါက်တာ ယဉ်ဝေလွင် (ယဉ်ဝေလွင်-ပြည်)၊ အတွင်းရေးမှူး ဦးဇော်လွင်ဦး (ရည်ဇော်မောင် - ပြည်)၊ တွဲဖက် အတွင်းရေးမှူး ဦးဝင်းနိုင်(သက္ကာဦး-ပညာရေး)၊ ဘဏ္ဍာရေးမှူး ဦးရွှေဝင်း (မောင်ရွှေဝင်း-ပြည်)၊ အလုပ်အမှုဆောင် အဖွဲ့ဝင်များအဖြစ် ဒေါ်နန်းဝေ (နန်းမုံဝေ-ပြည်)၊ ဦးအောင်စိုး(အောင်စိုး-ပြည်)၊ ဦးလှမျိုးနိုင် (လေးနိုင်-ရွှေသိုင်း)နှင့် မြန်မာနိုင်ငံစာရေး ဆရာအသင်း

တတိယအကြိမ် ညီလာခံ ကိုယ်စားလှယ် အဖြစ် ဒေါ်နန်းနန်းဝေ(နန်းမုံဝေ-ပြည်) ကို ရွေးချယ်တင်မြှောက်ကြသည်။

မောင်ရွှေဝင်း(ပြည်)

၇မြို့နယ်တွင် သစ်စိမ်းမြေသြဇာ (ပိုက်ဆံလျှော်) စိုက်ပျိုးပွဲကျင်းပ

၇ မေ ၁၇

ရခိုင်ပြည်နယ် ၇မြို့နယ် စိုက်ပျိုးရေး ဦးစီးဌာနက ၂၀၂၂ ခုနှစ် သစ်စိမ်းမြေသြဇာ (ပိုက်ဆံလျှော်) စိုက်ပျိုးပွဲ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် ရဟိုင်းကွင်းကျေးရွာ ဘက်စုံအဆင့်မြင့် နည်းပညာသုံး စံပြကျေးရွာရှိ တောင်သူ ဦးမောင်ငယ်၏ လယ်မြေတွင် သရုပ်ပြဆောင်ရွက်သည်။ **(ယာဝုံ)**

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးဇာနည်ကျော်က အမှာစကား ပြောကြားပြီး ၇မြို့နယ် စိုက်ပျိုးရေး ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးကျော်ထွန်းလင်းက သစ်စိမ်းမြေသြဇာ (ပိုက်ဆံလျှော်) စိုက်ပျိုးပြသခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ သစ်စိမ်းမြေသြဇာ (ပိုက်ဆံလျှော်) ထည့်သွင်းခြင်း စံပြကွက်တွင် ဧက ၅၀ စိုက်ပျိုးခြင်းဖြစ်ပြီး အခမ်းအနားတက်ရောက်လာသူများက သစ်စိမ်းမြေသြဇာ (ပိုက်ဆံလျှော်) ကြေပက်စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ တောင်သူများ တက်ရောက်ကြကြောင်း သိရသည်။ **ရွှေရည်ဝင်းကျော်(ပြန်/ဆက်)**

တရားမဝင် သစ်မျိုးစုံ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ ဒီဇယ်ဆီများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် မေ ၁၇

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ မေ ၁၃ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မြန်မာစက်မှုဆိပ်ကမ်းကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ တာဝန်ကျ အကောက်ခွန်အဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားခြင်းမရှိသော ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၃၀၅၀၀၀)ကို ဖမ်းဆီးရမိ ခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မေ ၁၇ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့ ၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်နှင့် တောင်ငူခရိုင် သစ်တောကြိုးဝိုင်းများအတွင်း တရားမဝင် သစ်မျိုးစုံ ၆ ဒသမ ၁၀၉၆ တန်၊ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၄၈၉၄၀၆)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တော ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့ ၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ကန့်ဘလူမြို့နယ် အတွင်း တရားမဝင်ဒီဇယ်ဆီ (ချက်ဆီသန့်)၁၅၉၇၅ ဂါလန်၊ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၂၇၈၀၀၀၀) နှင့် အဆိုပါဒီဇယ်ဆီများ တင်ဆောင်လာသည့် ၁၂ ဘီး ကုန်တင်ယာဉ်လေးစီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၄၀၀၀၀၀၀)ကို ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေအရလည်းကောင်း၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က မုံရွာမြို့နယ်အတွင်း လိုင်စင်မဲ့ CANTER အမျိုးအစား မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၀၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ စုစုပေါင်း (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၇၃၈၀၀၀၀) ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်၍ မေ ၁၃ ရက်နှင့် ၁၇ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၂ မှု၊ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၇၉၅၄၄၄၆) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**

ပျောက်ဆုံးကြောင်း

ဦးသက်လွင်မျိုး ၇/ပခန(နိုင်)၂၃၃၂၄ ကိုင်ဆောင်သူမှ Top Kyel Sin, Win Co.,Ltd. ၏ အကောက်အခွန်ဦးစီးဌာနမှ ထုတ်ပေးသော သွင်းကုန်ကြေညာလွှာအမှတ် ID-135445မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၈၅၀၇၅၁၅

အမည်မှန်

လယ်ဝေးမြို့၊ အထက(ခွဲ) ကုန်းသာမှ တတိယတန်း အောင်မြင်ပြီးသူ မောင်ကြယ်ဇင်လင်း(ဘ)ဦးကြည်ဖိုး၏ အမည်မှန်မှာ မောင်ကြယ်စင်လင်း ဖြစ်ပါကြောင်း။

မောင်ကြယ်စင်လင်း

ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 5A/5872 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မိတ္ထီလာ)**

ဖခင်အမည်မှန်

တောင်သာမြို့နယ်၊ တစ်မိုက်သာ အထက ဒသမတန်းမှ မောင်နေရဲရင့်၏ ဖခင်အမည်မှန်မှာ ဦးမြတ်မင်းအောင် ၉/တသန(နိုင်)၀၉၄၃၃၂ ဖြစ်ပါကြောင်း။

ဦးမြတ်မင်းအောင်

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3G/1770, Toyota Landcruiser UZT100 Station Wagon (4x4)R ယာဉ်လက်ဝယ်ရှိသူ ဦးနောင်ဂျာ ၁၃/ကခန(နိုင်)၀၀၀၃၁ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2J/2501, Toyota Kluger ACU20 Station Wagon (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးဝီဆံလှ ၁၃/သပန(နိုင်)၀၃၂၃၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ
အင်ဂျင်နီယာသင်တန်းသားများ
အလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့တွင် အသက် ၁၆ နှစ်အောက်မငယ်ရ၊ ၁၉ နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို) ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် ၅ ပေ၊ ၃ လက်မနှင့်ကိုယ်အလေးချိန်ပေါင် ၁၀၀ ထက်မနည်းရ၊ ပေါင် ၁၄၀ ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲအား သိပ္ပံဘာသာတွဲ၊ သို့မဟုတ် ဝိပ္ပံဘာသာတွဲဖြင့် အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူပြီး ၁၈-၄-၂၀၂၂ ရက်နေ့မှ စတင်၍ ၁၉-၆-၂၀၂၂ ရက်နေ့ထိ နောက်ဆုံးထား လျှောက်ထားနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ၁ လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ ၃ ပုံကို ပူးတွဲတင်ပြရမည်။

၄။ သတ်မှတ်ချက်နှင့်ပြည့်စုံသူများသည် အရည်အချင်းစစ်စာမေးပွဲကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်ဖြစ်သည်-

(က) အင်္ဂလိပ်စာ ။ နံနက် ၉ နာရီမှ ၁၁ နာရီထိ။

(ခ) သင်္ချာ ။ နေ့လယ် ၁ နာရီမှ ၃ နာရီထိ။

၅။ ဖြေဆိုမည့်သင်တန်းသားများသည် တိုင်းစစ်ဌာနချုပ်များသို့ ၂၀၂၂ ခုနှစ်၊ ဇွန်လ ၂၀ ရက်နေ့မှ ၂၄ ရက်နေ့အတွင်း သတင်းပို့ရမည်ဖြစ်ပြီး တိုင်းစစ်ဌာနချုပ်များမှ ဇွန်လ ၂၈ ရက်နေ့အရောက် ကျောင်းသို့ပို့ဆောင်ပေးရမည် ဖြစ်သည်၊

၆။ အရည်အချင်းစစ်စာမေးပွဲကို တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံတွင် ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၄ ရက်နေ့တွင် ဖြေဆိုကြရမည်ဖြစ်ပါသည်။

၇။ အရည်အချင်းစစ်စာမေးပွဲအောင်စာရင်းအား ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်နေ့တွင် ထုတ်ပြန်ပေးမည်ဖြစ်ပြီး အောင်မြင်သူများသည် သင်တန်းတစ်ပါတည်းတက်ရောက်ရမည်ဖြစ်ပြီး မအောင်မြင်သူများအား တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် သက်ဆိုင်ရာသို့ ပြန်လည်စေလွှတ်သွားမည်ဖြစ်သည်။

၈။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ် ကျပ် ၁၆၈၀၀၀/- ၊ ဒုတိယနှစ် ကျပ် ၁၇၄၀၀၀/- ၊ တတိယနှစ် ကျပ် ၁၈၀၀၀၀/- ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် ရာထူးအဆင့်လိုက်သတ်မှတ်လစာနှင့်စရိတ်များ ခံစားခွင့်ရှိသည်။

၉။ သင်တန်းပြီးဆုံးပါက အောက်ပါအတိုင်းခံစားခွင့်ရှိသည်-

